# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကိုဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏ ။

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၄၅)


၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၈၃)


# ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိဖြေရှင်းနိုင်မှသာ အောင်မြင်မည်

# ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့နယ်ပယ်တွင် အောင်မြင်အောင် အကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၁၂

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဝင်းခိုင်နှင့် ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် ဘဏ်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကကဏ္ဍ ဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုသာ


စာမျက်နှာ ၃ ကော်လံ ၁ ◆




ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်

# ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမပေါ် မြေပြိုမှုကြောင့် လမ်းပိတ်ဆို့



**ကျော်စိုး(ကော့သောင်း)**

**ကော့သောင်း ဇူလိုင် ၁၂**

ကော့သောင်းမြို့၌ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းသဖြင့် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ကော့သောင်း- ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီး ရွှေပြည်စိုးကျေးရွာအုပ်စု အပိုင် မိုင်တိုင်အမှတ်(၄) လမ်းဘေး တောင်တန်းများပေါ်မှ မြေပြိုလမ်းပိတ်ဆို့မှု ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါနေ့ နံနက်ပိုင်းမှ စတင်ကာ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းခဲ့ရာမှ ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီး ရွှေပြည်စိုးကျေးရွာအုပ်စုအပိုင် မိုင်တိုင်အမှတ်(၄) လမ်းဘေးရှိ ဇိနဗုဒ္ဓဘုန်းကြီးကျောင်း


စာမျက်နှာ ၃ ကော်လံ ၅ ✻


# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် သုံးပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ သုံးပေခန့်၊ မော်လိုက်မြို့၌ ခြောက်ပေခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့၌ လေးပေခွဲခန့်စီနှင့် မုံရွာမြို့၌ တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့၊


စာမျက်နှာ ၃ ကော်လံ ၅ ❍





မြန်မာ့အလင်း

# တတိယမဏ္ဍိုင်၏ ကျန်းမာရေး

ဥပဒေဟူသည် အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းဖြစ်သည်။ တရားဥပဒေဟူ၍လည်းဆိုကြသေးရာ မှန်ကန်သော၊ တရားသဖြင့်ဖြစ်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်သည်။ တရားဥပဒေသည် လူတို့၏စိတ်ကို မကောင်းမှုဒုစရိုက်သို့လိုက်ပါစေခြင်း မရှိစေရန်၊ သတိတရားလက်ကိုင်ထား၍ ကျင့်ကြံပွားများ အားထုတ်ကြစေရန်၊ လူ့ဘောင်လောက အေးချမ်းသာယာစေရန်၊ လူ့အခွင့်အရေးတို့ ပြည့်ဝကြစေရန် စည်းကမ်းစနစ်တို့ကျင့်သုံးဖော်ညွှန်းကာ အများပြည်သူတို့၏အကျိုးကို ရည်မျှော်၍ ပြဋ္ဌာန်းကြရခြင်းဖြစ်ပြီး တရားဥပဒေ၏ အနှစ်သာရတို့ကို ပြည်သူတို့ရရှိခံစားနိုင်ကြရမည် ဖြစ်သည်။

ဥပဒေနှင့်အညီတရားစီရင်ရာတွင် အများပြည်သူတို့၏ယုံကြည်ကိုးစားမှုရရန်မှာလည်း အဓိကအရေးကြီးသည်။ တရားစီရင်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊ဥပဒေအရ ကန့်သတ်ချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊ ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊နယ်မြေအေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊ ဥပဒေကို ပြည်သူများက နားလည်လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေး၊ ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး၊ ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ရေးတို့သည် တရားစီရင်ရာတွင် အခြေခံကြရမည့်၊ လက်ကိုင်ထားကြရမည့်မူများပင်ဖြစ်သည်ကို တရားသူကြီးတိုင်း သိရှိထားကြပြီးဖြစ်သည်။မြန်မာ့ရိုးရာ ဓမ္မသတ်ကျမ်းများအရ ဆန္ဒ၊ ဒေါသ၊ဘယာ၊မောဟ ဟူသည့် အဂတိတရားများသို့ မလိုက်ခြင်း၊ ချစ်ဖွယ်သောစကားကို ဆိုခြင်း၊ ကောင်းစွာသောစကားကို ဆိုခြင်း၊ တရားစောင့်ခြင်း၊ တရားမှန်ခြင်း၊ တည်ကြည်ရဲရင့်ခြင်း၊ တော်တည့်ဖြောင့်မှန်ခြင်း၊ သီလရှိခြင်း ၊ အမျိုးကောင်းခြင်း၊ တရားသူကြီးဖြစ်ထိုက်သည့် ဂုဏ်ရှိခြင်း၊ ဓမ္မသတ်ကျမ်းဂန်လက်ကိုင်ထားခြင်း၊ ကျွမ်းကျင်လိမ္မာခြင်းတို့သည် တရားသူကြီးတို့၏ ဂုဏ်အင်္ဂါများအဖြစ် ပြဆိုထားရာ တရားသူကြီးများသည် အကျင့်သီလစင်ကြယ်သူ၊ လူ့ဂုဏ်သိက္ခာထိန်းသိမ်းသူ၊ မှန်သောစကား ကောင်းသောစကားတို့ကိုသာ ချစ်ခင်ဖွယ်ရာပြောဆိုသူ၊ တရားနှင့်အညီပြုကျင့်သူများဟုဆိုရမည် ဖြစ်သည်။

ပြီးခဲ့သည့်ဇူလိုင် ၁၀ ရက်က ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်သွင်းခဲ့ရာ တရားစီရင်ရေးကဏ္ဍတွင် အများစုပြောင်းလဲမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ တရားရုံးများတွင် တရားသူကြီးများ၏ ပြည်သူအပေါ်ဆက်ဆံရေးမှာ များစွာပြောင်းလဲလာခြင်းကို မတွေ့ရကြောင်း၊ ပြည်သူအပေါ်ဆက်ဆံရေးတွင် မောက်မာနေဆဲဖြစ်သည်ကို ကြားသိနေရကြောင်း၊ မလိုအပ်ဘဲဖြစ်စေ၊ ဘက်လိုက်၍ဖြစ်စေ ရုံးချိန်းမကြာခဏပေးခြင်း၊ဝရမ်းနှင့်သမ္မန်စာအတည်ပြုသည့် ကိစ္စများတွင် လိုလျှင်လိုသလို အတည်ဖြစ်စေပြီး မလိုလျှင်ဝရမ်းနှင့် သမ္မန်စာအကြိမ်ကြိမ်ထုတ်စေပြီး အမှုကို နှောင့်နှေးအောင် လုပ်သည်ကိုတွေ့ရှိရကြောင်း၊ တရားသူကြီးအချို့မှာဥပဒေကို လက်တစ်လုံးခြား ပြုလုပ်၍ သုံးသပ်ကြကြောင်း မိမိအနိုင်ပေးလိုသော အမှုသည်၏ သက်သေကိုသာ အသားပေးသုံးသပ်ကြောင်း စသည့် အချက်အလက်များပါရှိသည်ကို သတင်းများတွင် ဖတ်ရှုရသည်။

"တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်းအများမြင်စေရာသည်"ဟူ၍ မြန်မာနိုင်ငံစီရင်ထုံးတစ်ခုတွင် ဖော်ညွှန်းထားခဲ့ရာ တရားသူကြီးတို့၏ တာဝန်ယူမှု ၊တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုတို့ကို အလေးအနက်ဖြစ်စေရေး လမ်းညွှန်မှုဟူ၍ ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီ နိုင်ငံတော်ကြီး အခိုင်အမာဖြစ်ထွန်းလာရေးတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်နှစ်ရပ်နှင့်အတူ တတိယမဏ္ဍိုင်ဖြစ်သည့် တရားစီရင်ရေးမဏ္ဍိုင်ကြီး မယိမ်းမယိုင် ဖြောင့်မတ်မှန်ကန်ခိုင်မာစေရေးနှင့် အများပြည်သူ ယုံကြည်ကိုးစားလာစေရေးတို့အတွက် ဆိုင်ရာတို့က အားထုတ်ကြိုးပမ်းနိုင်ကြပါစေကြောင်း။ ။

ထင်သာမြင်သာ ပြုပြင်စေရာ

## ကချင်ပြည်နယ်မိုးညှင်းမြို့လယ်ရှိ သံတံတားကြီးအားအချိန်မီပြုပြင်ဆောင်ရွက်ပေးရန်လို



ကချင်ပြည်နယ် မိုးညှင်းမြို့၏ မြို့အလယ်ကောင်တည့်တည့်ကို ဖြတ်သန်းသွားသည့် သံတံတားကြီးတွင် ကွာဟနေသော တံတားပေါ်ရှိ သံပြားအားပြုပြင်ပေးရန် မိုးညှင်းမြို့ဒေသခံများက လိုလားလျက်ရှိသည်။

အဆိုပါ သံတံတားကြီးကို ၂၀၀၂ ခုနှစ်ဩဂုတ် ၁ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်ဖေဖော်ဝါရီ ၁၄ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းသံတံတားကြီး၏ ရေလယ်ပိုင်းနှင့် ကုန်းမြေအား ထိစပ်သောနေရာရှိ သံပြားမှာ မကြာခဏ ကွာဟပျက်စီးနေသဖြင့် ဒေသခံများ သွားလာရာတွင် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

"အစကတော့အဆင်ပြေပေမယ့် အခုကျတော့ရေလယ်ပိုင်းတံတားနဲ့ ကုန်းမြေနှစ်ဖက်ဆက်စပ်ထားတဲ့ သံပြားက ခဏခဏပြုတ်ထွက်နေပါတယ်။ နေ့စဉ် ဆိုင်ကယ်၊ စက်ဘီးတွေနဲ့ ကျောင်းတက်နေရတဲ့ ကျောင်းသားကျောင်းသူတွေအတွက် အခက်အခဲဖြစ်နေပါတယ်။ ယင်းတံတားအနီးဘေးပတ်ဝန်းကျင်ကလည်း ဆိုင်ကယ်နဲ့ ကားတွေဖြတ်လို့ သံပြားရဲ့ ဆူညံသံကြောင့် ညအချိန်မှာပါ အိပ်လို့မရကြပါဘူး။ ဒါကြောင့် တံတားကြီး ကြံ့ခိုင်ရေးအတွက်မကြာခဏပြုပြင်ပေးဖို့လိုအပ်ပါတယ်"ဟု ဒေသခံ ကိုထွန်းက ပြောသည်။

အဆိုပါ မိုးညှင်းမြို့လယ်ရှိ သံတံတားကြီးကို ၂၀၀၃ ခုနှစ်နိုဝင်ဘာ ၃၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ပြည်သူ့ဆောက်လုပ်ရေးဌာနမှ ပြုပြင်မှုများရှိသော်လည်း ချွတ်ယွင်းမှု များရှိလာကြောင်း၊ ယခုလက်ရှိပျက်စီးမှုအခြေအနေကို ပြန်လည်ပြုပြင်ပေးရန်အတွက် မိုးညှင်းမြို့ဒေသခံပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ (မော်လူး )**



လှိုင်မြို့နယ် အမှတ် (၁၃) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၁၀ ရက်က သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နှင့် မှုခင်းအသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး နေစင်းက ဟောပြောဆွေးနွေးစဉ်

မီးမီး(လှိုင်)

## ပန်းချီဆရာကြီးဦးဘဉာဏ် အထိမ်းအမှတ်ပန်းချီပြပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာပန်းချီလောက၏ ဖခင်ကြီးပန်းချီဆရာကြီး ဦးဘဉာဏ်နှစ်(၁၂၀)ပြည့် အထိမ်းအမှတ်ကြေးသွန်းရုပ်တုထားရှိရေးနှင့် အခမ်းအနားကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံးပါဝင်သော ရန်ပုံငွေပန်းချီပြပွဲကြီးအား အမျိုးသားပြတိုက်(ရန်ကုန်)၌ ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်နှင့် ဆရာကြီးပန်းချီလှတင်ထွန်းတို့က ဆရာကြီးဦးဘဉာဏ်၏ဘဝဖြစ်စဉ်နှင့် အနုပညာခရီးစာတမ်းများအား ဂုဏ်ပြုဖတ်ကြားမည်ဖြစ်သည်။ ယင်းပန်းချီပြပွဲအတွင်း ရောင်းချရသည့် ပန်းချီကားများ ရောင်းရငွေမှ ၅၀ရာခိုင်နှုန်းကို ဆရာကြီးကြေးရုပ် နှစ်ရုပ်ထားရှိနိုင်ရေး၊ ဆရာကြီးကွယ်လွန်သည့် မော်လမြိုင်မြို့နယ် ကတိုးကော့နပ်ကျေးရွာရှိ မန်းကျောင်း၌ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းသွားမည်ဖြစ်သည်။ ပန်းချီကားများကို ဇူလိုင် ၂၃ရက်တွင် အမျိုးသားပြတိုက် (ရန်ကုန်)သို့ ပို့ပေးရမည်ဖြစ်ပြီး ဆရာကြီး၏ လက်ရာမွန်ပန်းချီကားများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပန်းချီကိုမောင်ကျော်သန်း ဖုန်း-၀၉-၄၃၀၆၆၈၂၇ သို့စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **ထင်ကျော်(မြန်မာ့အလင်း)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၂-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ .၀ |
| ဥရောပ | တစ်ယူရို | ၁၅၅၃ .၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ .၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ .၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ .၀၇ |
| တရုတ် | တစ်ယွမ် | ၂၀၀ .၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ .၈၅ |


မြန်မာ့အလင်း

၁၂၇၃ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

**တိုင်းသူပြည်သား လူအများဟာ ဥမကွဲ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုပဲ တိုက်တိုက်၊ ရှို့ရှို့၊ စစ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁-၁-၁၉၄၇ ရက်နေ့တွင် ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



◆ *ရှေ့ဖုံးမှ*

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီနှင့် စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်း ကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ပုဂ္ဂလိက အခန်းကဏ္ဍကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ကြမှသာ တိုးတက်အောင်မြင်မည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိဖြေရှင်းနိုင်မှသာ ပုဂ္ဂလိကအခန်းကဏ္ဍချောမောအောင်မြင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံပွဲများတွင် လုပ်ငန်းရှင်များ၏ ကဏ္ဍပေါင်းစုံ အသီးသီးမှ အကြံပြုချက် ၁၀၂ ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီများသို့ ပေးပို့ခဲ့ရာ ပြန်ကြားချက် ၉၉ ချက်ကို ရရှိ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစည်းအဝေးများ၌သာမက လက်တွေ့နယ်ပယ်များတွင်ပါ ပိုမိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် Doing Business အစီရင်ခံစာအရ လုပ်ငန်းကဏ္ဍ ၁၀ ရပ်၏ ညွှန်းကိန်းရမှတ်များအပေါ်၌ နိုင်ငံအလိုက် အဆင့်သတ်မှတ်ရာတွင် မိမိတို့နိုင်ငံအဆင့် ကောင်းမွန်စေရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက တာဝန်ခံ၍ ကြိုးစားဆောင်ရွက်ကြစေ လိုပါကြောင်း၊ သို့မှသာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက Doing Business အစီရင်ခံစာနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေများနှင့် မျှော်မှန်းချက်များကို ညွှန်းကိန်းနယ်ပယ်များအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆွေးနွေးရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

# လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၆/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)**
**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်နှင့် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းတို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င) နှင့်ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆ ၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်ဖော်ပြပါ အရာရှိကြီးများကို ယှဉ်တွဲပါ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီး မျိုးမင်းနောင် — ကရင်ပြည်နယ်အစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး အောင်စိုးမိုး — ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

✱ *ရှေ့ဖုံးမှ*

အပေါ်ဘက် တောင်ကြောကားလမ်းမှ အမြင့်ပေ ၁၅၀ ခန့်၊ အရှည်ပေ ၁၀၀ ဝန်းကျင်ခန့် မြေသားထုများ ပြိုကျမှုဖြစ်ပွားကာ ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် စက်ယန္တရားများ အင်အားများအသုံးပြု စုပေါင်းရှင်းလင်းဖယ်ရှားခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် ယာဉ်အသွားအလာများ ပုံမှန်ဖြတ်သန်းသွားလာနိုင်ခဲ့သည်။

ဖြစ်စဉ်ကြောင့် လမ်းပေါ်ဖြတ်သန်းသွားလာလျက်ရှိသည့် လူနှင့်ယာဉ်များ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ မဖြစ်ပေါ်ခဲ့သော်လည်း တစ်နာရီကျော်ခန့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

◯ *ရှေ့ဖုံးမှ*

မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ ပေဝက်ခန့်စီ၊ နောက်သုံးရက်အတွင်း မင်းကင်းမြို့၌ တစ်ပေခန့်နှင့် မုံရွာမြို့၌ ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်း အသိပညာမျှဝေမှုဖိုရမ်ဆက်လက်ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်အား ထုတ်ပြန်ကြေညာသည့် အခမ်းအနားနှင့် ဆက်စပ်၍ "ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်း အသိပညာမျှဝေမှုဖိုရမ်ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ယနေ့ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

ဖိုရမ်၏ ပထမပိုင်းအစီအစဉ်တွင် "ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အတွင်းစိတ်မှ လှုံ့ဆော်သော ထက်သန်တက်ကြွမှု-သက်သေအထောက်အထားများ တည်ဆောက်ခြင်း " ခေါင်းစဉ်အောက်တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ Global Center for Public Service Excellence မှ အကြီးတန်းအကြံပေးအရာရှိ ဒေါက်တာနိုက်ဂျယ်ဂိုးက "အတွင်းစိတ်မှ လှုံ့ဆော်သော ထက်သန်တက်ကြွမှုအကြောင်း ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုတစ်ခု၏ အကျိုးကျေးဇူးများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စင်ကာပူနိုင်ငံ လီကွမ်ယု ပြည်သူ့ရေးရာမူဝါဒကျောင်းမှ ဒေါက်တာ ဇီကာဗန်ဒါဝါက "ပါကစ္စတန်နှင့် ကာဇတ်စတန်ရှိ ပြည်သူ့ဝန်ထမ်းများအား ရှေ့ပြေးလေ့လာမှု-တွေ့ရှိချက်များနှင့် ရရှိသော သင်ခန်းစာများ" ခေါင်းစဉ်ဖြင့် လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်တွင် အဖွဲ့လိုက်ဆွေးနွေးခြင်းကို ဆောင်ရွက်ရာ "သုတေသနနည်းလမ်းများ-ပညာရပ်ပိုင်းဆိုင်ရာ 'ပြည့်စုံမှု' နှင့် လက်တွေ့ဖြစ်ရပ်မှန်များ ဟန်ချက်ညီမျှတစေမှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အတွင်းမှ လှုံ့ဆော်သော ထက်သန်တက်ကြွမှုအကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုတွင် ပါဝင်မည့် အကြောင်းအရာများ"၊ "ဆေးရှဲပြည်သူ့သမ္မတနိုင်ငံ၏ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ပြည်သူ့ကဏ္ဍ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများ"၊ "စင်ကာပူသမ္မတနိုင်ငံ ပြည်သူ့ဝန်ထမ်းများအား အလုပ်သမားကဏ္ဍတွင် စေ့စပ်ညှိနှိုင်းခြင်း" နှင့် "မော်ဒိုဗာနိုင်ငံ၏ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ပြည်သူ့ကဏ္ဍ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံ သင်ခန်းစာများ " စသော အကြောင်းအရာများအပေါ် အဖွဲ့ လေးဖွဲ့ ခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် အသိပညာမျှဝေမှု ဖိုရမ်ပြီးမြောက်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ "ပြည်သူ့ဝန်ထမ်းထက်သန်တက်ကြွမှုအကြောင်း ကမ္ဘာလုံးဆိုင်ရာလေ့လာမှုအား မိတ်ဆက်ခြင်း" ကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) Global Center for Public Service Excellence မှ အကြီးတန်းအကြံပေးအရာရှိ ဒေါက်တာနိုက်ဂျယ်ဂိုးက ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ "ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုတွင် စတင်ပါဝင်ဆောင်ရွက်သော နိုင်ငံများ၏ လုပ်ဆောင်မှု " ကို ဘရာဇီးနိုင်ငံမှ မစ္စတာ ဆာရဂိုက ရှင်းလင်းကာ ဘူတန်နိုင်ငံ တော်ဝင်နိုင်ငံ့ဝန်ထမ်းကော်မရှင် ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၏ ဗီဒီယိုမှတ်တမ်းများကို တင်ပြပြီး ကင်ညာနိုင်ငံမှ မစ္စတာ ဒန်းအိုလစ်၊ မော်ဒိုဗာနိုင်ငံမှ မစ္စ ဆက်လီနာမစ်ကာနှင့် ဆေးရှဲနိုင်ငံမှ မစ္စ ဟယ်လန်မစ်ချယ်တို့က ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက "မြန်မာနိုင်ငံမှ ပြည်သူ့ဝန်ထမ်းများ လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွမှုအား နိုင်ငံအတွင်းနှင့် ဒေသတွင်းရှိ ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဦးစားပေးကိစ္စအဖြစ် သတ်မှတ် မှု" အကြောင်းကို နိဂုံးချုပ်ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**(မိုး/ဇလ)**

# မူလတောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်ပွဲကျင်းပ

❖ *ကျောဖုံးမှ*

စိစစ်ပြီး ဧရိယာ ၂၀၈ ဒသမ ၃၅ ဧကကို ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်၊ မြေဧရိယာ ၁၄၀ ဒသမ ၅၁ ဧကကို ၂၀၁၇ ခုနှစ် မတ်လတွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း။

ယနေ့ အခမ်းအနားတွင် ပြန်လည် လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် မြေဧရိယာအတွင်းမှ မြေဧရိယာ ၃၂၂ ဒသမ ၂၆ ဧကအား တောင်သူ ၁၁၈ ဦးကို ထပ်မံပေးအပ်နိုင်ခဲ့သည့်အတွက် အလွန် ဝမ်းမြောက်ဖွယ်ကောင်းသည့် နေ့ဖြစ်ပြီး ပြန်လည်စွန့်လွှတ်ပေးအပ်ခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နှင့် ပြန်လည်လက်ခံနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ပေးကြသည့် မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် ကော်မတီ အဆင့်ဆင့်ကို အသိအမှတ်ပြုရမည် ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် သိမ်းဆည်း ခံမြေယာများကို မူလပိုင်ရှင်များ ထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး စိစစ် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အချို့ အမှုအခင်းကိစ္စများတွင် ဥပဒေနှင့်အညီ တရားရုံးကသာ ဖြေရှင်းပေးနိုင်မည့် ကိစ္စရပ်များဖြစ်သည်ကို တွေ့ရသည့် အတွက် အချိန်ယူဖြေရှင်းရမှုမျိုး ရှိနိုင် ကြောင်း။

အလွှာစုံဖြင့် ဖွဲ့စည်းထားသည့် မိမိတို့ ကော်မတီအဆင့်ဆင့်အနေဖြင့် မြေပြင်ကွင်းဆင်းပြီး ကာယကံရှင် တောင်သူများနှင့် တွေ့ဆုံညှိနှိုင်းဖြေရှင်း ခြင်းများကို မှန်မှန်နှင့်မြန်မြန် ဆောင် ရွက်ပေးသွားရန်လိုကြောင်း၊ အကြောင်း အမျိုးမျိုးကြောင့် လယ်ယာမြေကို စွန့်ခွာ သွားသူများလာသည့်အတွက် လယ်ယာ လုပ်သားရှားပါးမှုနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ကြုံတွေ့ လာရသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုများကြောင့် တောင်သူများ အနေဖြင့် ထုတ်လုပ်မှုစရိတ်ကို ကာမိ အောင် သီးနှံဈေးနှုန်းမရသည့် အခြေ အနေကို သက်သာအောင် ကုစားပေးနိုင် ရေးကိုလည်း မိမိတို့အနေဖြင့် အလေး ထား ဆောင်ရွက်နေကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် သီးနှံ ပေါ်ချိန်၌ ထိုက်သင့်သည့်ဈေးနှုန်း ရရှိစေ ရေး၊ စိုက်ပျိုးရေးစရိတ်ချေးငွေ ပိုမို တိုးတက်ရရှိစေရေးနှင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန် မြှင့်ဆောင်ရွက်ရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လယ်ယာထွက်ကုန်များအတွက် ခိုင်မာသည့်ဈေးကွက်များ ဖော်ထုတ်ပေး ခြင်းဖြင့် မိမိတို့တောင်သူလယ်သမားများ အနေဖြင့် လူမှုစီးပွားဘဝများ မြင့်မား တိုးတက်လာမည်ဖြစ်ပြီး လယ်ယာကို ပစ်၍ ရေခြားမြေခြားတွင် လက်လုပ် လက်စား သွားရောက်လုပ်ကိုင်ရသည့် အဖြစ်မျိုးများမှ တားဆီးကာကွယ်နိုင် မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည့်အတွက် စိုက်ပျိုးမြေများရရှိရေး၊ စိုက်ပျိုးမြေများ ဖော်ထုတ်လုပ်ကိုင်ရေး သည် အဓိကကျ အရေးပါနေသည့် အတွက် တောင်သူများလက်ဝယ် စိုက်ပျိုး မြေများရောက်ရှိရေး ကြိုးပမ်းဆောင် ရွက်နေသကဲ့သို့ တောင်သူများအနေ ဖြင့်လည်း လုပ်ကိုင်ခွင့်ရရှိသည့် မြေယာ များကို တန်ဖိုးထားပြီး စိုက်ပျိုးရေး လုပ်ငန်းကို သားစဉ်မြေးဆက် လုပ်ကိုင် သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအတွင်းရေးမှူးက မတ္တရာ မြို့နယ် ရေနံ့သာကျေးရွာအုပ်စု အနာကြီးဆေးရုံမှ ပြန်လည်စွန့်လွှတ် သည့်မြေများအား နံ့သာမြိုင်ကျေးရွာ မူလတောင်သူ ၁၁၈ ဦးထံသို့ ယာယီ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)များ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆောင် ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တောင်သူကိုယ်စားလှယ်ထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) ပေးအပ်စဉ် (သတင်းစဉ်)

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးတင်မြင့်နှင့် ဒေါက်တာ တင်ထွဋ်တို့က မတ္တရာမြို့နယ် ရေနံ့သာ ကျေးရွာအုပ်စု အနာကြီးရောဂါဆေးရုံမှ ပြန်လည်စွန့်လွှတ်သည့်မြေများကို နံ့သာ မြိုင်ကျေးရွာမှ မူလတောင်သူများ ကိုယ်စား တောင်သူကိုယ်စားလှယ်များထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) များကို ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် မတ္တရာမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးများသို့ ရောက်ရှိပြီး ပြည်သူများအား ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သို့ ရောက်ရှိပြီး ဇူလိုင် ၅ရက်က အသည်း အစားထိုးကုသမှုခံယူခဲ့သည့် ဒေါ်ဝင်းမြ နှင့် အသည်းလှူဒါန်းခဲ့သည့် ၎င်း၏တူမ ဖြစ်သူ မနီလာဝင်းတို့အား ကြည့်ရှု အားပေးစကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတအား ဆေးရုံကြီးခန်းမ၌ အသည်းခွဲစိတ်ကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးရှိန် အေးက အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့မှုများကို လည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်မိုး က ဆေးရုံဆိုင်ရာ အချက်အလက်များ၊ ဌာနနှင့် ကုသဆောင်အခြေအနေ၊ အထူး ကုဌာနများ ဖွဲ့စည်းထားမှု၊ ဝန်ထမ်း အင်အားနှင့် ဖြည့်ဆည်းပေးရန် လိုအပ် ချက်များကိုလည်းကောင်း ရှင်းလင်း တင်ပြသည်။

မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးအနေဖြင့် အသည်းအစားထိုး ကုသမှုကို ပထမဆုံး အောင်မြင်စွာခွဲစိတ် ကုသနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် မုံရွာမြို့သို့ ရောက်ရှိပြီး ပြည်သူများအား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင် ရွက်ပေးနေမှုကို ကြည့်ရှုကာ ဝန်ထမ်းများ ဆောင်ရွက်ပြီးသည့် စာရွက်စာတမ်းများ ကို ပြည်သူများထံ ပေးအပ်ခြင်း၊ ဝန်ထမ်း များအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်း များ ဆောင်ရွက်သည်။

ထို့နောက် ဒုတိယသမ္မတသည် မုံရွာမြို့ ချင်းတွင်းမြစ်ရေတက်နေမှုနှင့် ရေဘေးကာကွယ်ရေးတာ ကျောက်စီ မြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်ထားမှု များကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူ များက နှစ်အလိုက် မြစ်ရေတက်မှုအခြေ အနေ၊ လက်ရှိရေတက်နေမှုနှင့် ကျောက်စီမြေထိန်းနံရံများ ဆောင်ရွက် ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

မုံရွာမြို့တွင် ချင်းတွင်းမြစ်ရေမှာ စိုးရိမ်ရေမှတ်ထက် ၄၈ စင်တီမီတာ ကျော်လွန်နေသော်လည်း ရေဘေး ကာကွယ်ရေး တာပြုပြင်ထားမှုကြောင့် လက်ရှိရေမျက်နှာပြင်ထက် ငါးပေကျော် အမြင့်တွင်ရှိနေကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံးသို့ရောက်ရှိရာ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများက တိုင်း ဒေသကြီးအတွင်း ခရီးသွားဇုန် ခြောက်ဇုန်နှင့် ခရီးစဉ်ရေးဆွဲထားမှု အခြေအနေများကို တင်ပြကြရာ ဒုတိယ သမ္မတက မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုနိုင်သည့် ခရီးစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာန များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင် ရွက်ပေးသည်။ **(သတင်းစဉ်)**

## ရွှေလယ်ဝေး မျိုးစေ့ထုတ်လုပ်သူများအသင်းက မိုးစပါး မျိုးစေ့ထုတ် ၆၅ ဧက ပျိုးထောင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်လယ်ဝေးမြို့နယ်တွင် ရွှေလယ်ဝေး မျိုးစေ့ထုတ်လုပ်သူများအသင်း၏ ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးမျိုးစေ့ထုတ် ၆၅ ဧက ပျိုးထောင် စိုက်ပျိုးခြင်းကို ရေအိုးစင်ကျေးရွာ ကွင်းအမှတ်(၁၈၃၄) တောင်သူ ဦးဝင်းဇော်၏ မနောသုခ မျိုးစေ့ထုတ်စိုက်ကွက်၌ ဇူလိုင် ၁၂ ရက်က ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူး ၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် စိုက်ညှိအဖွဲ့ဝင်များတက်ရောက်ကြပြီး အဆိုပါ ရွှေလယ်ဝေးမျိုးစေ့ ထုတ်လုပ်သူများအသင်းတွင် ရေအိုးစင်ကျေးရွာ၊ သစ်ဆိမ့်ပင်ကျေးရွာ၊ ခရမ်းကိုင်း ကျေးရွာနှင့် မုန်တောကျေးရွာတို့ ပါဝင်ကာ တောင်သူ ၄၀ ဖြင့် ၁၁၅ ဧက ကို စိုက်ပျိုး ထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

တောင်သူများအား စိုက်ပျိုးချိန်အမီ မျိုးစေ့များ ဖြန့်ဝေခြင်းနှင့် နည်းပညာပေး ခြင်းတို့ကို ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။ မျိုးစေ့ ထုတ်လုပ်ငန်းအတွက် မျိုးကွဲနုတ်ပယ်ခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ရေး တို့ကိုလည်း ရှေ့တန်းကြီးကြပ်စခန်းဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ မျိုးစေ့ထုတ်



စိုက်ကေများမှ ထွက်ရှိလာသော မျိုးသန့်များအား ဈေးကောင်းပေးဝယ်ယူကြခြင်းနှင့် တောင်သူအချင်းချင်း ဖြန့်ဝေခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မဖြစ်ပွားစေရေးအတွက် မှုခင်းအသိပညာပေးဆွေးနွေးပွဲများကို တိုင်းဒေသကြီးအတွင်း မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များအတွင်း ရဲတပ်ဖွဲ့ဝင်များက ဦးဆောင်၍ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ ရပ်ကွက်အထောက်အကူပြု အဖွဲ့များနှင့်အတူ ပူးပေါင်း၍ မြို့နယ်/ရပ်ကွက် ဓမ္မာရုံများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးများနှင့် အခြေခံပညာကျောင်းများ၌ မှုခင်းအသိပညာပေးဆွေးနွေးပွဲများကို ဆောင် ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ ဇူလိုင်လပထမပတ်က ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများ မုဒိမ်းမှုနှင့်သက်ငယ် မုဒိမ်းမှုကျူးလွန်ခြင်း မခံရစေရန်အတွက် ဆောင်ရန်၊ရှောင်ရန်အချက်များကို ချပြဆွေးနွေးခြင်း၊ မုဒိမ်းမှုကျူးလွန်ခံရလေ့ရှိ သည့် ဖြစ်စဉ်များကို ချပြခြင်းနှင့် ရပ်ကွက်နေပြည်သူများ၏သိလိုသည်များ ပြန်လည် မေးမြန်းမှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

❀ *ကျောဖုံးမှ*

ပြီးခဲ့သော ၂၀၁၀ ပြည့်နှစ် နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ကရင် ပြည်နယ်အနေဖြင့် အဆိုပါ တိုင်း ဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင် ခဲ့သော်လည်း အထိုက်အလျောက် ဆုတံဆိပ်များရရှိခဲ့ပြီး တံခွန်စိုက် ဒိုင်းဆုနှင့် ဝေးကွာခဲ့သည်မှာ ငါးနှစ်ကျော်သည်အထိ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

“ကျွန်တော်တို့ ကရင်ပြည်နယ် အနေနဲ့ ဒီနှစ်ကတော့ အလှမ်းဝေးကွာ သွားပြီဖြစ်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲမှာ တံခွန်စိုက်ဒိုင်း ဆွတ်ခူးရရှိအောင် ကြိုးစားသွားမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အသေအချာ ပြင်ဆင်ခဲ့လို့ အခုလို အောင်မြင်မှုရရှိ တာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ် အပါအဝင် ဦးဆောင်တဲ့ အုပ်ချုပ်သူ၊ နည်းပြတွေ ကလည်း အားသွန်ခွန်စိုက် ကြိုးပမ်းသလို ကစားသမားတွေကလည်း ကြိုးစား အားထုတ်ကြလို့ ကရင်ပြည်နယ်အနေနဲ့ အခုလိုဒိုင်းဆုကြီးကို ဆွတ်ခူးရရှိခဲ့တာ ပါ။ ပြည်နယ် အား/ကာအဖွဲ့အနေနဲ့ လည်း ငွေကြေးထောက်ပံ့ပေးမှုကအစ ဝိုင်းဝန်းကူညီဦးဆောင်သလို ကျွန်တော် တို့ အောင်နိုင်ရေးအဖွဲ့အနေနဲ့ကလည်း ဘယ်လိုပဲဖြစ်ဖြစ် ဒီနှစ်ကတော့ မဖြစ် မနေတံခွန်စိုက်ဒိုင်းဆုကို ပြန်လည် ရယူမယ်ဆိုတဲ့ ယုံကြည်ချက်အပြည့် နဲ့ အားလုံးပူးပေါင်းဆောင်ရွက်ကြလို့ အောင်မြင်မှုကို ပြန်လည်ရယူနိုင်တာ ဖြစ်ပါတယ်”ဟု ကရင်ပြည်နယ်ကိုယ်စား ပြုအဖွဲ့မှ အုပ်ချုပ်သူနည်းပြ ဦးကျော် သိန်းတူ(ခ) ပတ္တမြားငမောက်က ပြော သည်။

ကရင်ပြည်နယ်အနေဖြင့် အဆိုပါ (၁၅) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဝိတ်တန်းအလိုက် ကစားသမားစုစုပေါင်း ၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်း ပေးသွင်းခဲ့သော်လည်း ငါးဦးမှာ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက် ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ဘဲ ကစားသမား ၃၂ ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဝိတ်တန်းများအလိုက် ရွှေတံဆိပ်ဆုများ ကို ဆွတ်ခူးခဲ့ရာမှ ယခုကဲ့သို့ တံခွန်စိုက် ဒိုင်းဆုကို ပြန်လည်ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

(၁၅) ကြိမ်မြောက် တိုင်းဒေသကြီး နှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ကရင်ပြည်နယ်၊ အကောင်းဆုံးအမျိုးသမီးဆုကို ၄၈ ကီလို တန်းမှ လင်းယုန်မေ(မန္တလေး)၊(က) အဆင့် အကောင်းဆုံးလက်ဝှေ့သမားဆု ကို ၆၀ ကီလိုတန်းမှ ချစ်ဦး(မွန်ပြည်နယ်)၊ (ခ)အဆင့် အကောင်းဆုံးလက်ဝှေ့သမား ဆုကို ထူးနေသူ(ကရင်ပြည်နယ်)၊ (ဂ) အဆင့် အကောင်းဆုံးလက်ဝှေ့သမားဆု ကို ၆၇ ကီလိုတန်းမှလေးလွင် (မွန် ပြည်နယ်)၊ လူသစ်တန်း အကောင်းဆုံး လက်ဝှေ့သမားဆုကို ဇော်သန်း (ကရင် ပြည်နယ်)က ရရှိခဲ့ပြီး အကောင်းဆုံး လက်ဝှေ့သမားဆုကို မွန်ပြည်နယ်မှ ချစ်ဦးကပင် ရရှိခဲ့သည်။

နောက်ဆုံးနေ့အဖြစ် ယနေ့ယှဉ်ပြိုင် ထိုးသတ်သော (၁၅) ကြိမ်မြောက် တိုင်း ဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ် ချီးမြှင့်ပွဲသို့ ကရင်ပြည်နယ်မှ ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီး များ၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူ များ တက်ရောက်ဆုချီးမြှင့်ပြီး ကရင်ပြည်နယ်စာပေယဉ်ကျေးမှု ဒုံးအဖွဲ့ ကလည်း လာရောက်ပါဝင်ကူညီခဲ့ကြောင်း သိရသည်။

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီဇာခါပတ်တနမ်မြို့ရှိ အိန္ဒိယအရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်၌ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၂**

အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ Admiral Sunil Lanba ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက အာမက်ဒါဘတ်မြို့ရှိ တပ်မတော်လေဆိပ်မှ အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာကြပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ပူနေးလေဆိပ်သို့ ရောက်ရှိရာ ပူနေးလေဆိပ်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘွဲ့လွန်ပညာသင်ကြားရေးအတွက် ရောက်ရှိနေသော သင်တန်းသားများနှင့် စစ်ဘက်ပညာသင် သင်တန်းသားများအား တွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါလေဆိပ်မှ အိန္ဒိယတပ်မတော် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ အာမက်နာဂါးမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိကြရာ Armoured Corps Centre & School ကျောင်းအုပ်ကြီး Maj. Gen. Neeraj Kapur နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် Armoured Corps Centre & School ရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်း၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံနှင့် သင်တန်းကျောင်းတွင် သင်ကြားလေ့ကျင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းသည်။

ထို့နောက် သင်တန်းကျောင်းရှိ Armament Wing၊ Automotive Wing နှင့် School of Armoured Warfare တို့အား လိုက်လံကြည့်ရှုကြပြီး သင်တန်းကျောင်း အရာရှိရိပ်သာ၌ ကျောင်းအုပ်ကြီးက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အိန္ဒိယတပ်မတော် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပူနေးလေဆိပ်သို့ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ညပိုင်းတွင် ဗီဇာခါပတ်တနမ်မြို့ရှိ INS Dega ရေတပ်၏ လေတပ်စခန်းသို့ ရောက်ရှိသည်။

**ကြည့်ရှုလေ့လာ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဗီဇာခါပတ်တနမ်မြို့ရှိ အိန္ဒိယအရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဌာနချုပ်မှူး Vice Admiral HCS Bisht နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ရေတပ်စခန်းဌာနချုပ်မှူး၏ ရုံးခန်း၌ တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် View Point သို့ သွားရောက်၍ ဗီဇာခါပတ်တနမ်မြို့၏ ဆိပ်ကမ်းသာယာလှပမှုများအား ကြည့်ရှုလေ့လာကြပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား DOLPHIN'S Cove အရာရှိရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**တိုက်ခိုက်ရေးရေငုပ်သင်္ဘော**

ယင်းနောက် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘက်စုံသုံး ဖရီးဂိတ်စစ်ရေယာဉ် INS Satpura၊ အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့၏ ရေပြင်ရှင်းလင်းရေးရေယာဉ် Sindhushastra၊ တိုက်ခိုက်ရေး ရေငုပ်သင်္ဘော INS Sindhudhwaj တို့အား သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Submarine Auxiliaries Department သို့ ရောက်ရှိလေ့လာကြပြီး အရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ သွားရောက်၍ အိန္ဒိယတပ်မတော်ရေတွင် အသုံးပြုလျက်ရှိသည့် လေယာဉ်၊ ရဟတ်ယာဉ်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီဇာခါပတ်တနမ်မြို့ရှိ အိန္ဒိယအရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး Vice Admiral HCS Bisht နှင့် တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၁၂

**ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်(**အောက်ပုံ**)က ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ပညာရေးဝန်ကြီးဌာနက အပ်နှံသော အခြေခံပညာကျောင်းသုံးစာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းကို အဓိကထားဆောင်ရွက်ပါကြောင်း၊ အခြေခံပညာ (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ကျောင်းသုံးစာအုပ်များ အားလုံးကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အထိ ၂၀ နှစ်ကြာ ပုံနှိပ်ပေးခဲ့ပါကြောင်း။



၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ပြီး ကျောင်းသားကျောင်းသူများ အရည်အသွေးမြင့်မားစွာ ကိုင်တွယ်အသုံးပြုနိုင်စေရန် စာအုပ်အတွင်းသားကို နိုင်ငံခြားစက္ကူဖြူ ချော Woodfree (70 gsm) ဖြင့်လည်းကောင်း၊ အဖုံးစက္ကူကို နိုင်ငံခြားကြွေချော Art Card (210 gsm) ဖြင့်လည်းကောင်း ပြောင်းလဲပုံနှိပ်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းသုံးစာအုပ် (သန်း ၂၀ ခန့်မှ ၃၅ သန်းထိ) ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ပုံနှိပ်ဆောင်ရွက်သွားရန် လျာထားစီစဉ်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် လိုအပ်လျက်ရှိသည့် ကျောင်းသုံးစာအုပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အပြီးသတ်ဆောင်ရွက်ပေးရမည့် အချိန်ကာလသတ်မှတ်ချက်နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းသုံးစာအုပ်များ အရည်အသွေးမြှင့်ထုတ်လုပ်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် ဆောင်ရွက်ပေးမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ကော်မတီအဖွဲ့ဝင်များက ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

အဆိုပါအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဟုမ္မလင်းမြို့၌ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ် ကျော်လွန် မြို့တွင်းသို့ ရေများဝင်ရောက်

**ဟုမ္မလင်း ဇူလိုင် ၁၂**

ဟုမ္မလင်းမြို့၌ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ဇူလိုင် ၁၂ ရက်တွင် မြို့တွင်းသို့ ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အလားတူ ချင်းတွင်းမြစ်ရေ တက်နေမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ရေဝင်နေသည့် ကျောင်းပေါင်း ၄၅ ကျောင်းကိုလည်း ယာယီပိတ်ထားကြောင်း၊ ရေဝင်သည့် ဒေသမှ ပြည်သူများအား ယာယီပြောင်းရွှေ့နေနိုင်ရန်အတွက် စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းတို့၌ ဒေသဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများကို ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

## ညောင်ဦး၌ ဧရာဝတီမြစ်ရေ မြင့်တက်

**ညောင်ဦး ဇူလိုင် ၁၂**

ညောင်ဦး၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းနံဘေးရှိ မြစ်လယ်ကျွန်းကျေးရွာများနှင့် မြေနိမ့်ပိုင်းရပ်ကွက်များသို့ မြစ်ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုအခြေအနေသည် ဇူလိုင် ၁၂ ရက် နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ မြစ်ရေသည် ၂၁၁၀ စင်တီမီတာအထိ ရောက်ရှိနေသည်။

**ရဲသူရအောင် (ညောင်ဦး)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ချက်သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Jaroslav Dolecek နှင့် ယနေ့ ညနေပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး၊ အသင့်အနေအထားရှိရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော လူမှုအဖွဲ့အစည်း ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့များ ထိရောက်စေရေးအတွက် နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (DACU) ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေနှင့် ချက်သမ္မတနိုင်ငံနှင့် ဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

# ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများ

**ဇွဲသန်းသျှင်း(သုံးဆယ်)**

**မြန်မာနိုင်ငံ၌ ကလေးလူငယ်စာပေသည် ၁၉၃၀ ပြည့်နှစ်တွင် ဂရိပုံပြင်များကို ဘာသာပြန်ခြင်းဖြင့် စတင်ခဲ့သည်။ သခင်ဘသောင်းသည် ထိုပုံပြင်များကို ဘာသာပြန်၍ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းက ထုတ်ခဲ့သောဂန္ထလောက (World of Book) မဂ္ဂဇင်း၌ ထည့်သွင်းခဲ့ပါသည်။ ယင်းနှင့်တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ကလည်း မြို့တော်ပုံပြင်များ (Cities and their Stories) ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို၍ ရေးသားထည့်သွင်းခဲ့ခြင်းဖြင့် ကလေးလူငယ်စာပေ လမ်းသစ်ကိုဖွင့်လှစ်ခဲ့ပါသည်။**

ကလေးလူငယ်စာပေလှုပ်ရှားမှုလမ်းကြောင်းကို တွေ့မြင်သိရှိကာ ဆရာကြီးမင်းသုဝဏ်သည် ကဗျာနှင့်ပုံပြင် ဘာသာပြန်များဖြင့် ကလေးလူငယ်စာပေလမ်းသစ်တွင် ပါဝင်လျှောက်လှမ်းခဲ့ပါသည်။ ထို့အတူ ဒေါက်တာ မောင်ဖြူးနှင့် ဆရာမကြီး နုယဉ်တို့သည်လည်း ကလေးလူငယ်စာပေလှုပ်ရှားမှုလမ်းကြောင်းတွင် ပါဝင်လျှောက်လှမ်းလာခဲ့ကြပါသည်။ တစ်ချိန်တည်းမှာပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ကလေးလူငယ်စာပေလှုပ်ရှားမှုတွင် ငယ်ရွယ်နုနယ်စဉ်ကပင် ပါဝင်ခဲ့သူ ကလောင်ရှင်တစ်ဦးဖြစ်ပါသည်။

ကလေးလူငယ်များကို စာပေဖြင့် ကိုယ်စိတ်နှလုံး ကြံ့ခိုင်ရေး၊ ရဲရင့်သူများဖြစ်လာရေး၊ ရိုးသားဖြောင့်မတ်သူများဖြစ်လာရေး၊ စည်းကမ်းလိုက်နာသူများဖြစ်လာရေး၊ ယဉ်ကျေးမှုရိုးရာဓလေ့ကို မြတ်နိုးသူများဖြစ်လာရေး၊ အလုပ်ကို ချစ်ခင်သူများဖြစ်လာရေး၊ တီထွင်ဖန်တီးသူများဖြစ်လာရေး၊ မှန်ကန်သောအတွေးအခေါ်ရှင်များ ဖြစ်လာရေးတို့အတွက် ပြုစုပျိုးထောင်မွေးရမည်ဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများသည် ကလေးလူငယ်များအတွက် ရည်ရွယ်ကာ ရေးသားထားသည့် စာပေများမဟုတ်သော်လည်း ကလေးလူငယ်များအတွက် တစ်ဖက်တစ်လမ်းမှ အတွေးအခေါ်မှန်ကန်စေရန်အတွက် လည်းကောင်း၊ ရဲရင့်သူများ၊ ရိုးသားဖြောင့်မတ်သူများ၊ စည်းကမ်းလိုက်နာသူများ ဖြစ်လာရေးအတွက်လည်းကောင်း အထောက်အကူဖြစ်စေသည့် စာပေများဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် စာပေအရေးအသား ဝါသနာပါသဖြင့် ဆောင်းပါး ၁၈ ပုဒ်ခန့်သာ ရေးသားခဲ့သည်။ ထိုအထဲတွင် ကလေးလူငယ်များနှင့်ပတ်သက်သည့် စာပေလက်ရာအချို့လည်း ပါဝင်သည်။ တက္ကသိုလ်ကျောင်းသားဘဝက မောင်အောင်ဆန်း ကလောင်အမည်ဖြင့်"လောကဝိဟာ" ဆောင်းပါးကို ၁၉၃၇ ခုနှစ် စက်တင်ဘာလထုတ် မျိုးညွန့်မဂ္ဂဇင်းတွင် ရေးသားခဲ့ပါသည်။

**ကိုယ့်ကိုယ်ကိုယ် အထင်သေးစိတ် အောက်ကျနောက်ကျစိတ်၊ သေးနုပ်တဲ့ စိတ်ထားတွေကို ပယ်ဖျောက်ပြီး အနိုင်မခံ အရှုံးမပေးသော ဇွဲသတ္တိရှိရမယ်။ အရှုံးဆိုတဲ့စိတ်မျိုးကို လုံးလုံးကင်းစေရမယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်၊ အားကိုးချက်ရှိရမယ်၊ ဘယ်အခက်အခဲမျိုးကြောင့်မှ နောက်တွန့်ကြောက်ရွံ့ခြင်းမဖြစ်စေရ၊ လုပ်စရာရှိလျှင် တုံးတိုက်တိုက်၊ တောင်တိုက်တိုက် လုပ်မယ်ဆိုတဲ့ သတ္တိရှိရမယ်**



ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖွဲ့နှင့် စုပေါင်းရိုက်ထားသည့် မှတ်တမ်းဓာတ်ပုံ

လောကဝိဟာတည်းဟူသော သတ္တလောက၊ သင်္ခါရလောကနှင့် ဩကာသလောကကို လေ့လာရာမှရရှိသော ပညာသည်သာ ပညာအစစ်ဖြစ်ကြောင်း၊ လောကတည်းဟူသောပညာသည်သာ ပညာအစစ်ဖြစ်ကြောင်း လောကတည်းဟူသော တက္ကသိုလ်ကြီးအကြောင်း လေ့လာရန်မှာ လောကဝတ္တရားဖြစ်ကြောင်း၊ စာအုပ်စာပေတို့သည် ကမ္ဘာ့အစဉ်ကျမ်းမှ ထုတ်နုတ်ချက်သာဖြစ်ကြောင်း ကမ္ဘာ့အစဉ်ကျမ်းကြီးကား လောကဝိဟာတည်းဟူသော လောကတက္ကသိုလ်ကျောင်း၌သာရှိကြောင်း စသည်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း ရေးသားတင်ပြထားပါသည်။

"သတ္တသင်္ခါရ၊ ဩကာသလောကကြီးသည်ကား ငါတို့အားလုံးအဖိုးမဖြတ်နိုင်သော ဝိဇ္ဇာပညာကို သင်ရာယူရာ၊ ကြားရာ၊ မှတ်ရာ တက္ကသိုလ်ကျောင်းကြီးအစစ်ပင်တည်း။ ငါတို့သင်ကြားရာဘာသာရပ်များကား သဘာဝဓာတ်အလျောက် ပေါ်ပေါက်လာသော ကမ္ဘာ့အစဉ်ကျမ်းကြီးတွင်ရှိပေ၏။ ကမ္ဘာ့အစဉ်ကျမ်းကား ကျယ်ဝန်းလှချေ၏တကား။ ငါတို့ရှေ့ဆက်၍သင်ကြားကြရဦးမည်။ ယခုရှိသော သန်းပေါင်းများစွာသော စာအုပ်စာပေတို့ကား ဤကမ္ဘာ့အစဉ်ကျမ်းမှ ထုတ်နုတ်ချက်များသာဖြစ်ပေ၏။"

"ထိုကမ္ဘာ့အစဉ်ကျမ်းကြီးကား လောကဝိဟာတည်းဟူသော လောကတက္ကသိုလ်ကျောင်း၌သာရှိ၏။ ထိုလောကတက္ကသိုလ်နေ၌ ငါတို့အချင်းချင်းတွေ့ဆုံကြ၏။ နှီးနှောကြ၏။ ××× ဤသို့လောကဝိဟာရတွင် ငါတို့သင်ရသော ပညာကား ပညာစစ်ဟုယူဆအပ်၏။ ထိုပညာကား ဘီ-အေ-ပထမကျော်ဟူ၍ သတ်မှတ်ရန်မစွမ်း နှိုင်းချိန်နိုင် ထိုပညာစစ်ရတနာကို ယခုငါတို့တစ်သက် လောကဝိဟာရအတွင်းရှိခိုက် မိမိ ရယူရန်ကား ငါတို့၏ လောကဝတ္တရားကြီးပေတည်း။"

ဗိုလ်ချုပ်အောင်ဆန်း၏ ဆောင်းပါးတစ်ပုဒ်တွင် လူငယ်များအတွေးအခေါ်မှန်ကန်ရေး၊ ရဲရင့်သူများဖြစ်လာရေး၊ ဇွဲသတ္တိရှိရေး၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိရေးတို့အတွက် အားပေးလှုံ့ဆော်ကာ ရေးသားထားပါသည်။ လူငယ်များသည် ကိုယ့်ကိုယ်ကိုယ် အထင်သေးစိတ်၊ အောက်ကျနောက်ကျစိတ်၊ သေးနုပ်သည့်စိတ်ထားများကို ပယ်ဖျောက်ပြီး အနိုင်မခံအရှုံးမပေးသည့်စိတ်ရှိစေရမည်။ ကိစ္စတစ်ခုကို လုပ်မည်ဆိုလျှင်လည်း မည်မျှအခက်အခဲပင် ကြုံတွေ့ရစေကာမူ နောက်မတွန့်မကြောက်ရွံ့ဘဲ တုံးတိုက်တိုက် တောင်တိုက်တိုက် လုပ်မည်ဆိုသည့် သတ္တိရှိရမည်စသည်ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်ချုပ်နှင့်စာပေဆောင်းပါးတွင် လူငယ်များအား အောက်ပါအတိုင်း တိုက်တွန်းအားပေးထားပါသည်။

"ကျွန်တော်တို့တစ်တွေဟာ 'မည်သူမပြုမိမိမှု' ဆိုတဲ့စကားအတိုင်း ကိုယ့်ကံကိုယ်ဖန်တီးသူများဖြစ်တယ်၊ ကိုယ့်အကြောင်းကိုယ် ပြုပြင်သူများဖြစ်တယ်၊ ကိုယ့်ရာဇဝင်ကိုယ်ရေးသူများဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ် အထင်သေးစိတ် အောက်ကျနောက်ကျစိတ်၊ သေးနုပ်တဲ့စိတ်ထားတွေကို ပယ်ဖျောက်ပြီး အနိုင်မခံအရှုံးမပေးသော ဇွဲသတ္တိရှိရမယ်။ အရှုံးဆိုတဲ့ စိတ်မျိုးကို လုံးလုံးကင်းစေရမယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်၊ အားကိုးချက်ရှိရမယ်၊ ဘယ်အခက်အခဲမျိုးကြောင့်မှ နောက်တွန့်ကြောက်ရွံ့ခြင်းမဖြစ်စေရ၊ လုပ်စရာရှိလျှင် တုံးတိုက်တိုက်၊ တောင်တိုက်တိုက်လုပ်မယ်ဆိုတဲ့ သတ္တိရှိရမယ်။ ကိုယ်စွဲလမ်းယုံကြည်ချက်တစ်ခုအတွက်ဆိုလျှင် ဘယ်ကမ်းဆိုက်ဆိုက် ဘယ်အခြေရောက်ရောက် အထမမြောက်မချင်း လုပ်လိုစိတ်ရှိရမယ်။"

"ကျွန်တော်တို့ တွေ့ကြုံရတတ်တဲ့ အခက်အခဲအကြောင်းတစ်ခုခုပေါ်ပေါက်လာလျှင် အကြောင်းအားလျော်စွာ အခါမရွေးထထကြွကြွနှင့် ဆောင်ရွက်ဖို့ရာ ဇွဲမျိုးဖြစ်ရမယ်။ ဇွဲဘယ်လိုရှိရမလဲဆိုရင် ဦးနှောက်သုံးပြီး ဉာဏ်ရှိသလောက် ကြံဆထားတဲ့အရာကို စိတ်ထဲကလည်း အားကြိုးမာန်တက် လုပ်ဖို့ရာ ဇွဲရှိရမယ်။"

ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆောင်းပါးတစ်ပုဒ်တွင် အနာဂတ်မြန်မာနိုင်ငံကို ဖန်တီးမည့်ကျောင်းသားများသည် မိမိတို့ တာဝန်ဝတ္တရားများကို လုပ်ကိုင်ဆောင်ရွက်ရေးမှာ ကျောင်းသားတိုင်း၏ တာဝန်ဝတ္တရားဖြစ်သည်ဟု မောင်အောင်ဆန်း ဘီ-အေ ကလောင်အမည်ဖြင့် "ကျောင်းသားဝတ္တရား"အမည်ရှိ ဆောင်းပါး၌ ဖော်ပြထားပါသည်။

"လူတိုင်းတွင် လူမှန်းသိစအချိန်မှစ၍ သေသည့်အထိ တာဝန်ဝတ္တရားများ ကိုယ်စီရှိကြကြောင်း၊ ထို့အတူ ကျောင်းသားများကလည်း ကျောင်းသားဝတ္တရားများရှိကြောင်း၊ မိမိဆိုင်ရာဝတ္တရားများ ကျေပွန်မှ လူဖြစ်ရကျိုးနပ်မည်ဖြစ်ကြောင်း၊ ကျောင်းသားများ ဝတ္တရားမှာ အတန်းစာကျက်၍ စာမေးပွဲအောင်ရုံမျှနှင့် တာဝန်ကျေပွန်သည် မဟုတ်ကြောင်း စသည်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း ထောက်ပြထားပါသည်။

"လူတိုင်းလူတိုင်းမှာ သိကြားတတ်သော အချိန်အရွယ်မှစ၍ သေသည်ထိအောင် အလုပ်ဝတ္တရားအဖြစ်ရှိ၏။ ထိုဝတ္တရားကို ကျေပွန်မှသာလျှင် လောက၌ လူဖြစ်ကျိုးနပ်ပေမည်။ ကျောင်းသားတို့မှာလည်း အထူးသဖြင့် အသက် ၁၆ နှစ်၊ ၁၇ နှစ်မှ အထက်သို့ရှိသော ကျောင်းသားများမှာလည်း အဆိုပါဝတ္တရားဥပဒေမှ မကင်းလွတ်ချေ၊ ကျောင်းသားဆိုသည်မှာ အတန်းစာကျက်၍ စာမေးပွဲ အောင်ရုံမျှဟူသော အများအယူအဆ၏ တိမ်ခြင်း၏အဖြစ်ကို သိရှိကြလေပြီ။ ထိုအယူအဆကား ခေတ်အောက်ကျသည့် အယူအဆမျှသာဖြစ်သည်။"

ကျောင်းသားဝတ္တရားများနှင့်ပတ်သက်၍ ယနေ့ကျောင်းသား လူငယ်များသည် နက်ဖြန်ပြည်ကြီးသားများ ဖြစ်ကြ၏ဟု ဆိုရိုးစကားရှိသောကြောင့် ပြည်ကြီးသားတို့၏ အင်္ဂါလက္ခဏာနှင့်ညီညွတ်စေရန် မိမိအခွင့်အရေးအတွက် တိုက်ခိုက်နည်း၊ စည်းကမ်းသေဝပ်နည်းစသည်ဖြင့် နည်းမျိုးစုံအောင် လေ့လာလိုက်စားသင့်ကြောင်း၊ အနာဂတ်မြန်မာနိုင်ငံကို ဖန်တီးမည့်ကျောင်းသားများသည် မိမိတို့ တာဝန်ဝတ္တရားကို လိုက်နာဆောင်ရွက်ခြင်းသည် ကျောင်းသားတိုင်း၏ တာဝန်ဝတ္တရားဖြစ်ကြောင်း "ကျောင်းသားဝတ္တရား" ဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း တင်ပြထားပါသည်။

"ယနေ့ဖြစ်သော ကျောင်းသားများသည် နက်ဖြန်ပြည်ကြီးသားများဖြစ်ကြ၏ဟု ဆိုရိုးစကားရှိ၏။ သို့ဖြစ်ရာ ပြည်ကြီးသားတို့၏ အင်္ဂါလက္ခဏာနှင့်ညီအောင် အုပ်ချုပ်နည်း၊ မိမိအခွင့်အရေးအတွက် တိုက်ခိုက်နည်း၊ ကိုယ်လက်ကျန်းမာရေးစသည်ဖြင့် နည်းမျိုးစုံအောင် အသင်းအပင်းများ၊ ရဲတပ်များ၊ ကစားနည်းများကို ထွင်ကြရ၏။××× ကျောင်းသားဝတ္တရားအားလုံးကို သိမြင်သည်နှင့်အညီ နောက်ခေတ်ဗမာပြည်ကို ဖန်တီးမည့်ကျောင်းသားများသည် ကျောင်းသားသမဂ္ဂအသင်းကို ဝင်ရောက်အားပေးရန်နှင့် ကျောင်းသားတိုင်းတိုင်းပြည်ချစ်စိတ်ရှိသောသူတိုင်းတို့၏ တာဝန်ဝတ္တရားပင်တည်း။"

ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၂၂ နှစ်အရွယ် လူငယ်ဘဝက လောကဝိဟာဆောင်းပါးနှင့် ကျောင်းသားဝတ္တရားဆောင်းပါးတို့ကို ရေးသားခဲ့ခြင်းဖြင့် လူငယ်စာပေလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်ခဲ့ပါသည်။ သူသည် မြန်မာနိုင်ငံ၌ လူငယ်စာပေ စတင်ပေါ်ပေါက်လာပြီး ခုနစ်နှစ်ခန့်အကြာတွင် လူငယ်စာပေလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်ခဲ့သူဖြစ်ပေရာ ဗိုလ်ချုပ်အောင်ဆန်းသည် ကလေးလူငယ်စာပေလမ်းသစ်ကို စတင်ဖွင့်လှစ်ခဲ့သူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

## မန္တလေးတိုင်းဒေသကြီး လူငယ်ညီလာခံ ရမည်းသင်းမြို့၌ ဩဂုတ် ၁၂ ရက်မှ စတင်၍ သုံးရက်ကြာ ကျင်းပမည်

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး လူငယ်အစည်းအရုံးမှဦးဆောင်၍ တိုင်းဒေသကြီးအတွင်းရှိ လူငယ်ကွန်ရက်များ ပူးပေါင်းပြီး မန္တလေးတိုင်းဒေသကြီး လူငယ်ညီလာခံကို ရမည်းသင်းမြို့၌ ဩဂုတ် ၁၂ ရက်မှ စတင်ကာ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ကြီးမှူးရေးဆွဲလျက်ရှိသော မြန်မာနိုင်ငံ၏ လူငယ်ရေးရာမူဝါဒဖြစ်စဉ်ကို ပိုမိုအားကောင်းလာစေရန်နှင့် ကူညီထောက်ပံ့ပေးနိုင်ရန် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ခုနှစ်တို့တွင် ကျင်းပခဲ့သည့် လူငယ်ညီလာခံများမှ ပေါ်ထွက်ခဲ့သော ရလဒ်များ၊ တွေ့ရှိချက်များ၊ လူငယ်များ၏ အခက်အခဲများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ တိုင်းဒေသကြီးအတွင်းရှိ လူငယ်ကွန်ရက်များ ပိုမိုအားကောင်းလာစေရေး ထောက်ပံ့ကူညီဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ လူငယ့်အရေးတက်ကြွလှုပ်ရှားနေသည့် လူငယ်များ၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် လူငယ်များ မည်သူမဆိုတက်ရောက်နိုင်ကြောင်း ညီလာခံကျင်းပရေး အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ကိုလင်းသီဟ(ခ) ညီညီက ပြောသည်။

အဆိုပါညီလာခံသို့ တက်ရောက်လိုသူများအနေဖြင့် ကျင်းပရေးကော်မတီဝင်များဖြစ်သော ကိုလင်းသီဟ(ခ) ညီညီ (၀၉- ၉၇၈၉၅၈၇၃၃)၊ မမေစန္ဒာစိုး (၀၉-၄၀၂၅၈၀၂၃၁)၊ ကိုကျော်ဇင်သန့် (၀၉-၇၉၈၉၆၁၂၀၁)တို့ထံ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# စစ်ဘေးရှောင် ပြည်သူများ၏ လူသားဘဝလုံခြုံရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း၍ ဦးစားပေးစီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက် နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

### ထောက်ပံ့ပေးခဲ့

အစည်းအဝေးတွင် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **ပြည်တွင်းစစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင်ပြည်သူများအတွက် သစ်တောကြိုးဝိုင်းတွင် ခေတ္တနေထိုင်နိုင်ရန်၊ ရေရှည်အသက်ရှင်ရပ်တည်နိုင်ရန်၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်ရန် နိုင်ငံတော်က မည်သို့ဆောင်ရွက်ပေးနေကြောင်းနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူသားဘဝလုံခြုံရေးအတွက် မည်သည့် မူဝါဒဖြင့် ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ စစ်ဘေးရှောင်ပြည်သူများ အားလုံးအတွက်



ဗိုလ်ချုပ်သန်းထွဋ်
ဒုတိယဝန်ကြီး

စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၈ ဒသမ ၉၈၂ သန်းခန့် ထောက်ပံ့ပေးခဲ့ပါကြောင်း။

ပြည်တွင်းစစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင်ပြည်သူများအတွက် သစ်တောကြိုးဝိုင်းတွင် ခေတ္တနေထိုင်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ လမ်းညွှန်မှုနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်ဘေးရှောင် IDPs များ၏ စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်



ဒေါ်နန်းခမ်းအေး
နမ္မတူမဲဆန္ဒနယ်

အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့်လည်း ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုဘောင်အတွင်းမှသော် လည်းကောင်း၊ ကုလသမဂ္ဂ (UN)အဖွဲ့အစည်းများ၊ NGO၊ INGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍သော် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### မူဝါဒများနှင့်အညီ

စစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင်ပြည်သူများ ရေရှည်အသက်ရှင် ရပ်တည်နိုင်မှု၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာမြှင့်တင်မှုနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူသားဘဝလုံခြုံရေးတို့အတွက် မြေနေရာရရှိရေး၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေး၊ အိမ်ရာဆောက်လုပ်ရေးနှင့် လုပ်ကိုင်စားသောက်နိုင်ရေးတို့ကို နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း၍ ဦးစားပေးအလိုက် စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၏ **BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသော လမ်းများ၏အရည်အသွေးသည် ပြည်သူများပေးဆောင်နေရသည့် လမ်းအသုံးပြုခနှုန်းထားများနှင့် ထိုက်တန်မှုမရှိဖြစ်နေခြင်းကို မည်ကဲ့သို့ စိစစ်ကြပ်မတ်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြည်သူများအနေဖြင့် အချိန်တိုအတွင်း ခရီးလမ်းဖြောင့်ဖြူးချောမွေ့သွားလာနိုင်သော အရည်အသွေးပြည့်မီသည့် လမ်းတစ်လမ်း ဖြစ်ပေါ်လာစေရန်အတွက် ရန်ကုန်-ပြည်လမ်းပိုင်း ၁၅၈ မိုင် ၂ ဖာလုံအား AC လမ်းခင်းခြင်းလုပ်ငန်းကို ရေးဆွဲဆောင်ရွက်သွားရန် ကုမ္ပဏီအား ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ဝန်ခံကတိပြုထားပြီးဖြစ်ပါကြောင်း။

B. O. T လမ်းပိုင်းပေါ်ရှိ တိုးဂိတ်များတွင် မြို့ဝင်ကြေး ပေါင်း၍ ကောက်ခံခြင်းကို ရပ်ဆိုင်းထားရန် ညွှန်ကြားထားပြီးဖြစ်၍ ယခုကောက်ခံမှု မရှိတော့ပါကြောင်း၊ မြို့ဝင်ကြေးကောက်ခံခြင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စည်ပင်သာယာရေးအဖွဲ့က လေလံပေး၍ ကုမ္ပဏီက ကောက်ခံနေခြင်းသာဖြစ်ပါကြောင်း ဖြေကြားသည်။

### ဥပဒေနှင့် ညီ၊ မညီ

ထို့ပြင် မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်၊ မြင်းမူ မဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်းနှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့၏ လမ်း၊ တံတားလုပ်ငန်းများလျာထားရာတွင် မည်သည့် မူဝါဒဖြင့် ရန်ပုံငွေခွဲဝေလျာထားသည်ကို သိလိုကြောင်း၊ ရတနာပုံ စီလီကွန် စီမံကိန်း အမြန်ဆုံးအကောင်အထည်ဖော်ရေးနှင့် အသုံးပြုရန် မလိုသောမြေများကို တောင်သူများအား လုပ်ကိုင်ခွင့်ပေးရန် ရှိ၊ မရှိ သိလိုကြောင်း၊ စစ်ကိုင်း-မုံရွာကားလမ်းပေါ်ရှိ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ၏ လမ်း၊ တံတားအသုံးပြုခ ကောက်ခံရေးဂိတ်အား ဖျက်သိမ်းပေးရန် ရှိ၊ မရှိ သိလိုကြောင်း၊ ရခိုင်ပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းတင်ဒါရရှိသူများထံမှ လုပ်ငန်းတန်ဖိုး၏ ၅ ရာခိုင်နှုန်း ကောက်ခံခြင်းသည် ဥပဒေနှင့် ညီ၊ မညီ သိလိုကြောင်း မေးခွန်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူနှင့် မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစောတို့ ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

### လွှတ်တော်သို့တင်ပြ

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# တမူးမြို့နယ်အတွင်းရှိ သဲဖုံးလယ်ယာမြေ ၁၈၁ ဧကအား စက်မှုလယ်ယာဦးစီးဌာနက ပြန်လည်ပြုပြင်ဖော်ထုတ်နေ

**နေပြည်တော် ဇူလိုင် ၁၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တူးဖော်ရှင်းလင်း

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ **ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ (၆)ရပ်ကွက်ကို ဖြတ်သန်းစီးဆင်းနေသော ကသွယ်ချောင်းအား အချိန်မီပြုပြင်ထိန်းသိမ်းခြင်းအားဖြင့် အင်းစိန်မြို့နယ်အတွင်း အခြေချနေထိုင်လျက်ရှိသော ပြည်သူများအတွက် ရေကြီးရေလျှံခြင်းဘေးမှ ကာကွယ်ရန် အစီအစဉ်ချမှတ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ကသွယ်ချောင်းမှာ ပေ ၁၂၀၀ ခန့် ရှည်လျားပါကြောင်း၊ ၂၀၁၇ ခုနှစ် မတ်လလယ်မှစ၍ ချောင်း၏ ကျဉ်းမြောင်းသောနေရာများ၌ စက်ယန္တရားဝင်ရောက်နိုင်ခြင်းမရှိသောကြောင့် လူအင်အားဖြင့်လည်းကောင်း၊ စက်ယန္တရားဝင်ရောက်ရန်အတွက် ချောင်း၏အကျယ်လုံလောက်မှုရှိသောနေရာများ၌ စက်ယန္တရားများဖြင့်လည်းကောင်း တူးဖော်ရှင်းလင်းပေးလျက် ရှိကြောင်းနှင့် စဉ်ဆက်မပြတ် ရှင်းလင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၌ ၂၀၁၅ ခုနှစ် မိုးရာသီတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် နုံးဖုံးပျက်စီးသွားသော လယ်ယာမြေများနှင့် လယ်ရေသွင်းမြောင်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူ ပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တမူးမြို့နယ်အတွင်းရှိ ကျေးလက်ဆည်/ကန် ၁၈ ခုနှင့် ရေသွင်းရေနုတ်မြောင်းများ ပြုပြင်တူးဖော်ခြင်း လုပ်ငန်းများကို ၂၀၁၆ ခုနှစ် မိုးစပါးရာသီအမီ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ချောင်းဆုံကျေးရွာနှင့် ဟဲဇင်းကျေးရွာ အင်းသာကြီးကွင်းရှိ သဲဖုံးလယ်ယာမြေ ၁၈၁ ဧကအား စက်မှုလယ်ယာဦးစီးဌာနမှ ပြန်လည်ပြုပြင် ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုအချိန်ထိ ၁၀၄ ဧက ဆောင်ရွက်ပြီးဖြစ်၍ ကျန်ရှိသည့် ၇၇ ဧကအား ဆက်လက်ဆောင်ရွက်ရန် စက်များစုဖွဲ့ဆောင်ရွက်ပြီးဖြစ်သော်လည်းပဲ မိုးရာသီကာလ ကျရောက်လာသည့်အတွက် ဒေသခံတောင်သူများနှင့် ညှိနှိုင်းပြီး ပွင့်လင်းရာသီတွင် အချိန်မီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် မင်းသမီးကျေးရွာ၊ ကနန်ကျေးရွာနှင့် ခမ်းပတ် ၅ ရပ်ကွက်များရှိ သဲဖုံး လယ်ယာမြေ ၁၇၂၆ ဧကအား စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံလယ်သမားများ ပူးပေါင်းအစီအစဉ်ဖြင့်လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနအစီအစဉ်အနေဖြင့် လည်းကောင်း ပြန်လည်ပြုပြင် ဖော်ထုတ်ခဲ့ရာတွင် ယခုအချိန်ထိ ၉၈၄ ဧက ဆောင်ရွက်ပြီးဖြစ်၍ ကျန်ရှိသည့် ၇၄၂ ဧကအား ဆက်လက်ပြုပြင် ဖော်ထုတ်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါ ပြုပြင်ဖော်ထုတ်ပေးရန် ကျန်ရှိသည့် ၇၄၂ ဧကတွင် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ဖြင့် ဆောင်ရွက်နိုင်မည့် ဧကသည် ၃၂၆ ဧကခန့်သာဖြစ်ပြီး မြေတူးစက် သို့မဟုတ် မြေထိုးစက်များဖြင့်သာ ဆောင်ရွက်နိုင်မည့် အခြေအနေရှိသော ဧကမှာ ၄၁၆ ဧကခန့်ဖြစ်ပါကြောင်း။

### တာဝန်ယူဆောင်ရွက်

ယခုနှစ် မိုးရာသီ၌ မြေပြုပြင်ဖော်ထုတ်ရန်ကျန်ရှိသော ၇၄၂ ဧကတွင် တိုက်ရိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး မိုးစပါးရိတ်သိမ်းပြီးချိန် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင်သာ မြေယာပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ရာ စက်သုံးဆီ ဒီဇယ်ဂါလန် ၇၀၀၀ ခန့် လိုအပ်မည်ဖြစ်၍ စက်သုံးဆီဖိုး ခန့်မှန်းကုန်ကျငွေမှာ ၂၅ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ချောင်းဆုံကျေးရွာရှိ တူးဖော်ပေးရမည့် ရေသွင်းရေနုတ်မြောင်းအရှည် ပေ ၃၀၀၀ အား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်ထားသည့် JCB အမျိုးအစား မြေတူးစက်အသေးတစ်စီးဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။



ဦးလှကျော်
ဒုတိယဝန်ကြီး

ထို့အပြင် မင်းသမီးကျေးရွာ စည်ပိုင်းကန်ဆည်ရှိ ရေသွင်းရေနုတ်မြောင်းနှင့် လက်တံမြောင်းများပြုပြင်တူးဖော်ပေးခြင်းနှင့် ကျောက်ရိုးစီခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်းရှိ သဲဖုံးလယ်ယာမြေ ၇၄၂ ဧကအား ပြန်လည်ပြုပြင် ဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စက်သုံးဆီဖိုး ခန့်မှန်းကုန်ကျငွေကျပ် ၂၅ သန်းခန့်နှင့် ကနန်ကျေးရွာရှိ ယောက်ပီးဆည်ရေသွင်းရေနုတ်မြောင်း တူးဖော်ပြုပြင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၅ သန်းခန့်ဖြစ်၍ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် သန်း ၆၀ ခန့် ဖြစ်ပါကြောင်း။



ဦးမောင်မောင်လတ် စစ်ကိုင်းတိုင်း
ဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)

### ရန်ပုံငွေရရှိမှု

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေထည့်သွင်းတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ ဦးဝင်းမောင်နှင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် စောယုဖောင်အွာက အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ဇူလိုင် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊**
**အေးအေးသန့် (သတင်းစဉ်)**

# မြစ်ကြီးနားမြို့၌ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ စိတ်ဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရေးနှင့် အထောက်အကူပြုစေရေးတို့အတွက် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံး ပြုလုပ်သွားမည်ဖြစ်သည်။

သို့ပါ၍ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်၍ Level-1 ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ကလေး၊ ရန်ကုန်၊ စစ်တွေ၊ နေပြည်တော်နှင့် မန္တလေးမြို့များ၌ ကျင်းပသွားမည်ဖြစ်ရာ မြစ်ကြီးနားမြို့တော်ခန်းမ၌ ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် အသံစစ်ဆေးခြင်း၊ ဇူလိုင် ၁၅ ရက်တွင် Stage Rehearsal လုပ်ခြင်း၊ ဇူလိုင် ၁၆ ရက်တွင် Level-1 Live ယှဉ်ပြိုင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေမှုများဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်အား ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek သည် ယနေ့မွန်းလွဲ ၂ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်နေမှုများ၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်ပေါင်း ၅၀၀ ကျော်က ဘုရင့်နောင်မင်းတရားကြီးတည်ထားခဲ့သည့် အိမ်တော်ရာစေတီတော်အား ထီးတော်တင်လှူ

နေပြည်တော် ဇူလိုင် ၁၂

**မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ဘုရင့်နောင်မင်းတရားကြီး၏ ဇာတိချက်မြှုပ်ဖြစ်သော ငတမျှော်(တရော်)ကျေးရွာတွင် ၁၅ ရာစု နှောင်းပိုင်း(လွန်ခဲ့သော နှစ်ပေါင်း ၅၀၀)ကျော်က တည်ထားခဲ့သည့် အိမ်တော်ရာစေတီတော်အား ဇူလိုင် ၈ ရက်က ထီးတော်နှင့်စိန်ဖူးတော်အား အောင်မြင်စွာ တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။**



အဆိုပါစေတီတော်ကြီးမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘုရားအတွင်း မိုးရေဝင်ရောက်၍ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက ပြိုကျပျက်စီးခဲ့သဖြင့် အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ကြီးမှူး၍ သံဃာတော်အရှင်သူမြတ်များအား ပင့်ဆောင့်ကာ အိမ်တော်ရာစေတီတော်အား ထီးတော်နှင့် စိန်ဖူးတော်ကို အောင်မြင်စွာ တင်လှူပူဇော်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အိမ်တော်ရာစေတီတော် ထီးတော်နှင့် စိန်ဖူးတော် အောင်မြင်စွာတင်လှူပူဇော်ခဲ့မှုနှင့် ပတ်သက်၍ သရဖူဆရာတော် ဒေါက်တာ အရှင်တေဇနိယက“ ဘုရားကြီး အောင်အောင်မြင်မြင်နဲ့ ထီးတော်တင်လှူနိုင်တဲ့အတွက် ဝမ်းအမြောက်ဆုံးသူလို့ ပြောချင်တော့တယ်။ ဘာလို့လဲဆိုတော့ ဝါဆိုလပြည့်(ဓမ္မစကြာ)အခါတော်နေ့ နေ့ထူးနေ့မြတ် ဆိုပြီးသတ်မှတ်လိုက်တာ ဒီချိန်ရေတွေ မိုးတွေလာတတ်တယ်ဆိုတာ သတိမပြုမိဘူး။ ထီးတော်တင်လှူဖို့အတွက် အရပ်ဘက်နဲ့ တပ်မတော်ဘက်ကလည်း လှူကြတာဆိုတော့ အားခဲနေကြတုန်းပဲ ရေကတက်လာတော့တာ၊ ချင်းတွင်းမြစ်က ပြည့်နေပြီး ဘုရားရင်ပြင်အထိ ရေတွေရောက်နေတော့တာ။ ဝါဆိုလပြည့်နေ့လည်း ရောက်ရော ရေက ဘုရားကြီးနားထိ ပျော်ပွဲရွှင်ပွဲလုပ်တဲ့ ဇာတ်ခုံနောက်ထိ ရောက်လာတော့တာ။ ထီးတင်ပွဲနေ့ ထီးတော်တင် အခမ်းအနားလုပ်နေတုန်းအထိ ရေမမြုပ်သေးဘူး၊ အဲဒီညလည်းရောက်ရော မဏ္ဍပ်ပါ ရေမြုပ်သွားတယ်။ အဲလိုအခက်အခဲတွေကြားကနေ အောင်အောင်မြင်မြင် ထီးတင်နိုင်ခဲ့တာပါပဲ” ဟု ဝမ်းမြောက်စကားမြွက်ကြားသည်။

အိမ်တော်ရာစေတီတော် ထီးတော်နှင့် စိန်ဖူးတော် အောင်မြင်စွာတင်လှူပူဇော်ခဲ့မှုနှင့် ပတ်သက်၍ ဂေါပကအဖွဲ့ဝင် ဦးစိုးဝင်းမြင့်က “လွန်ခဲ့တဲ့ခြောက်နှစ်လောက်ကတည်းက တမ္ဗဝတီ ဦးဝင်းမောင်နဲ့ ရှေးဟောင်းသုတေသနတို့ကနေ အချက်အလက်တွေရှာပြီးတော့ ဘုရင့်နောင်တည်ထားခဲ့တယ်ဆိုတာ အတည်ပြုနိုင်ခဲ့ပြီး အခုလိုစေတီတော်ကို အောင်အောင်မြင်မြင် ထီးတော်တင်လှူနိုင်ခဲ့တာ ဂုဏ်ယူဖို့ကောင်းပါတယ်။ သွားရေးလာရေးကလည်း ရေခြားမြေခြားလိုဖြစ်နေတော့ သွားရေးလာရေးခက်တဲ့ ဒီလိုနေရာမှာ အခုလိုအောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တာ ဂုဏ်ယူပါတယ်” ဟု ပြောသည်။

အိမ်တော်ရာစေတီတော် ပြုပြင်ခြင်းနှင့်အတူ ငတမျှော်(တရော်)ကျေးရွာချင်းဆက်လမ်း နှစ်မိုင် ခြောက်ဖာလုံကို ငွေကျပ်သိန်း ၂၀၀ ခန့်အကုန်အကျခံကာ ပြုပြင်ဖောက်လုပ်ခြင်း၊ ငတမျှော်လ(တရော်) ကျေးရွာကို အခြေပြု၍ ကျေးရွာပေါင်း ၄၀ ကျော်ခန့် အား ဆိုလာစနစ်ဖြင့် မီးပေးနိုင်ရေးအတွက် နယ်မြေခံတပ်မတော်က ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

ငတမျှော်ကျေးရွာအနီး တည်ထားသည့် ယင်းအိမ်တော်ရာစေတီမှာ ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်နှစ်ခုအကြား တည်ရှိနေခြင်းကြောင့် နှစ်စဉ်မြစ်ရေများ ဝင်ရောက်စဉ်ကာလအတွင်း နုန်းများ တင်ကျန်နေခြင်းတို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဖြစ်သည့်အတွက် ဘုရား၏ အုတ်ဖိနပ်တော်မှာ မြေကြီးအောက် ခုနစ်ပေခန့် နစ်မြုပ်နေခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက မိုးရေကြောင့် ပြိုကျသွားသဖြင့် အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး အောင်ကြည်လင်းနှင့် တပ်မတော်သားများ၊ မြန်မာမှုဗိသုကာပညာရှင် ဦးဝင်းမောင်(တမ္ဗဝတီ)၊ သရဖူဆရာတော် ဒေါက်တာအရှင်တေဇနိယနှင့် တာဝန်ရှိသူများ ဦးဆောင်၍ ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အိမ်တော်ရာစေတီတော် ပြိုကျစဉ်ကပါရှိသော အုတ်ချပ်များနှင့် ထီးတော်အောက်ခံ ကလပ်ခုံပေါ်တွင် ပါရှိသည့် “ဘားမား အာမီ” ဟူသော စာတန်းနှင့် ဘုရား၏စိန်ဖူးတော်အဖြစ် ဘိလပ်ရည်ပုလင်းအတွင်း ဝါဂွမ်းများ ထည့်၍ ပြုလုပ်ထားသည့်အတွက် ယင်း အထောက်အထားများသည် ဗမာ့တပ်မတော် (BIA/BDA)တို့ကလည်း အဆိုပါစေတီကို ပြုပြင်ခဲ့ကြသည်ဟု ယူဆရကြောင်း ဗိသုကာပညာရှင် ဦးဝင်းမောင်(တမ္ဗဝတီ)က ပြောသည်။

ဘုရား၏ တည်ဆောက်မှုပုံစံနှင့် အသုံးပြုထားသည့် အုတ်ချပ်များပေါ်တွင်ပါရှိသည့် အက္ခရာများနှင့် ယင်းဘုရားအား သုတေသနပြုခဲ့ရာ ညောင်ရမ်းခေတ်အတွင်းက တည်ဆောက်ပုံတူနေခြင်းနှင့် ဘုရင့်နောင်၏ နန်းတော်တိုင်များတွင် ရေးထိုးထားသည့် အက္ခရာများနှင့် ဆင်တူနေခြင်းကြောင့် ၁၅ ရာစု နှောင်းပိုင်း (လွန်ခဲ့သော နှစ်ပေါင်း ၅၀၀)ကျော်ခန့်က ဘုရင့်နောင်လက်ထက်က တည်ထားခဲ့ခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနက အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# ဖြူးမြို့နယ်တွင် လျှပ်စစ်မီးအားပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာ ခုနစ်လုံးတိုးချဲ့တပ်ဆင်

**ဖြူး ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးအားအပြည့်အဝသုံးစွဲနိုင်ရေးအတွက် ထရန်စဖော်မာများ တပ်ဆင်ခဲ့ရာ ဖြူးမြို့ ဖြူးအရှေ့တာခြားရပ်တွင် ၁၁/၀ ဒသမ ၄ ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ဖြူးမြို့ မြို့မအနောက်ရပ်ကွက် မြို့ထောင်ကျောင်းအနီးတွင် ၁၁/၀ ဒသမ ၄ ကေဗွီ (၂၀၀) ကေဗွီအေထရန်စဖော်မာတစ်လုံး၊ သိမ်ကုန်းရပ်ကွက် (၄၁)လမ်းထိပ်တွင် ၁၁/၀ ဒသမ ၄ ကေဗွီ (၁၆၀)ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို လည်းကောင်း။

ဖြူးမြို့နယ် ညောင်ပင်သာရွာမ (၆)လမ်းတွင် ၁၁/၀ ဒသမ ၄ ကေဗွီ (၂၀၀) ကေဗွီ အေထရန်စဖော်မာ တစ်လုံး၊ ညောင်ပင်သာ ဇေယျာသီရိအပိုင်း ၌ ၁၁/၀ ဒသမ ၄ ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ဖြူးအရှေ့ ကျေးရွာအုပ်စု နတ်ရေကန်ဘုန်းကြီးကျောင်းထောင့်တွင် ၁၁/၀ ဒသမ ၄ ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ သိမ်ကုန်းရပ်ကွက် ဗထူး (၄)လမ်းတွင် ၁၁/၀ ဒသမ ၄ ကေဗွီအေထရန်စဖော်မာတစ်လုံးကိုလည်းကောင်း စုစုပေါင်း ထရန်စဖော်မာ ခုနစ်လုံးကို ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဖြူးမြို့လျှပ်စစ်မန်နေဂျာ ဦးမြင့်လင်းကျော် ဦးဆောင်သော ဝန်ထမ်းများက တပ်ဆင်ပေးပြီးဖြစ်သည်။

**ဗို့အားအပြည့်အဝသုံးစွဲ**

အဆိုပါရပ်ကွက်အတွင်းရှိ လျှပ်စစ်မီးသုံးစွဲသူများမှာ ဗို့အား ၁၀၀ ဝန်းကျင်သာ ရှိခဲ့ရာမှ ယခုအချိန်တွင် ဗို့အားအပြည့်အဝသုံးစွဲနေရသဖြင့် ဖြူးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများအား လျှပ်စစ်သုံးစွဲသူများက အထူးကျေးဇူးတင်လျက်ရှိကြကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတွင်တောင်သူများအတွက် ထိရောက်စွာအကျိုးပြုမည့်နည်းပညာမျိုးဖြစ်ရန်လိုအပ်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်သူများ စားနပ်ရိက္ခာဖူလုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အာဟာရပြည့်ဝရေး မူဝါဒရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့၊ ဆေးဝါးများနှင့် သွင်းအားစုများကို အတုအပမရှိစေရေး စံချိန်စံညွှန်းနှင့် ကိုက်ညီရန်၊ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ မှန်ကန်စွာ ဝယ်ယူအသုံးပြုနိုင်ရန်တို့အတွက် ပညာပေးခြင်း၊ စစ်ဆေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းဆိုင်ရာများကို သက်ဆိုင်ရာဌာနများနှင့် ကြပ်မတ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပိုးသတ်ဆေး၊ မြေသြဇာ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပိုးသတ်ဆေး၊ မြေသြဇာ လုပ်ငန်းရှင်များ စုံညီစွာတက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြေသြဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးသုံးဆေးများ အရည်အသွေးမှန်ကန်ရေး၊ အတုအပကင်းစင်ရေးနှင့် တောင်သူလယ်သမားများ လွယ်လင့်တကူဝယ်ယူသုံးစွဲနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်နှင့် သွင်းအားစုလုပ်ငန်းများတွင် သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းနှင့်ဆောင်ရွက်သွားလိုကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

“အခိကတွေ့ကြုံရတဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးမှာ တောင်သူတွေအတွက် အမှန်တကယ်ထိရောက်စွာ အကျိုးပြုမယ့် နည်းပညာမျိုးဖြစ်ဖို့လိုအပ်ပါတယ်။ တောင်သူတွေကို မှားယွင်းတဲ့ နည်းပညာတွေမပေးမိဖို့ အရေးကြီးပါတယ်။ အရင်ကမြေသြဇာနဲ့ ပတ်သက်ပြီး ယာယီမှတ်ပုံတင် တင်သွင်းခွင့်ပေးခဲ့သော်လည်း ထိုလုပ်ငန်းစဉ်မှာ အချို့သောကုမ္ပဏီတွေနဲ့ အဖွဲ့အစည်းတွေက အရည်အသွေးနဲ့ စံချိန်စံညွှန်းမမီတဲ့ ကုန်ပစ္စည်းတွေကို ဈေးကွက်အတွင်း ဖြန့်ဖြူးမှုတွေရှိခဲ့ပြီး ဥပဒေအတိုင်း လိုက်နာမှုမရှိတာကြောင့် ယာယီမှတ်ပုံတင်ခြင်းကို ရပ်ဆိုင်းခဲ့ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စိုက်ပျိုးရေး သွင်းအားစုများ တင်သွင်းနေသည့် ကုမ္ပဏီများနှင့် အဖွဲ့အစည်းများမှာ မှတ်ပုံတင်ထားသည့် ပစ္စည်းနှင့် ဈေးကွက်ဖြန့်ဖြူးသည့်ပစ္စည်း တူညီမှုရှိရန်၊ လုပ်ငန်းရှင်များအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး သဘာဝပတ်ဝန်းကျင် ဂေဟစနစ်နှင့် တောင်သူလယ်သမားများ ထိခိုက်ပျက်ယွင်းမှုမရှိစေရန်၊ အရည်သွေးမမှန်သည့် ပစ္စည်းများ ပြန့်ပွားမှုမရှိရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။



**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- အောင်အောင်**

# ပြည်သူ့ဝန်ဆောင်မှုစွမ်းရည် တိုးမြှင့်ရေး

**ဆင်ဖြူကျွန်း သန်းထွန်း**

*(ဇူလိုင် ၁၁ ရက်နေ့မှအဆက်)*

ဗဟိဒ္ဓစေ့ဆော်မှုတွန်းအား extrinsic motivation ဆိုသည်မှာ တစ်စုံတစ်ခုသော ရလဒ်အကျိုးစီးပွားကို မျှော်လင့်ပြီး လုပ်ငန်းတစ်ခု၊ ဆောင်ရွက်မှုတစ်ခုကို ပြုလုပ်ဆောင်ရွက်လိုသော စိတ်ထား၊ တွန်းအား၊ မျှော်လင့်သော ရလဒ်အကျိုးစီးပွား ရရှိမှသာ နှစ်ခြိုက်ကျေနပ်သော စိတ်ထား၊ စိတ်ဓာတ်ကို ဆိုလိုပါသည်။ ထို့အပြင် ပြင်ပတစ်စုံတစ်ခုသော အကြောင်းတရားအရ လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရန်ဖြစ်လာသော စေ့ဆော်မှုတွန်းအားလည်း အကျုံးဝင်ပါသည်။ တစ်စုံတစ်ယောက်သည် ငွေကြေး သို့မဟုတ် အခြားအခွင့်အရေး စသော မက်လုံးများကို လိုလားမှုကြောင့်ဖြစ်လာသော စေ့ဆော်မှုတွန်းအား သို့မဟုတ် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ ပြစ်ဒဏ်ကျရောက်လာနိုင်မှု စသည်တို့ကြောင့် အလုပ်တစ်ခုကို လုပ်ဖြစ်အောင် စေ့ဆော်သော တွန်းအားမျိုးဖြစ်ပါသည်။

အချို့ပညာရှင်များက extrinsic: external: intrinsic: internal ဟု လေးခုကွဲပြားခြားနား ရှိနေသည်ဟု ဆိုပါသည်။ လူတစ်ယောက် သွားတိုက်ရာတွင် သွားဆရာဝန်၏ ဆူပူမှုကို မလိုလားသောကြောင့် သွားတိုက်ခြင်းဖြစ်ပါက external factor နှင့် extrinsic motivation ကို တွေ့မြင်နိုင်ကြောင်း။ အကယ်၍ ကာယကံရှင်ကိုယ်တိုင်က သွားဖြူစင်ခြင်းကို နှစ်ခြိုက်လိုလားခြင်း၊ သွားတိုက်ခြင်း၏ အကျိုးကျေးဇူးများကို သိမြင်နားလည်ပြီး ယင်းအကျိုးကို လိုလားခြင်းကြောင့် သွားတိုက်သည်ဆိုပါက internal factor နှင့် intrinsic motivation ကို တွေ့မြင်နိုင်ကြောင်း ဖွင့်ဆိုကြပါသည်။

ကျောင်းသားတစ်ယောက်က ဆရာနှင့်မိဘကို ကြောက်သောကြောင့် စာကျက်ဖတ်မှတ်ရ ပြုလုပ်နေရခြင်းသည် extrinsic motivation အရ ပြုလုပ်လာခြင်းဖြစ်ပါသည်။ အကယ်၍ ကျောင်းသားတစ်ယောက်သည် စာမေးပွဲတွင် ဂုဏ်ထူးရအောင်မြင်ခြင်း၏ တန်ဖိုးကို သိမြင်ပြီး (မိဘ၊ဆရာသမားများက ပြောကြားချက်အရဖြစ်စေ၊ ၎င်းကိုယ်တိုင် လေ့လာသိရှိချက်အရဖြစ်စေ) စာကျက်၊ ဖတ်၊ မှတ်သား ဆောင်ရွက်လိုသော စိတ်ဆန္ဒများ တဖွားဖွားပေါ်လာစေသော စေ့ဆော်မှုတွန်းအားသည် intrinsic motivation ဖြစ်ပါသည်။ မိဘ၊ ဆရာသမားက ဂုဏ်ထူးထွက်လျှင် ဆုချမည်ဟူသော ကတိစကားသည် incentive ; external factor ဖြစ်သည်ဟု ဆိုနိုင်သော်လည်း ကျောင်းသား၏ စိတ်ဆန္ဒတွင် ဂုဏ်ထူးရလျှင် ဆုရမည်ဆိုသော မက်လုံးထက်၊ ပိုမိုကျယ်ပြန့်လေးနက်မှုသဘောကို သိမြင်ပြီး ရရှိမည့် ဆုကြေးငွေ ပစ္စည်း မက်လုံးထက် ဂုဏ်ထူးရအောင်မြင်ခြင်း အနေအထား၊ တန်ဖိုးကို မိမိကိုယ်တိုင် ပိုမိုလိုလားမှုဖြစ်သည်အထိ စေ့ဆော်မှုဖြစ်လာလျှင် internal factor နှင့် intrinsic motivation ဖြစ်သွားပါသည်။

မည်သည်တို့သည် intrinsic motivation များဖြစ်ကြသည်ကို ပညာရှင်များက သုတေသနပြု ဖော်ထုတ်ကြပါသည်။ အချို့က အကြောင်းအချက် သုံးခု၊ ငါးခု၊ ခုနစ်ခု စသည်ဖြင့် ဖော်ထုတ်ကြသော်လည်း အချို့က ၂၅ ခုအထိ ဖော်ပြကြပါသည်။ အများဆုံးတွေ့ရသောအချက်များမှာ autonomy; mastery; purpose: တို့ ဖြစ်ကြပါသည်။

လူတစ်ဦးတစ်ယောက်အနေဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် (လွတ်လပ်ခွင့်) autonomy ရှိမှသာ လုပ်ငန်းတစ်ခုကို လုပ်ကိုင်လိုသော စိတ်နေစိတ်ထား တွန်းအားများဖြစ်လာနိုင်ကြောင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်လုပ်ကိုင်နိုင်သော အနေအထား၊ လွတ်လပ်မှုသည် အရေးကြီးကြောင်း ဖွင့်ဆိုပါသည်။ ပညာရှင် အချို့က self-determination သီအိုရီကို ဖော်ထုတ်ပါသည်။

ထို့အပြင် အဆိုပါ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သော စွမ်းဆောင်ရည် mastery; compentency ရှိမှသာ လုပ်ငန်းတစ်ခု၊ ဆောင်ရွက်မှုတစ်ခုကို လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့သော စွမ်းရည်ရှိနေသည်ဟု ယုံကြည်နေရန်လည်း လိုအပ်ကြောင်း၊ ယင်းသို့ အရည်အချင်းရှိမှသာ အခက်အခဲများ challenges များကို ရင်ဆိုင်နိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့သော အရည်အသွေးများ ရှိခြင်းဖြင့် intrinsic motivation ရရှိလာနိုင်သည်ဟု ဖွင့်ဆိုပါသည်။ challenges များကို ရင်ဆိုင်လိုစိတ်၊ ကျော်ဖြတ်လိုစိတ်များသည် intrinsic motivation များဖြစ်သည်ဟုဆိုကြပါသည်။

တစ်ဖန် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် လုပ်ငန်းတစ်ခု၊ ဆောင်ရွက်ချက်တစ်ခုကို ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် (purpose) သို့တည်းမဟုတ် အခြားအကြောင်းခြင်းရာများနှင့် ဆက်နွှယ်မှု (connection) တန်ဖိုးများကိုလည်း သိမြင်နားလည် ထားမှုများရှိရမည်ဖြစ်ကြောင်း၊ ယင်းဆက်နွှယ်မှုများမှ အသိအမှတ်ပြုခံလိုခြင်း (recognition)၊ လုပ်ငန်းဆောင်ရွက်ရခြင်း ကို နှစ်ခြိုက်ခြင်း (enjoyment) စသည်တို့သည် intrinsic motivation ဖြစ်ကြောင်း စသည်ဖြင့် ဖွင့်ဆိုကြပါသည်။ လူတစ်ဦးအနေဖြင့် တစ်ဦးတည်းနေထိုင်ရန် မဖြစ်နိုင်ကြောင်း၊ အဖွဲ့အစည်းလိုက်နေထိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဖွဲ့အစည်း၊ အများ၏အကျိုးကို ဆောင်ရွက်ရမည်ဟူသော စိတ်စေ့ဆော်မှုများသည် intrinsic motivation များ ဖြစ်ကြပါသည်။ အချို့က relation; relatedness ဟု အမည်တပ်ကြပါသည်။

သုတေသနဖော်ထုတ်ချက်များအရ ပြည်သူ့ဝန်ထမ်းတို့တွင် ပြည်သူအတွက်ဝန်ဆောင်မှုပေးလိုသော intrinsic motivation သည် အတိုင်းအတာတစ်ခုအထိ ရှိနေကြောင်း၊ ၎င်းတို့၏ အများပြည်သူအတွက် တာဝန်ထမ်းဆောင်လိုသော စိတ်ထားများသည် ပုဂ္ဂလိကလုပ်ငန်းဝန်ထမ်းများထက် ပိုမိုအားကောင်းကြောင်း၊ သို့သော် ယင်းအခြေခံစိတ်ထားသည် အမြဲအင်အားကောင်းမနေတတ်ဘဲ မှေးမှိန်အားနည်းနေတတ်ကြောင်း၊ မည်သို့မျှ ဆောင်ရွက်ပေးခြင်းမရှိဘဲ မူလအခြေခံစိတ်ထားဖြင့် လုပ်ငန်းတာဝန်များကို ထိရောက်ထူးချွန်အောင် တာဝန်ထမ်းဆောင်လိမ့်မည်ဟု မျှော်လင့်မရကြောင်း၊ လုပ်ငန်းတာဝန်များကို ပိုမိုပေါက်မြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်ရန် ၎င်းတို့အား စေ့ဆော်တွန်းအားပေးရမည်ဖြစ်ကြောင်း၊ တစ်နည်းဆိုသော် မူလရှိပြီးသော intrinsic motivationအားကောင်းရန် ပြုလုပ်ပေးနိုင်ကြောင်း၊ ပေးရမည်ဖြစ်ကြောင်း ဖွင့်ဆိုကြပါသည်။

ဝန်ထမ်းများ၏ ပြည်သူ့ဝန်ဆောင်ရေး စေ့ဆော်မှုတွန်းအားများ public service motivation များ ပိုမိုအားကောင်းလာရေးအတွက် ဆောင်ရွက်ပေးနိုင်သော နည်းလမ်းများကို သုတေသနပြု ဖော်ထုတ်ထားကြပြီး အောက်တွင် နည်းလမ်းအချို့ကို ဖော်ပြအပ်ပါသည်။ အဓိကအားဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးမြှင့်ရေး စေ့ဆော်မှုတွန်းအားများ intrinsic motivation ရှင်သန်အားကောင်းရေးနှင့် သက်ဆိုင်ပါသည်။ intrinsic motivation များ ရှင်သန်အားကောင်းရေးတွင် ဆိုင်ရာဝန်ထမ်းများ၏ ဆင်ခြင်မှုအသိတရား၊ ယုံကြည်မှု၊ မျှတခြင်း၊ ဘက်မလိုက်ခြင်း၊ အများအကျိုး ဖြစ်ထွန်းခြင်း စသော တန်ဖိုးထားမှုများ၊ လွတ်လပ်စွာဆောင်ရွက်လိုမှု၊ အခက်အခဲကို ကျော်လွှားဖြေရှင်းလိုမှု စသည့် ပုဂ္ဂိုလ်ရေး အရည်အသွေးများ အရေးကြီးပြီး ယင်းတို့ကို ပိုမိုအားကောင်းလာအောင် တွန်းအားပေးသော ပြင်ပအကြောင်းခြင်းရာများ external factors များမှာလည်း အရေးကြီးပါဝင်နေကြောင်းကို သုတေသနပြုချက်များက ဖွင့်ဆိုကြပါသည်။

**(က) အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ကို ယုံကြည်စေရန် ဆောင်ရွက်ခြင်း**

ပြည်သူ့ဝန်ထမ်းသည် နဂိုမူလကပင် ပြည်သူအား ဝန်ဆောင်မှုပေးလိုသော အခြေခံစိတ်ထားရှိနေပြီးဖြစ်ပါသည်။ ထိုအခြေအနေတွင် မိမိတာဝန်ထမ်းဆောင်သော အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်ပန်းတိုင်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာ သိမြင်နားလည်ပြီး ယုံကြည်မှု ရှိလာသည်နှင့်အမျှ အဆိုပါ ပြည်သူ့ဝန်ထမ်း(များ)၏ ဝန်ဆောင်မှုပေးခြင်းများသည် အရည်အသွေး ပိုမိုကောင်းမွန်လာမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်အစိုးရက ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးကို ဦးဆောင်ချီတက်နေခြင်းကို ပြည်သူ့ဝန်ထမ်းများက ရှင်းလင်းစွာ သိမြင်နားလည်သည်နှင့်အမျှ ၎င်း၏ ဝန်ဆောင်မှုများ ကောင်းမွန်လာမည်ဖြစ်ပါသည်။

ထို့အတူ ဝန်ထမ်းတစ်ဦးချင်းအား တာဝန်ပေးရာတွင်လည်းကောင်း၊ ဌာနစိတ်တစ်ခုချင်းအား တာဝန်ပေးရာတွင်လည်းကောင်း၊ ယင်းတာဝန်၏ အရေးပါမှုကို ကောင်းစွာ သိမြင်နားလည်စေရန် လိုအပ်ပါသည်။ ဝန်ကြီးဌာန အဖွဲ့အစည်းတစ်ခုလုံး၏ vision နှင့် mission ကို သိမြင်နားလည်စေပြီး ယင်းကို အကောင်အထည်ဖော်နေပါသည်ဟု ဝန်ကြီးဌာနသာမက ဝန်ထမ်းများကပါ လက်ခံဆောင်ရွက်ခြင်းဖြင့် လုပ်အားစွမ်းရည် ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

ယင်းအချက်မှာ ရှေ့တွင်ဖော်ပြခဲ့သော rational motive ကို အားပေးသည့် သဘောဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိထမ်းဆောင်ရသည့် တာဝန်၊ လုပ်ငန်းများ၏ ရည်မှန်းချက်များ၊ တန်ဖိုးကြီးမားမှုများ၊ အရေးကြီး အရာရောက်မှုများကို သိမြင်နားလည်လာသည်နှင့်အမျှ လုပ်ငန်းတာဝန်ကို အလေးအနက်ခံယူခြင်း၊ အောင်မြင်အောင်ဆောင်ရွက်လာခြင်းများ ဖြစ်လာနိုင်ပါသည်။ ဝန်ထမ်း၏ ဆင်ခြင်မှု အသိတရား၊ ယုံကြည်မှု၊ နားလည်ခံယူမှုများ အားကောင်းလာစေရေး ဖြစ်ပါသည်။

**(ခ) စံနှုန်းများ၊ တန်ဖိုးထားမှုများကို အလေးထားဖော်ထုတ်ခြင်း**

ဝန်ထမ်းများက ပြည်သူအား ဝန်ဆောင်မှုပေးရာတွင် တရားမျှတမှုရှိခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ ရိုးသားခြင်း၊ အများအကျိုးဖြစ်အောင် ဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းဥပဒေများနှင့် အညီအညွတ်ဖြစ်ခြင်းစသော စံနှုန်းများနှင့် တန်ဖိုးထားမှုများသည် အရေးကြီးပြီး ယင်းစံနှုန်းများ၊ တန်ဖိုးထားမှုများ လက်တွေ့ဖြစ်လာသည်နှင့်အမျှ နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုများ၏ အရည်အသွေးများ ကောင်းလာနိုင်ပါသည်။ ဝန်ထမ်းလောကတွင် နည်းလမ်းအမျိုးမျိုးဖြင့် မျက်နှာသာပေးခြင်း၊ favourism ၊ နီးစပ်ရာဦးစားပေးခြင်း၊ nepotism ၊ ဆရာ-တပည့်မွေးခြင်း၊ patron-clientism ၊ စည်းကမ်းဖောက်ဖျက်ပြီး ခုတစ်မျိုး တော်ကြာတစ်မျိုး လုပ်ကိုင်ခြင်းများသည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ကျဆင်းစေပါသည်။ ထို့ကြောင့် လုပ်ငန်းခွင်တွင် အလေးထားသော စံနှုန်းများ၊ တန်ဖိုးထားမှုများ အားကောင်းစေရန် ဖန်တီးပေးရမည်ဖြစ်ပါသည်။ ဝန်ထမ်းများ၏ ပင်ကိုအရည်အသွေးနှင့် လုပ်ငန်းတာဝန် ထမ်းဆောင်နိုင်မှုအရ ချီးမြှင့်မြှောက်စားသော meritocracy အလေ့အကျင့် နည်းစနစ်များကို တန်ဖိုးထား အကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။

အချို့သော ပြည်သူ့ဝန်ထမ်းများတွင် တစ်နိုင်ငံလုံးနှင့်ဆိုင်သော မူဝါဒများ၊ လုပ်ငန်းစဉ်များကို စိတ်ဝင်စား ပါဝင်လုပ်ကိုင်လိုတတ်ပြီး အချို့ပြည်သူ့ဝန်ထမ်းများသည် ဆိုင်ရာအဖွဲ့အစည်း လုပ်ငန်းတာဝန် အောင်မြင်ရေးအတွက် စည်းကမ်းဥပဒေများ၊ တန်ဖိုးထားမှုများနှင့်အညီ အောင်မြင်ရေးကိုသာ စိတ်ဝင်စားကြပါသည်။

အထက်ပါအချက်များသည် ပြည်သူ့ဝန်ထမ်းများတွင် တွေ့နိုင်သော norm-based motive ကို ပိုမိုအားကောင်းစေရန် စေ့ဆော်တိုက်တွန်းချက်များ ဖြစ်ကြပါသည်။ ဝန်ထမ်းလောကတွင် ပြည်သူအားဝန်ဆောင်မှုပေးရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေစည်းကမ်းနည်းလမ်းများကို လိုလျှင်လိုသလို၊ မလိုလျှင် မလိုသလို အဆင်သင့်သလို အနက်ဖွင့်ဆိုပြီး ပြုမူဆောင်ရွက်ပေးခြင်းသည် လည်းကောင်း၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုများတွင်လည်း သမာသမတ်ကျမှုမရှိခြင်း၊ ဆိုင်ရာ ဝန်ထမ်းရေးရာ ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများကို ပစ်ပယ်ပြီး ဆောင်ရွက်ခြင်းများသည် ဝန်ထမ်းများအား စိတ်ဓာတ်ပျက်ပြားစေရုံသာမက တာဝန်ထမ်းဆောင်လိုစိတ်ကိုလည်း ပျက်ပြားစေပါသည်။

**ခေါင်းဆောင်မှု အရေးကြီးခြင်း**

ပြည်သူ့ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရာတွင် အဆင့်လိုက် ခေါင်းဆောင်မှုကို ခံယူကြရပါသည်။ ယင်းခေါင်းဆောင်ကိုယ်တိုင် ပြည်သူ့အကျိုးကို သယ်ပိုးရမည်ဟူသော ခံယူချက်နှင့် ဦးဆောင်မှုပေးနေရန် လိုအပ်ပါသည်။ ဆိုင်ရာအဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ကို သိမြင်နားလည် ယုံကြည်စေကာမူ အနီးကပ်ဦးဆောင်မှုပေးနေသော ခေါင်းဆောင်ကိုယ်တိုင်က ပြည်သူ့အကျိုးသယ်ပိုးရမည်ဆိုသော သဘောထား၊ စိတ်ထား မရှိဘဲ ဦးဆောင်မှုလွဲမှားနေပါက ၎င်း၏ လက်အောက်ရှိ နိုင်ငံ့ဝန်ထမ်းများက ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုပေးခြင်းများကို မဆောင်ရွက်နိုင်ဘဲ ဖြစ်တတ်ပါသည်။ ထိုသို့ဖြင့် ပြည်သူ့ဝန်ထမ်းတွင် နဂိုရှိပြီးသား ပြည်သူ့အကျိုးပြု စိတ်ထားများ လျော့နည်းပပျောက်သွားတတ်ပါသည်။

> **နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိထမ်းဆောင်ရသည့် တာဝန်၊ လုပ်ငန်းများ၏ ရည်မှန်းချက်များ၊ တန်ဖိုးကြီးမားမှုများ၊ အရေးကြီး အရာရောက်မှုများကို သိမြင်နားလည်လာသည်နှင့်အမျှ လုပ်ငန်းတာဝန်ကို အလေးအနက်ခံယူခြင်း၊ အောင်မြင်အောင်ဆောင်ရွက်လာခြင်းများ ဖြစ်လာနိုင်**

တစ်ဦးတည်း စိတ်တိုင်းကြ ပြုမူဆောင်ရွက်သော အာဏာရှင် ခေါင်းဆောင်မှုအောက်တွင် ပြည်သူ့ဗဟိုပြု၊ ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုများကို အကောင်အထည်ဖော်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အဆင့်တိုင်း အဆင့်တိုင်းတွင် ခေါင်းဆောင်နှင့် နောက်လိုက်များသည် အကျိုးစီးပွားချင်း လိုက်လျောကိုက်ညီရမည် ဖြစ်ပါသည်။ ပြည်သူအတွက် ကောင်းမွန်သော ဝန်ဆောင်မှုများကို ပေးရမည်ဟူသော ယုံကြည်ခံယူချက်များ ထားရှိရေးတွင် အနည်းဆုံး နီးစပ်နေရမည် ဖြစ်ပါသည်။ မိမိကိုယ်ကျိုးစီးပွား ဖြစ်ထွန်းရေးကို အဓိကထားသော ခေါင်းဆောင်မှုအောက်တွင် ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများက ပြည်သူ့ဗဟိုပြု၊ ပြည်သူ့ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ပါ။

**(ဂ) ကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေကောင်း ရှိရန် လိုအပ်ခြင်း**

ပြည်သူ့ဝန်ထမ်း၏ အများအကျိုးသယ်ပိုးလိုသော အခြေခံစိတ်ထားသည် ကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေကောင်းများတွင် ဆက်လက်ရှင်သန် အားကောင်းလာမည် ဖြစ်ပါသည်။ ထို့ကြောင့် အများအကျိုး၊ ပြည်သူ့အကျိုးသယ်ပိုးလိုသော ပြည်သူ့ဝန်ထမ်းများအား ၎င်းတို့၏ အခြေခံစိတ်ထားများ ပိုမိုအားကောင်း ရှင်သန်လာစေရန် ယင်းသို့ ရှင်သန်စေနိုင်သော လုပ်ငန်းခွင် အခြေအနေကောင်းများကို ဖန်တီးပေးရပါမည်။ ရေများ ရေနိုင်၊ မီးများ မီးနိုင်၊ အများ မိုးခါးရေသောက် ကိုယ်လည်းသောက် စကားများ ရှိပါသည်။ ထို့ကြောင့် ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေ လိုအပ်ပါသည်။ ဝန်ထမ်းအများက ဆောင်ရွက်ရမည့် တာဝန်နှင့် ယင်းတာဝန်၏ အရေးကြီးခြင်းကို ကောင်းစွာ သိမြင်နားလည်ပြီး စည်းလုံးညီညွတ်စွာ လိုက်ပါဆောင်ရွက်နိုင်ရေးမှာ အရေးကြီးပါသည်။

**(ဃ) ပညာပေးမှုများ၊ သင်တန်းများ၊ ဆွေးနွေး အမြင်ချင်း ဖလှယ်ခြင်း**

သာမန်အားဖြင့် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသည် ပြည်သူအား ဝန်ဆောင်မှုပေးရမည်ကို လက်ခံထားပြီးဖြစ်ပါသည်။ သို့စေကာမူ အကြောင်းအမျိုးမျိုးကြောင့် ဝန်ဆောင်မှုပေးခြင်းတွင် အရည်အသွေးများ ကျဆင်းလာတတ်ပါသည်။ ပြောင်းလဲလာသော ခေတ်ကာလတွင် ပြည်သူ့ဝန်ဆောင်မှုများကို လျင်မြန်စွာ ဖြည့်ဆည်းပေးရန်၊ ဝန်ဆောင်မှုများ အရည်အသွေးကောင်းရန် လိုအပ်လျက်ရှိနေပါသည်။ သတင်းဆက်သွယ်မှု နည်းပညာများ အလျင်အမြန် တိုးတက်လာသော ခေတ်ကာလတွင် ထမ်းဆောင်ရမည့် တာဝန်လုပ်ငန်းအတွက် လုံလောက်သော အခြေခံပညာ၊ တတ်ကျွမ်းမှုများ မလုံလောက်မှုများ ဖြစ်နေတတ်ပါသည်။ တစ်ခါတစ်ရံတွင် မပြည့်မစုံ မမှန်ကန်သော လမ်းညွှန်ချက်များ ရတတ်ပါသည်။ လုပ်ငန်းတာဝန်အတွက် အဆက်အစပ်အကူအညီ ရှိနေသည်ကို မသိမမြင် ဖြစ်နေတတ်ပါသည်။

အထက်ပါ အခြေအနေများကြောင့် နိုင်ငံ့ဝန်ထမ်းများအတွက် သင့်လျော်သော သင်တန်းများ၊ ပညာပေးမှုများ၊ ဝန်ထမ်းအချင်းချင်း ဆွေးနွေး အဖြေရှာခြင်းများ ပြုလုပ်ခြင်းဖြင့် လိုအပ်သော ပညာအခြေခံနှင့် ကျွမ်းကျင်မှုများ ပိုမိုကောင်းလာနိုင်ပါသည်။ ဝန်ထမ်းအချင်းချင်း၊ ဝန်ကြီးဌာန အဖွဲ့အစည်း အချင်းချင်း ပိုမို ရင်းနှီးလာခြင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဌာနနှင့်တစ်ဌာန လုပ်ငန်းအကြောင်းများ ပိုမိုနားလည်လာခြင်းဖြင့် ပိုမိုကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေကို ဖန်တီးနိုင်ပြီး နောက်ဆုံးတွင် ပြည်သူအား ဝန်ဆောင်မှုပေးသော လုပ်ငန်းများ၏ အရည်အသွေးများကို တိုးတက်စေနိုင်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အိန္ဒိယနိုင်ငံအရှေ့မြောက်ဘက်တွင် တံတားတစ်စင်းပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလေးဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရ

**နယူးဒေလီ ဇူလိုင် ၁၂**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်နာဂါလန်း‌ဒ်တွင် တံတားတစ်စင်းပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလေးဦးသေဆုံးခဲ့ပြီးအများအပြားဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဇူလိုင် ၁၂ ရက်တွင် ပြောခဲ့သည်။

နာဂါလန်းဒ်ပြည်နယ်မြို့တော် ကိုဟီမာအနောက်ဘက် ကီလိုမီတာ ၆၀ အကွာရှိ ဒီမာပူမြို့ ဒန်စီရီမြစ်ကိုဖြတ်ကျော်တည်ဆောက်ထားသော တံတားပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားသည် သက်တမ်းရှည်ကြာနေပြီဖြစ်သည့် သံမဏိသံပေါင်တံတားတစ်စင်းဖြစ်ကြောင်းသိရပြီး ခရစ်ယာန်ကျန်းမာရေးသိပ္ပံအင်စတီကျူနား၌တည်ရှိကြောင်း သိရသည်။

တံတားပြိုကျမှုကြောင့် မော်တော်ယာဉ်အများအပြား ရေထဲပြုတ်ကျသွားခဲ့ပြီး အချို့မှာ ပြိုကျလက်စကမ်းပါးဘက်တံတားပေါ်တွင် တင်နေကြောင်း သိရသည်။

မော်တော်ယာဉ်ငါးစီးမှာ တံတားပြိုကျမှုကြောင့်ပိမိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောသည်။ ကယ်ဆယ်ရေးအဖွဲ့များမှာ အဆိုပါတံတားပြိုကျသည့်နေရာသို့ ရောက်ရှိနေသော်လည်းချောင်းမှာ ရေစီးသန်လျက်ရှိသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာမလုပ်နိုင်သေးကြောင်း သိရသည်။

၂၀၁၅ခုနှစ်ကတည်းမှစကာ ဒေသဆိုင်ရာအာဏာပိုင်များက မော်တော်ယာဉ်ကြီးများအား အဆိုပါတံတားမှ ဖြတ်သန်းမောင်းနှင်ခွင့်မပြုရန် ကြေညာချက် ထုတ်ပြန်ခဲ့သော်လည်း ယာဉ်ငယ်များအား ဆက်လက်ဖြတ်သန်းခွင့်ပေးထားကြောင်း သိရသည်။ တံတားပြိုကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)





# မိုဆူးလ်၌အောင်ပွဲရရှိကြောင်း ကြေညာခဲ့ပြီးဖြစ်သော်လည်း လေကြောင်းတိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားနေ

**မိုဆူးလ် ဇူလိုင် ၁၂**

အီရတ်နိုင်ငံ မိုဆူးလ်မြို့အတွင်းရှိ စစ်သွေးကြွများအား နှိမ်နင်းအောင်မြင်ခဲ့ပြီဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ်ဟေဒါ အယ်လ်အဘာဒီက ထုတ်ဖော်ကြေညာခဲ့ပြီးနောက် ၃၆ နာရီကျော်အကြာတွင် အီရတ်အင်အားစုများသည် မိုဆူးလ်မြို့ဟောင်း၌ အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့များနှင့် ဗုဒ္ဓဟူးနေ့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုဆူးလ်မြို့ကို အောင်နိုင်ခဲ့ပြီဖြစ်ကြောင်း အဘာဒီ၏ ကြေညာမှုသည် လွန်ခဲ့သော သုံးနှစ်အကြာက အီရတ်မြောက်ပိုင်းတွင် စတင်ထကြွသောင်းကျန်းလာခဲ့သည့် အစွန်းရောက်ဆွန်နီ အစ္စလာမ္မစ် စစ်သွေးကြွအဖွဲ့အတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ခုဖြစ်ခဲ့သည်။

သို့သော် မိုဆူးလ်မြို့အတွင်းပိုင်းရှိ နေရာဒေသအချို့တွင် လုံခြုံစိတ်ချရသည့်အနေအထားမျိုး မရှိသေးပေ။ ထို့အပြင် မိုဆူးလ်မြို့ဟောင်းသည် ကိုးလနီးပါး ကြာအောင် ဖြစ်ပွားခဲ့သည့်တိုက်ပွဲများကြောင့် ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးခဲ့သည်။



တိုက်ပွဲများကြောင့် ပျက်စီးယိုယွင်းလျက်ရှိသည့် မိုဆူးလ်မြို့ဟောင်းရှိ အဆောက်အအုံများကိုတွေ့ရစဉ်

တိုက်ပွဲများအတွင်း လူ ၉၀၀၀၀၀ ခန့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရပြီး အချို့မှာမြို့ပြင်၌တဲစခန်းများဖြင့် နေထိုင်ခဲ့ကြရသည်။

သို့သော်နောက်ဆုံး တိုက်ခိုက်မှုအနေဖြင့် အီရတ်အင်အားစုများသည် ညသန်းခေါင်မတိုင်မီ အချိန်မှသည် မိုးစင်စင်လင်းချိန်အထိ စစ်သွေးကြွများနှင့် အပြန်အလှန်သေနတ်ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရကြောင်း ဒေသခံနှစ်ဦးက ရိုက်တာသို့ ပြောကြားခဲ့သည်။

တပ်မတော်ရဟတ်ယာဉ်များသည် မြို့ဟောင်း၌ပျံဝဲလျက်ရှိပြီး လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း ဒေသခံများက ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သည်။

အောင်ပွဲရရှိကြောင်းကြေညာပြီးဖြစ်သော်လည်း တိုက်ပွဲများအတွင်းနေထိုင်ရဆဲပင်ဖြစ်ကြောင်း ဖတ်ဂါနင်က ပြောဆိုခဲ့ကြောင်း သိရသည်။

(ရိုက်တာ)

# တရုတ်နိုင်ငံတွင် ဂျပန်နိုင်ငံသားအယောက် ၃၀ ကျော်ကို ဖုန်းဖြင့် ငွေကြေးလိမ်လည်မှုဖြင့် ဖမ်းဆီးထိန်းသိမ်း

**ပေကျင်း ဇူလိုင် ၁၂**

ဂျပန်နိုင်ငံအမျိုးသားရဲတပ်ဖွဲ့အေဂျင်စီမှ အကူအညီပေးအပ်ရန်တောင်းဆိုမှုအရ တရုတ်နိုင်ငံတွင် ဂျပန်နိုင်ငံသား ၃၅ဦးကို ငွေကြေးလိမ်လည်ကာဘဏ်မှလွှဲပြောင်းခိုင်းမှုဖြင့် ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်းသိရသည်။

ဖူကျီအန်းပြည်နယ်ရှိ လုံခြုံရေးအာဏာပိုင်များသည် ဂျပန်နိုင်ငံသားများအားဖမ်းဆီးထားကြောင်းကို ယခုလအစောပိုင်းတွင် ဂျပန်အစိုးရထံသို့သတင်းပေးပို့ခဲ့ခြင်းဖြစ်ကြောင်းသတင်းရင်းမြစ်များက အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။

အမျိုးသားရဲတပ်ဖွဲ့အေဂျင်စီသည် ဂျပန်နိုင်ငံသား ၃၅ ဦးကို တိုကျိုမြို့အရှေ့ဘက် ချီဘာစီရင်စုရှိ ဒေသခံများအားပစ်မှတ်ထားလျက် ဖုန်းဖြင့်ဆက်သွယ်ခေါ်ဆိုမှုများပြုလုပ်ကာ ငွေကြေးများကို လိမ်လည်၍ ဘဏ်မှလွှဲခိုင်းနေသည်ဟု သံသယရှိသဖြင့် ဖမ်းဆီးရန်အကူအညီတောင်းခံခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သံသယရှိသူများသည် ထိုနည်းအားဖြင့်ငွေကြေးအမြောက်အမြားကို လိမ်လည်နေသူများဖြစ်သည်ဟု ဆိုသည်။ ဂျပန်နှင့်တရုတ်နိုင်ငံတို့သည် ရာဇဝတ်မှုနှင့်ပတ်သက်သည့်သံသယရှိသူများကိုလွှဲပြောင်းရန်သဘောတူညီမှုပြုလုပ်ထားခြင်းမရှိသည့်အတွက် ဖမ်းဆီးထိန်းသိမ်းထားသူများအား မည်သို့ကိုင်တွယ်ဆောင်ရွက်သွားမည်နှင့်ပတ်သက်၍ တရုတ်အာဏာပိုင်များထံ၌သာ မူတည်နေကြောင်း သိရသည်။

ဖုန်းဖြင့်ဆက်သွယ်ကာငွေကြေးလိမ်လည်မှုများပြုလုပ်လျက်ရှိသည့် ဂျပန်နိုင်ငံသားအချို့သည် ဂျပန်နိုင်ငံတွင်ဖမ်းဆီးနှိမ်နင်းမှုများကို ရှောင်တိမ်းကာ တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းသွားကြသည့်အတွက် ထိုသို့ဖမ်းဆီးထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

## ဂျာမနီတွင် ရှက်လှေတစ်စင်းပေါက်ကွဲ အနည်းဆုံး ၁၃ဦးဒဏ်ရာရ

**ဘာလင် ဇူလိုင် ၁၂**

ဂျာမနီနိုင်ငံမြောက်ပိုင်း မင်ဒန်ဆိပ်ကမ်းမြို့တွင် ယမန်နေ့က ရွက်လှေတစ်စင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲဘက်ဆိုင်ရာ သတင်းရင်းမြစ်ကို ကိုးကားလျက် ဂျာမန်သတင်းဌာနတစ်ခုတွင် ဇူလိုင် ၁၂ ရက်က ဖော်ပြခဲ့သည်။

ဒဏ်ရာရသူများအနက် အချို့မှာ စိုးရိမ်ရကြောင်းသိရပြီး ဒဏ်ရာရရှိသူများမှာ မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နေသည့် မီးသတ်သမားများဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ရွက်လှေမှာ လေထဲသို့မီတာပေါင်းများစွာ မြောက်တက်သွားခဲ့ကြောင်း၊ ထို့အပြင် ရွက်လှေပေါက်ကွဲမှုကြောင့် အနီးတွင်ရပ်ထားသော ကားတစ်စီးမှာလည်း ပျက်စီးသွားခဲ့သလို အခြားလှေနှစ်စင်းလည်း ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ရွက်လှေပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးသော်လည်း ရွက်လှေပေါက်ကွဲမှုကြောင့် အမေရိကန်ဒေါ်လာ ၅၇၄၀၀၀ ခန့် ဆုံးရှုံးသွားကြောင်း သိရသည်။

သို့သော်လည်း ရဲတပ်ဖွဲ့ဝင်များက ရွက်လှေဘက်ထရီကြောင့် ပေါက်ကွဲခြင်းဖြစ်နိုင် သည်ဟု ယူဆထားကြောင်း သိရသည်။

(ဆင်ဟွာ)

## နေအိမ်အလုံပိတ်အခန်းတွင် ၁၅နှစ်ကြာအောင် ပိတ်လှောင်ခြင်းခံရသည့် အမျိုးသမီးတစ်ဦးအား ရဲအရာရှိများက ကယ်တင်

**နယူးဒေလီ ဇူလိုင် ၁၂**

အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်တွင် အမှောင်ခန်းအတွင်း ၁၅ နှစ်ကြာ ပိတ်လှောင်ခံထားရသူတစ်ဦးကို ရဲတပ်ဖွဲ့က ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းများတွင် ဇူလိုင် ၁၂ ရက်က ဖော်ပြခဲ့သည်။

၁၅ နှစ်ကြာ ပိတ်လှောင်ထားခြင်းခံရသည့် အမျိုးသမီးကြီးမှာ အသက် ၅၀ ရှိပြီဖြစ်ကြောင်းသိရပြီး ၎င်း၏အကိုက ပိတ်လှောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

နာမည်ကြီး အမျိုးသမီးရေးရာအဖွဲ့တစ်ဖွဲ့၏ သတင်းပေးချက်အရဆူနီတာဗာလီကာအမည်ရှိ အဆိုပါ အမျိုးသမီးကို ဂိုအာပြည်နယ် ကန်ဒိုလင်ရွာရှိ ၎င်း၏မိဘများအိမ်ရှိ အလုံပိတ်အခန်းတစ်ခုအတွင်းမှ ရဲတပ်ဖွဲ့များက ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် အဆိုပါ အမျိုးသမီးသည် ပြည်နယ်ဆေးရုံမှ တစ်ဆင့် စိတ်ရောဂါကုသမှုနှင့် လူ့အပြုအမူဆိုင်ရာအင်စတီကျူသို့ တက်ရောက်ကုသမှုခံယူလိမ့်မည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ၁၅နှစ်ကြာက ၎င်း၏ခင်ပွန်းအိုးအိမ်သစ် ထူထောင်လိုက်သည်ကို သိရှိပြီးနောက် အဆိုပါအမျိုးသမီးမှာ မိဘရပ်ထံ ပြန်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ၎င်း၏အပြုအမူများမှာ ပုံမှန်မဟုတ်တော့သောကြောင့် ၎င်း၏မိသားစုများက ၎င်းအားအခန်းအတွင်း သော့ပိတ်ကာ ထားခဲ့ခြင်းဖြစ်သလို အစာရေစာများကို ပြတင်းပေါက်မှ တစ်ဆင့်ပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါအမှုကို လက်ခံစစ်ဆေးနေဆဲဖြစ်ကြောင်း၊ သို့သော်လည်း မည်သူ့ကိုမှ ဖမ်းဆီးခြင်းမရှိသေးကြောင်း၊ ခိုင်မာသော သက်သေအထောက်အထားများရရှိမှသာ တရားဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရဲအရာရှိများက ပြောသည်။

(ဆင်ဟွာ)




## ပြည်ပသတင်းမီဒီယာအဖွဲ့များ မောင်တောဒေသသို့ သတင်းရယူရန်ထွက်ခွာ

**စစ်တွေ ဇူလိုင် ၁၂**
ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော အရေးကိစ္စများအား သတင်းရယူနိုင်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ထွက်ခွာသွားကြသည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်နောက်ပိုင်း နောက်ဆက်တွဲ သတင်းများရယူရန် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဦးဆောင်သော ပြည်ပ မီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ သွားရောက်သတင်းရယူကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့တွင် အေအက်ဖ်ပီ၊ နစ်ကေး၊ ဗွီအိုအေ၊ ကျိုဒိုနယူးစ်၊ ဆင်ဟွာ၊ အေပီ၊ ဖရန်တီးယား၊ စီအင်န်အေ၊ တီဗွီအဆာဟိ၊ အာအက်ဖ်အေ၊ အေဘီစီ၊ ဘီဘီစီ၊ အင်န်အိတ်ချ်ကေ၊ ရိုက်တာ၊ အမ်အိုင်တီဗွီ၊ အမ်အန်အေတို့မှ သတင်းမီဒီယာ ၁၉ ဦး ပါဝင်သည်။

ပြည်တွင်းပြည်ပမီဒီယာများအနေဖြင့် ၂၀၁၆ ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ပထမအကြိမ်နှင့် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ဒုတိယအကြိမ် ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက် သတင်းရယူခဲ့ကြပြီး ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်သည်။
**(သတင်းစဉ်)**

## မစ္စယန်ဟီလီနှင့်အဖွဲ့ စစ်တွေမြို့နှင့် မောင်တောမြို့သို့ရောက်ရှိ

**စစ်တွေ ဇူလိုင် ၁၂**
ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ကျောက်ဖြူမြို့မှ စစ်တွေမြို့သို့ရောက်ရှိသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ်ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ကျောက်ဖြူ အထူး စီးပွားရေးဇုန်နှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ ကျောက်ဖြူဒေသခံ တောင်သူများနှင့်တွေ့ဆုံခဲ့မှု၊ IDP Camp များ ပြောင်းရွှေ့နေရာချထားမှုနှင့် မောင်တော၊ ဘူးသီးတောင်ဒေသ တည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိဒေသအခြေအနေ၊ ဆိုင်ကလုန်း မုန်တိုင်းမိုရာကြောင့် ဖြစ်ပွားခဲ့သော ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ဆောင်ရွက်ထားရှိမှုအခြေအနေတို့နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။



ထို့နောက် မစ္စယန်ဟီလီနှင့်အဖွဲ့သည် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စစ်တွေမြို့ မြို့မိ၊ မြို့ဖအဖွဲ့ဝင်ခြောက်ဦးနှင့်တွေ့ဆုံဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ရေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် ညနေပိုင်းတွင် မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ခရိုင်တာဝန်ရှိသူများ ကုလသမဂ္ဂ အထူးကိုယ်စား လှယ်အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။**(ဝဲပုံ)**

ယင်းသို့ တွေ့ဆုံစဉ် မိုရာမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားပြီးနောက် ပျက်စီးမှုအခြေအနေများ၊ အစိုးရမှ ပျက်စီးမှုများအပေါ် ထောက်ပံ့ပေးနေမှုများ၊ အစိုးရမဟုတ်သော INGO အဖွဲ့အစည်းများ၏ ကူညီပေးနေမှုများ၊ ဒေသတွင်း သွားလာခွင့်ကိစ္စ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်နေမှု အခြေအနေများကို အပြန်အလှန် ဆွေးနွေးကြသည်။ **မြင့်မောင်စိုး၊အောင်ကျော်ဦး**
**ဓာတ်ပုံ-သက္က**

## ကြေးနီစီမံကိန်းဖျက်သိမ်းရေး လက်ပံတောင်းဒေသခံများ ဆန္ဒဖော်ထုတ်မည်

**မုံရွာ ဇူလိုင် ၁၂**
လက်ပံတောင်းတောင်ဒေသခံပြည်သူများနှင့်အတူ မတရားမှုကိုလက်မခံကြောင်းပြသသည့်အနေဖြင့် ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် စတင်စုစည်းကာ ရန်ကုန်မြို့ တရုတ်သံရုံးရှေ့တွင် ကြေးနီစီမံကိန်းဖျက်သိမ်းရေးကို ချီတက်တောင်းဆိုဆန္ဒဖော်ထုတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ကြေးနီစီမံကိန်းစတင်လုပ်ဆောင်သည်မှ ယနေ့အထိ ဒေသခံများ၏ မြေယာများကို သိမ်းပိုက်ခြင်း၊ ကြေးနီစီမံကိန်းအစီရင်ခံစာတွင်ပါသော အချက်များကို ယနေ့အထိ လိုက်နာမှုမရှိသောကြောင့် စီမံကိန်းဖျက်သိမ်းပေးရန်တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

"အစီရင်ခံစာကိုချိုးဖောက်နေတဲ့ ကြေးနီစီမံကိန်းကိုအရေးယူပေးဖို့ လိုသလို အစီရင်ခံစာမှာပါတဲ့ အစားထိုးမြေကေ ၁၉၀၀ ကို ဖော်ထုတ်မပေးတဲ့ ကြေးနီစီမံကိန်းကိုဖျက်သိမ်းပေးဖို့ ဆန္ဒဖော်ထုတ်ကြမှာဖြစ်ပါတယ်"ဟု လက်ပံတောင်းဒေသခံတစ်ဦးက ပြောပြသည်။ တောင်းဆိုချက်တရားမျှတမှုပေါ်ပေါက်ရေးနှင့် တိုင်းပြည်သဘာဝသယံဇာတ အရင်းအမြစ်များ ထိခိုက်ဖျက်ဆီးခံရမှုများကို ကာကွယ်လိုသူမည်သူမဆို ပူးပေါင်းပါဝင်နိုင်ကြောင်း အသိပေးထားသလို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း စံပြရုပ်ရှင်ရုံရှေ့တွင်စုရပ်ပြုလုပ်ကာ ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီ ၁၅မိနစ်တွင် ဆန္ဒဖော်ထုတ်ကြရန် စီစဉ်ထားကြောင်း သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

## ရသေ့တောင်နှင့်မောင်တောမြို့နယ်တို့တွင် မသင်္ကာသူနှစ်ဦးဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**
ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ချင်းရွာနှင့် မောင်တောမြို့နယ် မောင်နှမတောင်ရွာတို့တွင် ယမန်နေ့ နံနက်ပိုင်းက မသင်္ကာသူနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက ရသေ့တောင်မြို့နယ် ချင်းရွာတွင် လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာသူ မာမောက်နိုရှုအားတွေ့ရှိ၍ ဖမ်းဆီးထိန်းသိမ်းပြီး ညောင်ချောင်း နယ်မြေရဲစခန်း၌ စစ်ဆေးလျက်ရှိသည်။

အလားတူ ဇွန် ၃၀ ရက်က ပြင်ဖြူကျေးရွာနေ မာမက်အာယာစ်အသတ်ခံရမှုနှင့်ပတ်သက်သည့် မသင်္ကာသူတစ်ဦး မောင်တောမြို့နယ် ကျီးကန်းပြင်ဈေး၌ ရောက်ရှိနေကြောင်းသတင်းအရ ယမန်နေ့ နံနက် ၉ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ မောင်နှမတောင်ရွာနေ ဆွေယော့ဂျူဟတ်အား ဖမ်းဆီးရမိပြီး ပြင်ဖြူနယ်မြေရဲစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်သင်တန်းဖွင့်လှစ်ရန် လူသစ်စုဆောင်းသူတစ်ဦးဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျီးနွတ်သီးကျေးရွာ၌ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အကြမ်းဖက်သင်တန်းဖွင့်လှစ်ရန် လူသစ်စုဆောင်းသူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက လှည့်ကင်းဆောင်ရွက်စဉ် ဘူးသီးတောင်မြို့နယ် ကျီးနွတ်သီးကျေးရွာနေ ကာဒေဟူဆောင်းသည် အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်နေကြောင်း သတင်းအရ ၎င်း၏နေအိမ်အား ဝင်ရောက် စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးစဉ် ၎င်းနေအိမ်အတွင်း၌ အလျား ၁၂ ပေ၊ အနံ ၁၂ပေရှိ အစိမ်းရောင် မိုးကာစ ခြောက်ခုနှင့် အလျား ၁၈ ပေ၊ အနံ ၁၂ ပေရှိ အပြာရောင် မိုးကာစ သုံးခုတို့အား တွေ့ရှိ၍ ကာဒေဟူဆောင်းအား စစ်ဆေးခဲ့ရာ ၎င်းသည် အကြမ်းဖက်သမားများနှင့် ပူးပေါင်း၍ ယာယီတဲဆောက်လုပ်နေထိုင်ရန် မိုးကာစများ ဝယ်ယူစုဆောင်းခြင်း၊ အကြမ်းဖက်သင်တန်း ဖွင့်လှစ်ရန် လူစုဆောင်းခြင်း၊ အကြမ်းဖက်လုပ်ငန်းများပြုလုပ် ရန်အတွက် ခေါင်းဆောင်မှုပြုလုပ်ရန် စီစဉ်ခြင်းများ ပြုလုပ်သူဖြစ်ကြောင်း သိရသဖြင့် တောင်ဘက်နယ်မြေစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိ ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဘူးသီးတောင်၊ မောင်တောအပါအဝင် ရခိုင်ပြည်နယ်၌ ကျောင်းပေါင်း ၁၀၀ဆောက်လုပ်မှုစီမံချက် လာမည့်ဩဂုတ်လတွင် ပြီးစီးမည်

**မောင်တော ဇူလိုင် ၁၂**
အာရှ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (ဘီအေဂျေ-Bridge Asia Japan) က ဘူးသီးတောင်၊ မောင်တောအပါအဝင် ရခိုင်ပြည်နယ်တွင် ဆောက်လုပ်လျက်ရှိသောကျောင်းပေါင်း ၁၀၀ စီမံချက်မှာ လာမည့်ဩဂုတ်လအတွင်း ပြီးစီးမည်ဖြစ်ကြောင်း မောင်တောအခြေစိုက် ဘီအေဂျေရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ဘီအေဂျေအနေနဲ့ လက်ရှိဘူးသီးတောင်၊ မောင်တောအပါအဝင်ရခိုင်ပြည်နယ်မှာ ဆောင်ရွက်နေတဲ့ ကျောင်းပေါင်း ၁၀၀ ဆောက်လုပ်မှုစီမံချက်ဆိုတာရှိပါတယ်။ ဒီစီမံကိန်းက ငါးနှစ်စီမံကိန်းနဲ့ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလမှစတင်ခဲ့ရာ ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ ပြီးစီးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီစီမံကိန်းကို ရခိုင်ပြည်နယ် (၁၇) မြို့နယ်လုံးကို လွှမ်းခြုံဆောင်ရွက်တာဖြစ်ပါတယ်"ဟု မောင်တောမြို့ဘီအေဂျေရုံးမှ စီမံကိန်းမန်နေဂျာ မစ္စတာကျို ဆုကီအီမာမူရက ပြောသည်။

ဘီအေဂျေအနေဖြင့် ယခုစီမံကိန်းပြီးသော်လည်း ရခိုင်ပြည်နယ်အတွင်း ကျောင်းများ ထပ်မံဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ နောက်ထပ်ငါးနှစ်စီမံကိန်းကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ စတင်မည်ဖြစ်ကြောင်း၊ ကျောင်းပေါင်း ၈၀ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲထားပြီဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

"ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်း ကျောင်းတွေဆောက်လုပ်နိုင်အောင် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းက ရန်ပုံငွေပံ့ပိုးပေးတာဖြစ်ပါတယ်"ဟု မစ္စတာ အီမာမူရက ပြောသည်။

မြန်မာနိုင်ငံတွင် ဘီအေဂျေရုံး ငါးခုဖွင့်လှစ်ထားကြောင်း၊ ရန်ကုန်ရုံးတွင်စီမံခန့်ခွဲမှု၊ စစ်တွေရုံးတွင် နီပွန်ဖောင်ဒေးရှင်း၏ ကျောင်းပေါင်း ၁၀၀ စီမံချက်၊ ဘားအံတွင် နည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားမှု၊ မကွေးတွင်ရေရရှိရေး အဝီစိတွင်းများ တူးဖော်ပေးမှုနှင့်မောင်တောတွင် ကျောင်းဆောက်လုပ်ရေးနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**တည်ဆောက်ပြီးစီးသည့် စာသင်ကျောင်းဆောင်တစ်ဆောင်ကိုတွေ့ရစဉ်**

**သတင်း-မြင့်မောင်စိုး၊အောင်ကျော်ဦး၊ ဓာတ်ပုံ-သက္က**

# ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ဒေသခံပြည်သူများ ရေဘေးတိမ်းရှောင်လျက်ရှိ

**ရေစကြို ဇူလိုင် ၁၂**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်ရေသည် ပိုမိုမြင့်တက်လာမှုကြောင့် ရေစကြိုမြို့ချင်းတွင်းမြစ်ကမ်းအနီးရှိ မြို့ပေါ်ရပ်ကွက်များနှင့် မြေနိမ့်ပိုင်းရှိ မြို့ပေါ် ရပ်ကွက်များအတွင်း မြစ်ရေများ ပိုမိုဝင်ရောက်လာမှုကြောင့် အဆိုပါရပ်ကွက်များရှိ ပြည်သူများသည် ယင်းတို့နှင့်နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများအတွင်း မိသားစုလိုက် ရေဘေးတိမ်းရှောင်ရွှေ့ပြောင်းကြလျက်ရှိသည်ဟု သိရသည်။

ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေသည် ပိုမိုမြင့်တက်လာမှုကြောင့် မြစ်ရေဝင် ရပ်ကွက်များမှ ပြည်သူများသည် နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများနှင့် ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဂူကြီးဘုန်းတော်ကြီးကျောင်းအတွင်း ဖွင့်လှစ်ပေးထားသည့် ယာယီရေဘေးခိုလှုံရေးစခန်းအတွင်း လာရောက်ရွှေ့ပြောင်း ရေဘေးတိမ်းရှောင်လျက်ရှိသည်ဟု သိရသည်။ ထို့ကြောင့် အဆိုပါနေရာများတွင် ယနေ့ ညနေပိုင်းအချိန်၌ ရေဘေးတိမ်းရှောင်ပြည်သူများ တဖွဲဖွဲလာရောက်လျက်ရှိသည်ဟု သိရသည်။

ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက်တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်ထက် ကျော်လွန်သည်ဟု သိရသည်။ **အိမွန်ဆွေ(ရေစကြို)**



ဇူလိုင် ၁၁ ရက်က ရွာသွန်းခဲ့သောမိုးနှင့် ပုဇွန်တောင်ချောင်းအတွင်း ဒီရေတက်ချိန်တိုက်ဆိုင်ခဲ့သောကြောင့် မင်္ဂလာတောင်ညွန့်မြို့နယ် ၉၄ လမ်းတွင် ရေလျှံမှုဖြစ်ပွားနေစဉ် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ကနီမြို့နယ်တွင် ချင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် သီးနှံမျိုးစုံ ၅၉၅ ဧက ပျက်စီးဆုံးရှုံး

**ကနီ ဇူလိုင် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းတွင်းမြစ်အဖျားပိုင်းများတွင် မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ကနီမြို့နယ်အတွင်း ချင်းတွင်းမြစ်ကမ်းဘေးအနိမ့်ပိုင်းရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် အနိမ့်ပိုင်းနေရာများ၌ ဇူလိုင် ၈ ရက်မှစတင်၍ မြစ်ရေများဝင်ရောက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကာ အချို့အနိမ့်ပိုင်းတွင် စိုက်ပျိုးထားသော သီးနှံများရေဝင်ရောက်၍ ပျက်စီးမှုများရှိကြောင်း သိရသည်။



အဆိုပါချင်းတွင်းမြစ်ရေကြီးရေလျှံမှုကြောင့် ကနီမြို့နယ်အတွင်းရှိ ရပ်ကွက် (၁)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၉ အုပ်စု၊ ကျေးရွာ ၂၀ ကျော် ရေများဝင်ရောက်နေပြီး အချို့ကျေးရွာများ၌ ရေဝင်ရောက်နိုင်သည့် အနိမ့်ပိုင်းဒေသများတွင် တောင်သူများစိုက်ပျိုးထားသည့် ပဲတီစိမ်း၊ နှမ်း၊ ပဲစင်းငုံနှင့် အခြားသီးနှံမျိုးစုံ စိုက်ပျိုးထားရှိရာ အဆိုပါ စိုက်ပျိုးသီးနှံများမှာ မြစ်ရေဝင်ရောက်မှုကြောင့် တစ်မြို့နယ်လုံးတွင် ဇူလိုင် ၁၁ ရက်အထိ ၅၉၅ ဧက ပျက်စီးဆုံးရှုံးမှုရှိကြောင်း မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့ထံမှ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# တီးတိန်မြို့နယ်တွင် မြေပြိုမှုဖြစ်ပွား

**တီးတိန် ဇူလိုင် ၁၂**
ဇူလိုင် ၁၁ ရက် ညနေ ၆ နာရီခွဲမှစတင်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တီးတိန်မြို့နယ်တွင် မြေပြိုမှုများဖြစ်ပွားလျက်ရှိသည်။

ကပ်တဲလ်ကျေးရွာတွင် လူနေအိမ်တစ်လုံးပျက်စီး၊ ဗာလ်ဗုမ်းကျေးရွာတွင် လူနေအိမ်တစ်လုံး၊ လိုင်လိုးကျေးရွာတွင် အိမ်ထောင်စု ခုနစ်စု၏ စပါးစိုက်ခင်းဧက ၁၇ ဒသမ ၀၀ ခန့်၊ စုပေါင်း ရေသွယ်မြောင်း ၄၅ ပေခန့် မြေပြိုမှုကြောင့် ပျက်စီးခဲ့ပြီး ဆဲဇန်ကျေးရွာတွင် ကျေးရွာရေလှောင်ကန်ကြီးမှာလည်း မြေပြိုမှုကြောင့် စိုးရိမ်ရသည့် အခြေအနေသို့ရောက်ရှိကြောင်းနှင့် သဘာဝဘေးသင့်ပြည်သူများအား ကူညီပံ့ပိုးပေးနိုင်ရန်အတွက် သက်ဆိုင်ရာမှတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅၆စီး၊ သွင်းကုန် ၆၀၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၂၀ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်ကမြဝတီမှရန်ကုန်သို့သွားရောက်မည့် ၁၂ ဘီးယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Gas အိုးသစ် (1 ×15 )Kg (170) U၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၆၃၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၉ ရက်က မူဆယ်မှမန္တလေးသို့ဝင်ရောက်လာသော Center ယာဉ်အား ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသော ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Eye Massager (1 × 20)(30) Pkgs ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၈ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# စစ်တွေမြို့၌ မစ္စယန်ဟီလီကို ကန့်ကွက်ဆန္ဒပြ

**စစ်တွေ ဇူလိုင် ၁၂**
မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အစီရင်ခံစာတင်သွင်းသူ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ် မစ္စယန်ဟီလီသည် ကျောက်ဖြူမြို့မှတစ်ဆင့် စစ်တွေမြို့သို့ ယနေ့နံနက် ၉ နာရီခွဲက လေကြောင်းခရီးဖြင့်ရောက်ရှိလာရာ စစ်တွေမြို့ လေဆိပ်လမ်းဘေးဝဲယာမှ ပြည်သူလူထု ၃၀၀ ခန့်က ကန့်ကွက်ဆန္ဒပြထုတ်ဖော်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

မစ္စယန်ဟီလီမလာမီအချိန်ကပင် ဆန္ဒထုတ်ဖော်ကြမည့် သူများသည် "ခိုးဝင်လာသူများကို ယန်ဟီလီနှင့် တစ်ပါတည်းခေါ်သွားပါ"၊ "ယန်ဟီလီ မြန်မာနိုင်ငံသားဥပဒေကို လေးစားပါ"၊ "Yan He Lee Get Out" စသောဆိုင်းဘုတ်များ ကိုင်ဆောင်ပြီး လမ်းဘေးဝဲယာမှ စနစ်တကျနေရာယူကာစောင့်ဆိုင်းနေကြသည်။ နံနက် ၉နာရီ မိနစ် ၅၀ ခန့်တွင် မစ္စယန်ဟီလီနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် စစ်တွေမြို့အတွင်းသို့ ဝင်ရောက်လာကြရာ ကန့်ကွက် ဆန္ဒပြထုတ်ဖော်သူများက ကြွေးကြော်သံများကို သံပြိုင်ဆိုကာ မစ္စယန်ဟီလီအားကန့်ကွက်ဆန္ဒပြကြပြီး စနစ်တကျ လူစုခွဲသွားကြသည်။



အဆိုပါ ဆန္ဒထုတ်ဖော်ပွဲကို ရခိုင်အလင်းတံခါး တက်ကြွလှုပ်ရှားသူများအဖွဲ့က ဦးဆောင်ပြီး ခွင့်ပြုချက်ရယူကာ စနစ်တကျပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ မစ္စယန်ဟီလီသည် စစ်တွေမြို့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံပြီး မောင်တောခရိုင်သို့သွားရောက်မည်ဖြစ်ကြောင်း သိရသည်။
**သတင်း-လေးဝတီထွန်းစောခိုင်**
**ဓာတ်ပုံ-ဖရုံကာသား**

**❄ *ကျောဖုံးမှ***
မြန်မာ ယူ-၂၂ အသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "မြန်မာနဲ့ မလေးရှားအသင်းဟာ တစ်သင်းအကြောင်းတစ်သင်းသိနေတဲ့ အသင်းတွေပါ၊ ဒါကြောင့် ဆီးဂိမ်းပြိုင်ပွဲမှာ တစ်အုပ်စုတည်းကျရောက်နေပေမယ့် ပြဿနာတော့မရှိပါဘူး၊ ဒီခြေစမ်းပွဲက အသင်းအတွက် အကျိုးရှိမှာပါ"ဟု ပြောကြားခဲ့သည်။

မြန်မာယူ -၂၂ အသင်းသည် ဇူလိုင် ၁၄ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ဇူလိုင် ၁၅ရက်မှစ၍ အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် ဆက်လက်ပြင်ဆင်မည်ဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲအုပ်စု (F)ကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ဩစတြေးလျ၊ စင်ကာပူနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

# ဧရာဝတီမြစ်ကမ်းပါးပြိုမှုကြောင့် လူနေအိမ်များပြောင်းရွှေ့

**ပွင့်ဖြူ ဇူလိုင် ၁၂**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းပါးအနီးတွင် မှီတင်းနေထိုင်သော ကျေးရွာများမှ လူနေအိမ်များ မြစ်ကမ်းပါးပြိုကျနေမှုများကြောင့် ဘေးလွတ်ရာသို့ ဇူလိုင် ၁၁ ရက်မှစတင်၍ ပြောင်းရွှေ့လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ကမ်းပါးအနီးရှိ သံကိုင်ကျေးရွာ၌ အိမ်ထောင်စု ငါးစု၊ပေါက်ကုန်းအုပ်စု ဇီးကျွန်းကျေးရွာတွင် အိမ်ထောင်စု ၁၀ စု၊ နန်းတော်ကျွန်းကျေးရွာတွင် အိမ်ထောင်စု ခြောက်စု စုစုပေါင်း အိမ်ထောင်စု ၂၁ စုနှင့် လူဦးရေ ၉၅ ဦးတို့မှာ ဘေးလွတ်ရာသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။
**သူရထွန်း(ပွင့်ဖြူ)**

# ဧရာဝတီမြစ်ရေကြီး၍ မြင်းမူမြို့ ဒေသခံအချို့ ဘေးကင်းရာသို့ရွှေ့ပြောင်းပေးရန်စီစဉ်နေ

**မြင်းမူ ဇူလိုင် ၁၂**
မြင်းမူမြို့နယ် လက္ကပင်ကျေးရွာ၊ သာယာပေါင်းကျေးရွာ၊ အုန်းပင်ရွာ၊ ရွာသစ်ရွာ အစရှိသည့်ကျေးရွာများ၌ ဇူလိုင် ၁၁ ရက်က တာပေါင်ဘေးကပ်လျက်ရှိ နေအိမ်ဝင်းထဲအထိ ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသည်ကို ဇူလိုင် ၁၁ ရက် ညနေပိုင်းက မြင်တွေ့ခဲ့ရသည်။

"မြစ်ကမ်းနံဖူး ကမ်းပါးမြေနံရံများရေလှိုင်းဒဏ်ကြောင့် ပဲ့ကျအိကျနေတဲ့နေရာတွေမှာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းဆွေ ဦးစီးပြီး ကျေးရွာသူ ကျေးရွာသားတွေနဲ့ မြစ်ဘက်ကနေ သစ်ကိုင်းတို့ ဝါးတို့စိုက်ပြီး ဝါးတန်းပစ်သစ်ကိုင်းသစ်ရွက်တွေထည့်ပြီး ကမ်းပါးမြေပြိုကျမှုမရှိစေရန် ကာကွယ်မှုတွေ ပြုလုပ်ခဲ့တယ်။ ကျေးရွာဒေသခံအချို့ကို ပြောင်းရွှေ့ပေးဖို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ညွှန်ကြားထားတာကြောင့် ဒီညရေစောင့်ကြည့်ပြီး ရေတက်တယ်ဆိုရင် ဘုန်းကြီးကျောင်းကိုရွှေ့ပြောင်းပေးပြီး ခိုင်းနွားတွေနဲ့ဝက်တွေကိုတော့ သင့်တော်ရာနေရာမှာစီစဉ်ပေးသွားမှာပါ"ဟု မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူ ဦးစိုးမင်းအောင်က ပြောပြသည်။
(၀၇၇)

# ဖလမ်းမြို့မှ ဟားခါးမြို့ဘက်သို့အထွက်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၊ တစ်ဦးသေဆုံး

**ဖလမ်း ဇူလိုင် ၁၂**

ကလေးမြို့မှ ဟားခါးမြို့သို့ ပြေးဆွဲသည့် ဦးဒိတ်လျန် မောင်းနှင်လာသော 2A/---- BM ယာဉ်ငယ်တစ်စီးသည် ယနေ့ ညနေ ၃ နာရီခွဲက ဖလမ်းမြို့မှ ဟားခါးမြို့ဘက်သို့အထွက် မိုင်တိုင်အမှတ် ၁၃၅/၁၃၅ ဒသမ ၅ ကီလိုမီတာတွင် လမ်းချော်၍ ပေ ၅၀၀ အနက်ရှိ ချောက်ထဲသို့ ကျသွားသည်။

အဆိုပါ ယာဉ်တွင် စီးနင်းလိုက်ပါလာသော ကလေးမြို့နယ် လက်ပံချောင်းရွာနေ ဦးဗျက်ဇာရ် (၃၀ နှစ်)သည် အခင်းဖြစ်သည့်နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်မောင်း ဦးဒိတ်လျန် (၃၁ နှစ်)၊ လိုက်ပါလာသည့် ခရီးသည် ဦးခန်ဟရဲ (၂၂ နှစ်)၊ ဒေါ်ပါရ်လှိုင်ဇုန် (၄၅ နှစ်)၊



ဦးဗန်လာလ်ဇွာလ် (၄၉ နှစ်)၊ ဦးဗျက်နော်ထန်း (၃၀ နှစ်)တို့တွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာ နေရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက သွားရောက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

# မြစ်ကြီးနားမြို့နယ်၌ ဒီတိုနီတာခြောက်ခုနှင့် KIA အမှတ်တံဆိပ်ပါ ယူနီဖောင်းသိမ်းဆည်းရမိ

**မြစ်ကြီးနား ဇူလိုင် ၁၂**

ကချင်ပြည်နယ် နမ္မတီးမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ်အား စစ်ဆေးရာ ဒီတိုနီတာခြောက်ခုနှင့် KIA အမှတ် တံဆိပ်ပါ ယူနီဖောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့နယ် ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်မှ ရဲအုပ် ကျော်မျိုးလွင် ဦးစီးသောတပ်ဖွဲ့ဝင်များသည် နမ္မတီးမြို့မှ မြစ်ကြီးနားမြို့ဘက်သို့ ဒေါ်ခေါ်ခေါ်(၁၉ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်အား မသင်္ကာ၍ စစ်ဆေးရာမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဆိုင်ကယ် တူးဘောက်အတွင်း၌ အသုံးပြုထားသော လျှပ်စစ်ဒီတိုနီတာ နှစ်ခု၊ အသုံးမပြုရသေးသော လျှပ်စစ်ဒီတိုနီတာ လေးခု၊ KIA အမှတ်တံဆိပ်ပါ ယူနီဖောင်းတစ်စုံ၊ ခါးပတ်ကြိုး တစ်ချောင်း၊ ဒေါ်ခေါ်ခေါ် အမည်ပါ ကချင်ပြည်နယ် ဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်ကတ်ပြားတစ်ခုတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဒေါ်ခေါ်ခေါ်အား မြစ်ကြီးနားနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ (မြစ်ကြီးနား)**

# ဓားဖြင့်ထောက်၍ ခြိမ်းခြောက်လုယက်သူများအား ချက်ချင်းဖမ်းဆီး အရေးယူ

**နေပြည်တော် ဇူလိုင် ၁၂**

ရှမ်းပြည်နယ် တောင်ကြီးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် အောင်ကိုယု ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက် ည ၁၁ နာရီက တောင်ကြီးမြို့ သစ်တောရပ်ကွက် တောင်ကြီးဟိုတယ်ရှေ့ ပြည်သူများ အပန်းဖြေနေရာအရောက် ရန်းရင်းဆန်ခတ် ဖြစ်နေသဖြင့် သွားရောက်ရာ အမျိုးသားတစ်ဦးမှာ ထွက်ပြေးသွားပြီး သုံးဦးကျန်နေခဲ့သဖြင့် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ စိုင်းနော်ခေးနှင့် မ---- တို့မှာ ထိုင်ခုံပေါ်တွင်ထိုင်၍ စကားပြောနေစဉ် အမည်မသိ အမျိုးသားနှစ်ဦး ရောက်ရှိလာပြီး တစ်ဦးက စိုင်းနော်ခေး၏ နောက်မှ ဓားဖြင့်ထောက်၍ ခြိမ်းခြောက်ငွေတောင်းယူသဖြင့် စိုင်းနော်ခေးမှ ငွေကျပ် ၅၀၀၀ အား ထုတ်ပေးလိုက်ကြောင်း၊ ကျန်လူတစ်ဦးမှ မ---- ဝတ်ဆင်ထားသည့် ရွှေလက်စွပ်တစ်ကွင်း၊ ငွေကျပ် ၄၀၀၀၀ တို့အား လုယူနေစဉ် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသဖြင့် တစ်ဦးမှာ ထွက်ပြေးသွားကြောင်း သိရှိရသည်။

ပြစ်မှုကျူးလွန်သူ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နေ မိုးမင်းထွန်း (၃၀ နှစ်)အား အခင်းဖြစ်နေရာ၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၁၆ယ/---- Wave-X 125 ဆိုင်ကယ်တစ်စီး၊ ရှစ်လက်မခန့် ဓားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်အတူ ပြစ်မှုကျူးလွန် ထွက်ပြေးသွားသူမှာ တစ်ရပ်ကွက်တည်းနေ ရဲဇင်ထွန်း (၁၉ နှစ်) ဖြစ်ကြောင်း သိရှိရ၍ တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ ဇူလိုင် ၁၂ ရက် နံနက် ၂ နာရီတွင် လုယူသွားသည့် ရွှေလက်စွပ် တစ်ကွင်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး မိုးမင်းထွန်းနှင့် ရဲဇင်ထွန်းတို့ နှစ်ဦးအား တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# လုံခြုံရေးတပ်ဖွဲ့အား ပစ်ခတ်ပြီး တရားခံလုယူခဲ့သည့်အဖွဲ့မှ ပြစ်မှုကျူးလွန်သူ တစ်ဦးကို လက်နက်များနှင့်အတူ ဖမ်းဆီးရမိ

**ကော့ကရိတ် ဇူလိုင် ၁၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ဇွန် ၂၆ ရက်က ဖြစ်ပွားခဲ့သည့် လုံခြုံရေးတပ်ဖွဲ့အား ပစ်ခတ်ခဲ့ပြီး တရားခံ လုယူထွက်ပြေးခဲ့သဖြင့် ကော့ကရိတ်ခရိုင်တရားရုံး၌ တရားစွဲတင်ပို့ထားသော ပြစ်မှုကျူးလွန်သူ ကျော်ဘဲ့ (ခ)ကျော်ပဲ့ (ခ)ကျော်ပု (၄၁ နှစ်) KNU တပ်မဟာ(၇)၊ ရင်း(၁၀၁) အထူးတပ်ရင်းမှ ခွဲမှူးအဆင့်ရှိ ဂဏန်း၏ လက်အောက်တွင် တာဝန်ထမ်းဆောင်နေသူသည် ကော့ကရိတ်မြို့နယ် ဇော်ဟဲကျေးရွာတွင် ရောက်ရှိနေကြောင်း သတင်းအရ မှုခင်းနှိမ်နင်းရေးခေါင်းဆောင် ရဲအုပ် သန်းထိုက်အောင်၊ ကျုံဒိုးစခန်းမှူး ရဲအုပ် အောင်မြင့်ဝင်းတို့အဖွဲ့၊ နယ်မြေခံတပ်မတော်နှင့် နယ်ခြားစောင့်တပ်ဖွဲ့တို့သည် ဇူလိုင် ၁၀ ရက် နံနက် ၄နာရီခွဲက သွားရောက်ဖမ်းဆီးခဲ့ရာ ကျော်ဘဲ့(ခ)ကျော်ပဲ့ (ခ)ကျော်ပုအား M16 တစ်လက်နှင့် ကျည်အိမ်အတိုတစ်ခု၊ ကျည် ၁၂ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ၎င်းအား စစ်ဆေးမေးမြန်းခဲ့ရာ ကော့ကရိတ်မြို့နယ်၊ ဇော်ဟဲကျေးရွာရှိ ၎င်း၏နေအိမ်အောက်ရှိ သစ်ပုံအောက်တွင် ကျင်းအနက် တစ်ပေခန့်ရှိ ပြောင်းအား နှစ်လက်မကော်ပိုက်စွပ်ထားသည့် ကာဘိုင်သေနတ် တစ်လက်နှင့် ကျည်အိမ်အရှည်တစ်ခုတို့ကို သိမ်းဆည်းခဲ့သည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူအား တရားစွဲတင်ပို့နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကွင်းဆက်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးထက်အောင် (ပြန်/ဆက်)**

# အင်းဝတံတားအနီး သစ်ဖောင်ဂွဲ ကြိုးပြတ်၍မျောရာမှ သစ်ဆွဲမော်တော်ကိုဝင်တိုက်ရာ မော်တော်နစ်မြုပ်

**မုံရွာ ဇူလိုင် ၁၂**

စစ်ကိုင်းမြို့ အင်းဝတံတားအနီး ဧရာဝတီမြစ်အတွင်း ဇူလိုင် ၁၁ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က သစ်ဖောင်ဂွဲကြိုးပြတ်၍မျောရာမှ သစ်ဆွဲမော်တော်တစ်စင်းကို ဝင်တိုက်၍ ဝမ်းဗိုက်ပေါက်ကာ နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သူရိန်မျိုးဝင်း သစ်ဖောင်တွဲမော်တော်(၁)နှင့် (၂) မော်တော်နှစ်စင်းသည် ဧရာဝတီမြစ်အတွင်း ကသာမြို့ ဒေါ်ကဝင်းသစ်ဆိပ်မှ ကျွန်းသားဆိုဒ်စုံ အလုံးရေ ၁၄၀၀ ခန့်ကို စစ်ကိုင်းမြို့ မြန်မာ့သစ်လုပ်ငန်းသို့ပို့ရန် သစ်ဖောင်တွဲ ခုနစ်တွဲဖြင့် စုံဆင်းကာ ဝါးချက်ဆေးရုံအနီး စောင့်ဆိုင်းနေစဉ် ဂွဲကြိုး ပြတ်ကာရေစီးအားဖြင့် သစ်လုံးများ မျောပါသွားပြီး သူရိန်မျိုးဝင်းသစ်ဖောင်တွဲမော်တော်(၁)၏ ဝမ်းဗိုက်ကို တိုက်မိခဲ့ကြောင်း သိရသည်။ ရေစီးအရှိန်နှင့် သစ်လုံးအားဖြင့် ဝင်တိုက်မိသောကြောင့် မော်တော်ဝမ်းဗိုက်ပေါက်ကာ စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက် ကမ်းနားလမ်းအနီး ဧရာဝတီမြစ်အတွင်း သစ်လုံးများနှင့်အတူ မျောပါရောက်ရှိခဲ့သည်။ နစ်မြုပ်သည့် မော်တော်ပိုင်ရှင်မှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်နေသူ ဦးမျိုးဝင်းဖြစ်ပြီး လှေတွဲဦးစီးမှာ စစ်ကိုင်းမြို့နယ် မင်းကွန်းရွာနေ ဦးဝင်းမျိုးဖြစ်ကြောင်း သိရပြီး ဖြစ်စဉ်ကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# အင်းလျားကန်အတွင်း လူတစ်ဦး ခုန်ချသေဆုံး

**ရန်ကုန် ဇူလိုင် ၁၂** - ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း မြန်မာပလာဇာရှေ့ အင်းလျားကန်အတွင်းသို့ ယနေ့ ညနေ ၅ နာရီခန့်က လူတစ်ဦး ခုန်ချခဲ့ကြောင်း မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံအနီး အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်းတာဝန်ခံ ဦးဇွဲရန်နိုင်ထံမှ သိရသည်။ ဖြစ်စဉ်မှာ ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီခန့်က မရမ်းကုန်းမြို့နယ် အမှတ် (၁၀) ရပ်ကွက် အင်းလျားကန်အတွင်း လူတစ်ဦးခုန်ချကြောင်း သတင်းရရှိသဖြင့် တာမွေမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးကျော်လွင်ဦး ဦးဆောင်သော ကယ်ဆယ်ရေး ယာဉ်တစ်စီး၊ စမ်းချောင်းမြို့နယ် ကယ်ဆယ်ရေး ယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ အင်းလျားကန်အတွင်း အသက် ၃၀ ခန့် လူတစ်ဦး ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဆယ်ယူခဲ့ပြီး ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနေကြောင်း စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှ တပ်ကြပ်ကြီး ဦးကျော်ဝင်းက ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**


## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ/နိုင်ငံခြားငွေများဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | စက်အမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | ATMC Electronic facilities solution | 1-set | မြန်မာကျပ်ငွေ |
| ၂ | ပုဂံညောင်ဦးလေဆိပ်နှင့်မာန်အောင်လေဆိပ်တို့တွင် အသုံးပြုမည့် လေယာဉ်ပြေးလမ်းသုံး ကတ္တရာ | ၂၀၇.၂၆ တန် | -။- |
| ၃ | Rapid Intervention Vehicle(RIV) | 1 No | နိုင်ငံခြားငွေ |
| ၄ | VHF Transmitter & Receiver | 5-sets | -။- |
| ၅ | Spare parts for Selex DVOR/DME | 1-lot | -။- |
| ၆ | ATC Training & Backup System (Phase I) | 1-lot | -။- |
| ၇ | Spare parts for HF Medium Power (1 KW)/Low Power (125W) | 1-Lot | -။- |
| ၈ | Spare parts for AFIS | 1-Lot | -။- |
| ၉ | Spare parts for Selex ILS/DME | 1-lot | -။- |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၇-၇-၂၀၁၇ရက်မှစ၍ ရုံးချိန် အတွင်း ရောင်းချမည်ဖြစ်ပြီး ၇-၈-၂၀၁၇ရက်တွင် တင်ဒါပိတ်ပြီး ၉-၈-၂၀၁၇ရက် ညနေ ၃နာရီအတွင်း တင်ဒါများပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့် ပတ်သက်၍ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၅၃၃၀၀၆၊ ၀၁-၅၃၃၀၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**

## အမည်ပြောင်း

ဦးမျိုးဇော်အုန်း ၁၄/ဒဒရ(နိုင်)၀၀၀၁၁၆၏သား ဒေးဒရဲမြို့ မြို့မ အမက၊ တတိယတန်းမှ မောင်စံထူးလွင်အား မောင်ဉာဏဇော်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ဉာဏဇော်**

## ဖခင်အမည်မှန်

အထက - ၂ သဃ်န်းကျွန်း၊ Grade-7မှ မယွန်းပိုပိုဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းမင်း ၅/ဝလန(နိုင်)၁၁၈၉၃၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရွှေဘိုမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်အောင်စိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်ဦး ၅/ရဘန(နိုင်)၁၅၉၁၂၇ ဖြစ်ပါကြောင်း။ **ဦးထွန်းနိုင်ဦး**

## ဖခင်အမည်မှန်

ရွှေဘိုမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ထက်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးလှထွန်း ၅/ရဘန(နိုင်)၀၅၃၉၇၉ ဖြစ်ပါကြောင်း။ **ဦးလှထွန်း**

## လူပျောက်ကြော်ငြာ



အထက်ပါဓာတ်ပုံရှင် ဦးအောင်သိန်း အသက်(၉၀)သည် အမှတ် ၁၁၃၅/ခ၊ စက်မှုကြွေမြေလမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် ပျောက်သွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်ပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၄၃၀၂၃၄၂၁၊ ၀၉-၄၃၀၂၇၆၄၆၊ ၀၉-၄၃၁၅၈၄၆၃**

## ဖခင်အမည်မှန်

ရွှေဘိုမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကျော်ဇင်မျိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးခိုင် ၅/ရဘန(နိုင်)၂၀၈၀၈၉ ဖြစ်ပါကြောင်း။ **ဦးမျိုးခိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ် ဇင်း အထက တက္ကသိုလ်ဝင်တန်းမှ မနန္ဒာမိုး၏ ဖခင် ဦးဖိုးကြာ ၅/ကဘလ(နိုင်)၂၀၉၂၈၄နှင့် ဦးဖိုးကြိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဖိုးကြာ(ခ)ဦးဖိုးကြိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၆၃၄၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## အမည်မှန်

အမ်းမြို့နယ်၊ မွားအုပ်စု၊ ညောင်ချောင်ကျေးရွာနေ အမ်းမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မောင်အံ့ဗိုလ်၏ အမည်မှန်မှာ မောင်အံ့မော်ထူးဖြစ်ပြီး ၎င်း၏ ဖခင်ဦးစံမြင့်၏ အမည်မှန်မှာ ၁၁/အမန(နိုင်)၀၆၇၇၅၈ အရ ဦးစုပါ ဖြစ်ပါကြောင်း။ **ဦးစုပါ မောင်အံ့မော်ထူး**

## လမ်းမတန်းမြေကွက်
### (အရစ်ကျစနစ်ဖြင့် ရောင်းရန်ရှိသည်)

၁လလျှင် သိန်း(၅၅၀/-နှုန်း)၊ ၁၅ လအရစ်ကျစနစ်ဖြင့် ပေ(၃၀×၅၀)၊ သုဓမ္မာလမ်းမကြီးပေါ်၊ မြောက်ဥက္ကလာပမြို့နယ် သီရိရတနာဈေးရှေ့၊ အောင်မင်္ဂလာအဝေးပြေးကားဂိတ်အနီးမြေကွက် **ရောင်းရန်ရှိသည်။**

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၈၈၂၀၀၇၆၉(ရုံးချိန်အတွင်းသာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2302 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/5964 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းရုံး၊ပဲခူး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ လှတော အထက နဝမတန်း(A)မှ မောင်နော်လင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၅/ဝလန(နိုင်)၀၄၁၂၃၈ ဖြစ်ပါကြောင်း။ **ဦးကျော်စိုး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက ဝန်းသို နဝမတန်း(D)မှ မထက်ထက်ဘုန်းကျော်၏ ဖခင်အမည်မှန်မှာ ဦးဖုန်းကျော် ၅/ဗမန(နိုင်)၀၀၀၅၁၃ ဖြစ်ပါကြောင်း။ **ဦးဖုန်းကျော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ ရဲဒွေးကျေးရွာမှ ဦးသန်းနိုင် ၅/ကဘလ(နိုင်)၁၅၆၅၅၈နှင့် ဦးစိုးနိုင်ဝင်းသည်လည်းကောင်း၊ ဒေါ်စိုးကြည် ၅/ကဘလ(နိုင်)၀၀၅၉၃၀ နှင့် ဒေါ်ချိုသည်လည်းကောင်း တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသန်းနိုင်(ခ)ဦးစိုးနိုင်ဝင်း ဒေါ်စိုးကြည်(ခ)ဒေါ်ချို**

# အမျိုးသားဟော်ကီပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဖလား လူသစ်တန်း အမျိုးသားဟော်ကီပြိုင်ပွဲကို ဇူလိုင် ၁၁ ရက် ညနေပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီ မြက်ခင်းတုကွင်း၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**



"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အတွေ့အကြုံ ရရှိအောင် ဆီးဂိမ်းအတွက် ရွေးချယ်ထားတဲ့ လက်ရွေးစင် အမျိုးသားအသင်း ထည့်သွင်းပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အမျိုးသားပြိုင်ပွဲဆိုပေမယ့် အသင်းတိုင်းမှာ လက်ရည်ကောင်းတဲ့ ကစားသမားတွေပါတယ်။ အမျိုးသမီးအသင်းက အမျိုးသား ခြောက်သင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ရရှိလာမယ့် အတွေ့အကြုံတွေကို ဆီးဂိမ်းအတွက် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်နိုင်အောင် ထည့်သွင်းပေးတာ ဖြစ်ပါတယ်" ဟု အတွင်းရေးမှူး ဦးခင်မောင်လတ်က ပြောသည်။

ပထမနေ့ပွဲစဉ်အဖြစ် သိမ်ဖြူလူငယ်အသင်းနှင့် လက်ရွေးစင်အမျိုးသမီး အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲတွင် အသင်းခုနစ်သင်းမှ အားကစားသမား တစ်ရာကျော်တို့ ယနေ့ပင် နှစ်ပွဲယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်စိုး (မြန်မာ့အလင်း)၊ ဓာတ်ပုံ- ညီညီစိုးညွန့်**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ



- ❖ ရှန်းနေသည် ရာသီအကြိုတွင် အဲဗာတန်အသင်းထံသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် အပြီးသတ်ပြန်လည်ပြောင်းရွှေ့ပြီးနောက် ဇူလိုင် ၁၃ ရက် (ယနေ့) တွင် ချစ်ကြည်ရေးပွဲစဉ်အဖြစ် ကင်ညာကလပ် ဂေါ်မာဟီယာအသင်းနှင့် ပွဲစဉ်သည် ၎င်း၏ အဲဗာတန်အသင်းနှင့် ဒုတိယအကြိမ်မြောက် ပွဲဦးထွက်အဖြစ် ကစားမည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။ ရာသီအကြိုပွဲစဉ်ကစားရန် ထွက်ခွာသွားသော ကစားသမားစာရင်းတွင် အသစ်ဝယ်ယူထားသော မိုက်ကယ် ကိန်းနှင့် ကလာဆင်တို့ပါဝင်ကြောင်းလည်း သိရသည်။
- ❖ မန်ချက်စတာယူနိုက်တက်အသင်းသည် ဘယ်လ်ဂျီယံတောင်ပံကစားသမား ဂျာ နူဇက်ကို ပြောင်းရွှေ့ကြေး ပေါင် ၉ ဒသမ ၈ သန်းခန့်ဖြင့် စပိန်ကလပ် ရီးရဲဆိုစီဒက်အသင်းနှင့် သဘောတူညီလိုက်ကြောင်း သိရသည်။ ဂျာနူဇက် (၂၂နှစ်) သည် ၎င်းအသက် ၁၆ နှစ်အရွယ်တွင် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ် အသင်းမှ မန်ယူသို့ရောက်ရှိလာသူဖြစ်ကြောင်းလည်း သိရသည်။
- ❖ အဲရစ်ဒိုင်ယာသည် မန်ယူအသင်းသို့ ပြောင်းရွှေ့လိုနေပြီး စပါးအသင်းမှ ထွက်ခွာချင်ကြောင်း သိရသည်။ ထို့အပြင် မန်ယူအသင်းကလည်း အဆိုပါ ကွင်းလယ်ကစားသမား ဒိုင်ယာ (၂၃နှစ်) ကို ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်ရန် ဆန္ဒ ရှိနေသည်။
- ❖ တန်ဇန်းနီးယားသို့ ထွက်ခွာသွားသော ကစားသမားစာရင်းတွင် အင်္ဂလန် ကွင်းလယ်ကစားသမား ရို့စ်ဘာကလေ ချန်လှပ်ခံရပြီးနောက် အဲဗာတန်အသင်း၌ အဆိုပါကစားသမား၏ အနာဂတ်သည် မှုန်ဝါးစပြုလာကြောင်း သိရသည်။
- ❖ မိုနာကိုနှင့် ပြင်သစ်လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီ(၁၈နှစ်)သည် အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ရေးနှင့်ပတ်သက်ပြီး နည်းပြ အာစင်ဝင်းဂါးနှင့်အတူ သုံးနာရီကြာ ဆွေးနွေးခဲ့ကြောင်း သိရသည်။
- ❖ ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ရီးရဲတိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်ကို အပြီးသတ်ဝယ်ယူခွင့်နှင့်အတူ နှစ်နှစ် အငှားစာချုပ်ဖြင့် စာချုပ်ချုပ်ဆိုလိုက်ကြောင်း သိရသည်။
- ❖ ပီအက်စ်ဂျီအသင်းသည် မန်စီးတီးနှင့် ပြင်သစ်နောက်ခံကစားသမား မန်ဂါလာ (၂၆နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ❖ အဲဗာတန်အသင်းသည် အသင်းမှထွက်ခွာသွားသော လူကာကူ၏ နေရာအစားထိုးရန် ခရစ္စတယ်ပဲလေ့စ်နှင့် ဘယ်လ်ဂျီယံ တိုက်စစ်မှူးတစ်ဦးဖြစ်သော ဘန်တီကီနှင့် အစားထိုးရန် ဆန္ဒရှိနေသော်လည်း ခရစ္စတယ်ပဲလေ့စ်အသင်းက ၎င်းကို ရောင်းထုတ်ရန် ဆန္ဒမရှိကြောင်း သိရသည်။
- ❖ ဝက်စ်ဟမ်းအသင်းသည် မန်စီးတီးနှင့် အင်္ဂလန်ဂိုးသမား ဂျိုးဟတ် ( ၃၀နှစ်) ကို အငှားဖြင့်သာ ခေါ်ယူရန်ဆန္ဒရှိကြောင်း သိရသည်။

**ဇော်ဇော်**





# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကို အောက်ပါဈေးနှုန်းအတိုင်းပို့ဆောင်ပေးပါမည်။ ခရီးစဉ်အားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။

၁၂ ရက်ခရီး-ဟိုတယ်(၃)ည ➔ဈေးနှုန်း (စရံငွေ ၂ သိန်း+ ဒေါ်လာ ၇၅၀)
၁၅ ရက်ခရီး-ဟိုတယ်(၅)ည ➔ဈေးနှုန်း (စရံငွေ ၂ သိန်း+ ဒေါ်လာ ၈၀၀)
၁၅ ရက်ခရီး-ကိုလ်းကတ္တားပါဟိုတယ်(၄)ည ➔(စရံငွေ ၂ သိန်း+ ဒေါ်လာ ၈၅၀)

ဇွန်လ(၂၃)ရက်မှ ဇူလိုင် (၃၁)ထိ (၁၂)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါသည်။

သီရိလင်္ကာစွယ်တော်လှည့်လည်ပူဇော်ပွဲ - သီရိမဟာဗောဓိ - အနုရာဓပူရ - ပေါလောနာရုဝ - ကန္ဒီမြို့ - ကိုလံဘို
ထိုင်းနိုင်ငံ ဘန်ကောက် မြဘုရား + အပျော်စီးသင်္ဘော (Dinner Cruise)
(၇)ညအိပ် (၈)ရက်ခရီး-ဟိုတယ်(3 Star) - 1500 USD (စရိတ်ငြိမ်း)

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
ဖုန်း-၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉၅၁၂၀၅၂၉
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်-၈၈၊ ၆၈လမ်း၃၃ x ၃၄ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖုန်း-၀၉-၇၇၅၅၅၅၃၄၀၊၀၉-၇၇၅၅၅၅၃၄၁

## လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် လွိုင်ကော်ခရိုင်အတွင်း လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၇-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၈-၂၀၁၇ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ်၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၃-၂၂၂၁၄၉၄၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၃-၂၂၂၁၀၀၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လုပ်ငန်းအိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**ကယားပြည်နယ်၊ လမ်းဦးစီးဌာန**

## ဖခင်အမည်မှန်

ဦးထွန်း၏သမီး၊ သံဖြူဇရပ်မြို့နယ် ကရပ်ပို့ကျေးရွာ အထက အဌမတန်းမှ မနန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း ၁၀/မဒန(နိုင်)၁၅၂၆၈၄ဖြစ်ပါကြောင်း။ **ဦးတင်ထွန်း**

## အမည်ပြောင်း

သာကေတမြို့နယ်နေ ဦးသက်နိုင် ၈/ဆပဝ(နိုင်)၀၆၄၃၄၁၏ သမီး အမက(၂၅) စတုတ္ထတန်းမှ မစုလဲ့နိုင်အား မမေဇွန်သက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/9691 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၆-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)တွင်ပါရှိသော ယာဉ်အမှတ် ၅၂ယ/၈၆၃၄၈ အစား ယာဉ်အမှတ် ၅၂ယ/၈၆၁၄၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/1169 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု ညောင်နီကျေးရွာနေ ဦးခင်မောင်ဇော် ၁၃/နခတ(နိုင်)၀၆၂၀၅၂နှင့် ဦးအောင်ဝင်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၃၆)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်မှာ ဒေါ်သိန်းသိန်း(CB-029284) ၉/မမန(နိုင်)၀၂၈၈၂၅ အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးခင်မောင်အေး ၁၂/ရကန(နိုင်)၀၃၃၇၂၉ က တစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငွေငွေဝင်း(LL.B, D.I.L, WIPO(Switzerland))**
**အထက်တန်းရှေ့နေ**
**အမှတ်-၃၁၊ ကျောက်မြောင်းဈေးလမ်း၊ ဖျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## အများသိစေရန်ကြေညာခြင်း

ဦးမူလယ် ၁၂/ဥကမ(နိုင်)၁၀၀၂၄၉၊ ဒေါ်နော်စေးလယ်ဝါး ၁၂/ဥကမ(နိုင်)၀၈၅၆၄၄ တို့ အပြည့်အဝပိုင်ဆိုင်သော အမှတ်(၄၀၁)၊ နွယ်နီ ၁၀ လမ်း၊ င/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်(င)၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ ယင်းမြေကွက်၏တောင်ဘက်အခြမ်း (အလျား ပေ ၂၀× အနံ ပေ၆၀) အကျယ်အဝန်းရှိမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် အလို့ငှာ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ်**
**LL.B, Diploma in Business Law**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၄၈၂)၊ မြင်တော်သာလမ်း၊ ၁/ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉ လမ်း၊ အမှတ် (၉၄)၊ ၈-လွှာအရှေ့ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင် [၁၀/မလမ(နိုင်)၁၁၀၇၃] ထံမှ ဦးမြသိန်း [၈/ရနခ(နိုင်)၀၉၄၂၇၉] မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသိန်း [၈/ရနခ(နိုင်)၀၉၄၂၇၉]
ဖုန်း-၀၉ ၇၇၄၄၀၀၅၈၈

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း**

**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေ အမှတ်၊ ။ )**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**( ၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို**ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ကလေးသူငယ်ကို ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း သို့မဟုတ် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ ပြစ်မှုတစ်ခုခုသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီလျှင် ဤဥပဒေအရသာစီရင်ပိုင်ခွင့်ရှိစေရမည် -

(က) နိုင်ငံတော်အတွင်း မည်သူမဆို ကျူးလွန်ခြင်း၊

(ခ) ပြည်ပတွင် မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားသူကဖြစ်စေ ကလေးသူငယ်တစ်ဦးဦးအပေါ် ကျူးလွန်ခြင်း၊

(ဂ) နိုင်ငံတော်၏တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်ပြီး နိုင်ငံတော်အလံလွှင့်ထူခွင့်ရှိသော ရေယာဉ်သို့မဟုတ် လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်း၊

(ဃ) ဤဥပဒေအခန်း(၁၈)ပါ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်း ခံရသူအား ပြည်ပနိုင်ငံတစ်ခုခုသို့ လွှဲပြောင်းပေးပို့ခြင်းမပြုသည့်ကိစ္စ၌ ထိုသူက နိုင်ငံတော်အတွင်းရှိနေခြင်း။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကလေးသူငယ်**ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။

(ဂ) **အသက်နှင့်စပ်လျဉ်းသည့်အထောက်အထား**ဆိုသည်မှာ ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်း၍မွေးစာရင်း၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဆရာဝန်၏ ဆေးထောက်ခံချက်၊ အိမ်ထောင်စုစာရင်းနှင့် အခြားခိုင်လုံသော အထောက်အထား စာတမ်းအမှတ်အသား တစ်ခုခုကိုဆိုသည်။

(ဃ) **ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွား**ဆိုသည်မှာ ကလေးသူငယ်၏ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင်ပါဝင် ဆောင်ရွက်ခွင့်ရရှိစေရေးတို့အတွက်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှု အများဆုံးဖြစ်စေသည့် ကလေးသူငယ်အခွင့်အရေးများရရှိခံစားခြင်းကို ဆိုသည်။

(င) **ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်** ဆိုသည်မှာ နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စွပ်စွဲခံရသော သို့မဟုတ် တရားခံအဖြစ် တရားစွဲဆိုခြင်းခံရသော ကလေးသူငယ်ကို ဆိုသည်။

(စ) **ကလေးသူငယ်မှုခင်း**ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ် အရ ကလေးသူငယ်အားကလေးသူငယ်တရားရုံးသို့ တရားစွဲ ဆိုတင်ပို့သောပြစ်မှုကိုဆိုသည်။

(ဆ) **ကလေးသူငယ်တရားရုံး**ဆိုသည်မှာ ဤဥပဒေအရ ကလေးသူငယ်ပါဝင်သောမှုခင်းများကိုစစ်ဆေးစီရင်ရန်ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တည်ထောင်ထားသောတရားရုံးကိုဆိုသည်။

(ဇ) **အုပ်ထိန်းသူ**ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ ဓလေ့ထုံးတမ်းအစဉ်အလာတစ်ရပ်ရပ်အရသော်လည်း ကောင်း မိသားစုလူမှုဝတ္တရားနှင့်အညီ ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်သူကိုဆိုသည်။

(ဈ) **ပြုစုစောင့်ရှောက်သူ**ဆိုသည်မှာ ကာကွယ်စောင့်ရှောက်မှု လိုအပ်သောကလေးသူငယ်အား ဤဥပဒေနှင့်အညီ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားရန် တာဝန်ယူသောသူကိုဆိုသည်။

(ည) **သင်တန်းကျောင်း**ဆိုသည်မှာ ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်းကျောင်းကို ဆိုသည်။

(ဋ) **ပရဟိတဂေဟာ**ဆိုသည်မှာ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းကဖြစ်စေ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုစောင့်ရှောက်ရန် ရည်ရွယ်၍ ဤဥပဒေနှင့်အညီ မိမိတို့၏ အစီအစဉ်ဖြင့် တည်ထောင်ထားသော စခန်း၊ ဂေဟာ၊ ကျောင်း သို့မဟုတ် ရိပ်သာကိုဆိုသည်။

(ဌ) **ယာယီစောင့်ရှောက်ရေးဂေဟာ** ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အမှုစုံစမ်းစစ်ဆေးဆဲကာလနှင့် ကလေးသူငယ်တရားရုံးတွင် စစ်ဆေးစီရင်ဆဲကာလတို့အတွင်း ယာယီထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ ဤဥပဒေအရ တည်ထောင်ထားသောဂေဟာကိုဆိုသည်။

(ဍ) **အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း (Alternative Care)** ဆိုသည်မှာ အခြေအနေတစ်ရပ်ရပ်ကြောင့် မိရင်းဖရင်း ပြုစု စောင့်ရှောက်မှုဆုံးရှုံးသွားသော သို့မဟုတ် မရရှိသောကလေးသူငယ်များအားမိရင်းဖရင်းကဲ့သို့ ပြုစုစောင့်ရှောက်မှုနည်းလမ်းတစ်ခုခုဖြင့် ပြုစုစောင့်ရှောက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဆွေမျိုးသားချင်းများမှ ပြုစုစောင့်ရှောက်ခြင်း၊ သင်တန်းကျောင်းအခြေပြု ပြုစုစောင့်ရှောက်ခြင်း၊ ယာယီပြုစုစောင့်ရှောက်ခြင်းစသည့် နည်းလမ်းများ ပါဝင်သည်။

(ဎ) **အခြားနည်းလမ်းဖြင့်လွှဲပြောင်းဆောင်ရွက်ခြင်း(Diversion)** ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသောကလေးသူငယ်ကို ပြစ်ဒဏ်ချမှတ်မည့်အစားအကျင့်စာရိတ္တပြုပြင်ရေးနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ရေးကို ဦးတည်၍ ထိုကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုခြင်းမပြုမီဖြစ်စေ၊ ကလေးသူငယ်တရားရုံးတွင် အမှုစစ်ဆေးနေစဉ်ကာလအတွင်းတွင်ဖြစ်စေကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ပြောင်းလဲ၍ဆောင်ရွက်ပေးသည့် အခြားလုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(ဏ) **မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကိုဆိုသည်။

(တ) **ကလေးသူငယ်ကိုရောင်းချခြင်း**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးက ဖြစ်စေ၊ ဂိုဏ်းအုပ်စုကဖြစ်စေကလေးသူငယ်ကိုအခြားသူအား ငွေကြေးဖြင့်ဖြစ်စေ၊အဖိုးစားနား သို့မဟုတ် ကတိနှင့်ညီညွတ်ချက်တစ်ခုခုအတွက်ဖြစ်စေ လွှဲပြောင်းပေးခြင်းကိုဆိုသည်။

(ထ) **ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း**ဆိုသည်မှာ ငွေကြေးဖြင့် ဖြစ်စေ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်တစ်ခုခုအတွက် ဖြစ်စေကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုခြင်းကိုဆိုသည်။

(ဒ) **ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း** ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာလုပ်ငန်းများအတွက် ရည်ရွယ်၍ တစ်စုံတစ်ယောက်က ကလေးသူငယ်ကို ကာမဆက်ဆံမှုပြုခြင်းဖြစ်စေ၊ အမှန်တကယ် ကာမဆက်ဆံမှုမပြုဘဲ ပုံသဏ္ဌာန်ပြုလုပ်ခြင်းဖြစ်စေ၊ ကာမဆက်ဆံပုံကို သို့မဟုတ် လိင်ပိုင်းဆိုင်ရာအင်္ဂါအစိတ်အပိုင်းကိုဖြစ်စေတစ်နည်းနည်းဖြင့် ညစ်ညမ်းပုံပြုလုပ်ခြင်း၊သတင်းမီဒီယာမှသော်လည်းကောင်း၊ အင်တာနက်စာမျက်နှာများနှင့်လူ မှုကွန်ရက်များမှသော်လည်းကောင်း၊အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ထုတ်ဖော်ပြသခြင်း၊ ထုတ်လွှင့်ခြင်းသို့မဟုတ် ဖြန့်ချိခြင်းကို ဆိုသည်။

(ဓ) **ခေါင်းပုံဖြတ်ခြင်း (Exploitation)** ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် ကလေးသူငယ်တစ်ဦးအား ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ အခြားတစ်နည်းနည်းဖြင့် လိင်ပိုင်းဆိုင်ရာကိစ္စ ပြုလုပ်စေခြင်း၊အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းကို ဖြစ်စေ၊ ကလေးသူငယ်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကို ဖြစ်စေပြုရာမှငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံရယူခြင်းသို့မဟုတ် လက်ခံရယူရန် သဘောတူခြင်းပါဝင်သည်။

(န) **အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း (Worst forms of child labour)** ဆိုရာတွင် အောက်ပါပြုလုပ်မှုတစ်ခုခု ပါဝင်သည်-

(၁) ကလေးသူငယ်ကို ရောင်းချခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကျေးပိုင်ကျွန်ပိုင် ပြုလုပ်ခြင်း၊ လူကုန်ကူးမှုကျူးလွန်ခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ လက်နက်ကိုင်ပဋိပက္ခတွင် အသုံးချရန်တပ်သားအဖြစ်အဓမ္မ သို့မဟုတ် မလုပ်မနေရစုဆောင်းခြင်း အပါအဝင်အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် မလုပ်မနေရအလုပ်ခိုင်းစေခြင်း၊

(၂) ပြည့်တန်ဆာပြုလုပ်ခိုင်းစေရေးအတွက်ဖြစ်စေ၊ ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်းပြုရေးအတွက်ဖြစ်စေ၊ ညစ်ညမ်းပုံပြသ သရုပ်ဆောင်ရေးအတွက်ဖြစ်စေ ကလေးသူငယ်ကို အသုံးပြုခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊

(၃) မူးယစ်ဆေးဝါးထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအပါအဝင်မူးယစ်ဆေးဝါးတရားမဝင် လုပ်ကိုင်ဆောင်ရွက်မှုများအတွက် ကလေးသူငယ်ကို အသုံးပြုခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊

(၄) လုပ်ကိုင်သော အလုပ်သဘာဝနှင့် အခြေအနေများအရ ကလေးသူငယ်၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသော အလုပ်ခိုင်းစေခြင်း။

(ပ) **ခွဲခြားဆက်ဆံခြင်း** ဆိုသည်မှာ နိုင်ငံသား၊ မျိုးနွယ်စု၊ လူမျိုး၊ ဇာတိ၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာမှု၊ မသန်စွမ်းမှု၊ နိုင်ငံရေး သို့မဟုတ် ယုံကြည်မှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုကိုဆိုသည်။

(ဖ) **ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသောကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အားကိုယ်ထိလက်ရောက်အင်အားသုံး၍ အသက်သေစေလောက်သော သို့မဟုတ် အပြင်းအထန် ထိခိုက်ဒဏ်ရာရစေသော အကြမ်းဖက်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုများလည်း ပါဝင်သည် -

(၁) နှိပ်စက်ညှဉ်းပန်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာ ကျဆင်းစေသော ပြုမူဆက်ဆံမှု၊

(၂) ရိုက်နှက်ပြစ်ဒဏ်ပေးမှု အပါအဝင် တစ်နည်းနည်းဖြင့် အပြစ်ပေးမှု၊

(၃) ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်မှု။

(ဗ) **စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ ကလေးသူငယ်ကို စိတ်ပိုင်းဆိုင်ရာထိခိုက်အောင်မကြာခဏ မတရားဆက်ဆံခြင်း၊ စော်ကားခြင်း၊ အလွဲသုံးခြင်း၊ စိတ်တွင်ကြိတ်မှိတ်ခံစားစေအောင် ပြုမူခြင်း သို့မဟုတ် လျစ်လျူရှုခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည် -

(၁) ကလေးသူငယ်ကို အကြိမ်ကြိမ်စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသော ပြုလုပ်မှု၊

(၂) ကလေးသူငယ်ကို ကြောက်လန့်စေခြင်း၊ ထိတ်လန့်စေခြင်း၊ ခြိမ်းခြောက်ခြင်း၊ အမြတ်ထုတ်စော်ကားခြင်း၊ အထီးကျန်ဖြစ်အောင် ပြုလုပ်ခြင်း၊ ဂရုမစိုက်ခြင်း၊ ကလေးသူငယ်၏ ဆန္ဒကို ငြင်းပယ်ခြင်းနှင့် အခြားကလေးသူငယ်များကိုသာ မျက်နှာသာပေးခြင်းတို့နှင့်ဆိုင်သည့် ပြုလုပ်မှု၊

(၃) ကလေးသူငယ်၏ စိတ်ခံစားမှုအရဖြစ်ပေါ်သည့် အပြုအမူများကို ခွင့်မပြုခြင်း၊

(၄) အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် ဆိုးရွားသောဆက်ဆံမှုကို တွေ့မြင်ခံစားရစေခြင်း၊

(၅) ကလေးသူငယ်၏ လူ့ဂုဏ်သိက္ခာကျဆင်းအောင် ထိန်းသိမ်းထားခြင်း၊

(၆) စိတ်ပိုင်းဆိုင်ရာထိခိုက်အောင် အနိုင်ကျင့်စော်ကားခြင်း။

(ဘ) **လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသောကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား သွေးဆောင်ဖြားယောင်းခြင်း၊ အဓမ္မတိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်းသို့မဟုတ် အနိုင်အထက်ပြုခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ ပြုမူလုပ်ဆောင်ခြင်း သို့မဟုတ် ထိုသို့လုပ်ဆောင်ရန် အားပေးခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်အားလိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည် -

(၁) ထိတွေ့ပွတ်သပ်ကိုင်တွယ်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် အတင်းအကျပ် ပြုလုပ်မှု၊

(၂) စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပြုရန် အသုံးပြုခြင်း၊

(၃) ဒီဂျစ်တယ်နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း၊

(၄) အတင်းအကျပ်လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း။

(မ) **လျစ်လျူရှုခြင်း** ဆိုသည်မှာ မိဘ၊ အုပ်ထိန်းသူသို့မဟုတ်ကလေးနှင့် ထိတွေ့ဆက်ဆံနေရသူများက ကလေးသူငယ်အပေါ်လုံလောက်သောအစားအစာ၊ အဝတ်အစားနှင့် ကျန်းမာရေးအတွက် ဂရုစိုက်စောင့်ရှောက်မှု၊ ချစ်ခင်ကြင်နာမှု၊ နွေးထွေးမှုစသည့် ကလေးသူငယ်များအတွက် အခြေခံလိုအပ်ချက်များအားဖြည့်ဆည်းပေးရန် ပျက်ကွက်ခြင်းကို ဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဇုန်မှ မြေအောက်ရေသယံဇာတတည်ရှိမှု

**ငွေးလွင်(မြေအောက်ရေ)**

ရေသည် လူသားတို့သာမက ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါနှင့် အပင်များ ရှင်သန်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်အရေးပါလှပါသည်။ ကမ္ဘာပေါ်ရှိ ရေသယံဇာတ စုစုပေါင်း ပမာဏကို ၁၅၀ လီတာရှိမည်ဟု ယူဆပါက ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေငန်ပမာဏမှာ ၁၄၆ လီတာခန့်ရှိပြီး ကျန်လေးလီတာ ခန့်သာ ရေချိုအဖြစ် တည်ရှိနေပါသည်။ အဆိုပါရေချိုလေးလီတာတွင် သုံးလီတာခန့်မှ ထုတ်ယူသုံးစွဲ၍မရသည့် ရေခဲတောင်များ၊ ဝင်ရိုးစွန်းရေခဲပြင်များအဖြစ်တည်ရှိနေကာ ကျန်တစ်လီတာ ခန့်သာ ထုတ်ယူသုံးစွဲနိုင်သည့် ရေချိုအဖြစ် တည်ရှိနေပြီး ယင်းရေချိုတစ်လီတာတွင် ပါဝင်သည့် ၉၉ ရာခိုင်နှုန်းသော ရေများကို မြေအောက်ရေအဖြစ် သိုလှောင်ထားရှိကြောင်း ယူနက်စကိုရှိ ရေကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသဖြင့် မြေအောက်ရေသည် ကမ္ဘာပေါ်တွင် မည်မျှအရေးကြီးကြောင်း သိသာထင်ရှားလှပေသည်။

ယနေ့ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော နိုင်ငံအများစုသည် မြေအောက်ရေနှင့် ပတ်သက်၍ နေ့စဉ်နှင့် အမျှတိုးတက်ထုတ်ယူသုံးစွဲမှုသာရှိပြီး သယံဇာတစဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်နေစေရေး အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းနေကြောင်း သုံးသပ်တွေ့ရှိရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ယေဘုယျအားဖြင့် ရေသယံဇာတ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာရှဒေသရှိ ရေချို အရင်းအမြစ်စုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းခန့်နှင့် အရှေ့တောင်အာရှရေချိုအရင်းအမြစ် စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်း ပိုင်ဆိုင်ထားသော နိုင်ငံလည်းဖြစ်ပေသည်။ သို့သော်လည်း နေရာဒေသအလိုက် မိုးရေချိန်မတူညီမှု၊ မိုးရွာသွန်းမှုပုံစံကွာခြားမှု၊ ပင်လယ်ရေငန်တိုးဝင်မှုတို့ကြောင့် မြန်မာနိုင်ငံအချို့နေရာဒေသများတွင် ရေရှားပါးမှုအခက်အခဲများ၊ ရေချိုရှားပါးမှုအခက်အခဲများ နှစ်စဉ်ကြုံတွေ့နေရဆဲဖြစ်ပေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း မြေအောက်ရေဆိုင်ရာ သုတေသနပြုလေ့လာမှုလုပ်ငန်းများကို တင်ပြရပါက ၁၉၈၀ ပြည့်လွန်နှစ်များမှ အစပြုရမည် ဖြစ်ပေသည်။ အဆိုပါကာလအတွင်း လယ်ယာနှင့်သစ်တောရေးရာဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနအောက်ရှိ ကျေးရွာရေရရှိရေးဌာနခွဲမှ ဦးဆောင်၍ ၁၉၇၈ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်ဒေသ (စစ်ကိုင်း၊ မန္တလေး၊ မကွေး) တိုင်းဒေသကြီးများရှိ ရေရှားပါးသောကျေးရွာများတွင် မြေအောက်ရေတွင်း စုစုပေါင်း ၃၀၀၀ ကို UNICEF, WHO, Australlia Development Assistance Bureau (ADAB) အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်က ပင်စတင်၍ မြေအောက်ရေနှင့် ပတ်သက်သည့် သုတေသနပြုလေ့လာမှုကို ဩစတြေးလျနိုင်ငံမှ မြေအောက်ရေပညာရှင် Dr.Len Drury နှင့် ကျေးရွာရေရရှိရေးဌာနခွဲမှ ဘူမိဗေဒ



ပညာရှင်များ၊ တွင်းတူးပညာရှင်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ဘူမိဗေဒပါမောက္ခများ၊ ဆရာ ဆရာမများ ပူးပေါင်း၍ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများ၏ ဇလဘူမိဗေဒ (Hydrogeology)နှင့် ဇလဓာတုဗေဒ (Hydro-chemistry)အခြေပြ မြေပုံများပြုစုရေးဆွဲခြင်းနှင့် အသေးစိတ် အစီရင်ခံစာ ပြုစုခြင်းတို့ကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ပါသည်။

သို့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတကာအထောက်အပံ့အကူအညီများ ရပ်ဆိုင်းခဲ့ပြီးနောက် အထက်ပါသုတေသနပြုလုပ်ငန်းမှာ ၂၈ နှစ်ခန့် ဆိုင်းငံ့ခဲ့ရပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)ရှိ မြေအောက်ရေဌာနခွဲသည် မြေအောက်ရေရရှိရန် အခြေအနေပေးသည့်နေရာများ ရွေးချယ်၍ စိုက်ပျိုးရေရရှိရေးအတွက် စက်ရေတွင်းများတူးဖော်ပေးခြင်း၊ ရေရှားပါးသော မြန်မာနိုင်ငံအလယ်ပိုင်းနှင့် တောင်ပေါ်ဒေသများတွင် သောက်သုံးရေစက်ရေတွင်းများတူးဖော်ပေးခြင်း၊ တူးဖော်ပြီး သောမြေအောက်ရေကို သောက်သုံးရန်သင့်၊ မသင့်ကိုလည်းကောင်း၊ စိုက်ပျိုးရန် သင့်၊ မသင့်ကိုလည်းကောင်း ရေနမူနာဓာတ်ခွဲစမ်းသပ်ပေးခြင်းနှင့် မြေအောက်



**Dr. Len Drury မှ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးနေပုံ**

ရေဘာသာရပ်ဆိုင်ရာ သုတေသနပြုစူးစမ်းလေ့လာမှုများကို အကောင်အထည်ဖော် ဆောင်ရွက်နေသောဌာနတစ်ခု ဖြစ်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ၏ ဦးဆောင်မှုဖြင့် ၂၀၁၆ ခုနှစ် မတ် ၂၆ ရက်မှ ၂၇ ရက်အထိ "Reviewing Water Well Drilling Experiences and Hydrogeological Status of Myanmar" အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Excel Capital Hotel ၌ နှစ်ရက်ကြာဆွေးနွေးကျင်းပခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြေအောက်ရေနှင့် ဆက်နွယ်သည့် ဘူမိဗေဒနှင့်တွင်းတူးပညာရှင်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ဘာသာရပ်နှင့် သက်ဆိုင်သည့် ပါမောက္ခများ၊ ကထိကများ၊ အငြိမ်းစားဘူမိဗေဒပညာရှင်များ၊ လက်ရှိမြေအောက်ရေနှင့် ပတ်သက်၍ တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများ၊ ဌာနနှင့် ပတ်သက်ဆက်နွယ်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအလယ်ပိုင်း၏ ဇလဘူမိဗေဒလေ့လာရေးလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ရန် International Water Management Institute (IWMI) မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ဘူမိဗေဒပညာရှင် Dr. Robyn Johnston နှင့် ညှိနှိုင်းဆွေးနွေးဖြစ်ခဲ့သည်။

ယင်းသို့ ဆွေးနွေးမှုရလဒ်အနေဖြင့် မြန်မာနိုင်ငံရေသယံဇာတကော်မတီ (National Water Resources Committee) ၏ ဦးဆောင်မှုဖြင့် ၂၀၁၇ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော Ayeyarwaddy Integrated River Basin Management (AIRBM) Project တွင် ပါဝင်သည့် State of Basin Assessment (SOBA) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဧရာဝတီမြစ်ဝှမ်းဒေသ၏ မြေအောက်ရေဆိုင်ရာလေ့လာမှုတွင် ပါဝင်သည့် မြန်မာနိုင်ငံအလယ်ပိုင်း၏ ဇလဘူမိဗေဒအခြေအနေလေ့လာမှုကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနနှင့် IWMI မှ ဩစတြေးလျနိုင်ငံသားပညာရှင် Aqua Rock Consultants Co.,ltd Dr. Len Drury နှင့် ပြင်သစ်နိုင်ငံသားပညာရှင် Methieu Viossanges တို့နှင့် ပူးပေါင်းလေ့လာခဲ့ပါသည်။ အဆိုပါ လေ့လာမှုကုန်ကျစရိတ်များကို Australia Water Partnership (AWP) မှ ထောက်ပံ့ပေးခဲ့ပါသည်။ လေ့လာမှုတွင် လက်ရှိမြေအောက်ရေဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ ကွင်းဆင်းလေ့လာခြင်း၊ ဇလဘူမိဗေဒမြေပုံများရေးဆွဲခြင်းနှင့် အစီရင်ခံစာပြုစုခြင်းတို့ ပါဝင်ပါသည်။

လေ့လာမှု၏ အဓိကရည်ရွယ်ချက်များမှာ -

- မြန်မာနိုင်ငံအလယ်ပိုင်းတွင် မြေအောက်ရေဖြစ်တည်နေမှု အခြေအနေအား ခြုံငုံသိရှိ သုံးသပ်နိုင်ရန်
- မြေအောက်ရေစီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများ၊ ဆုံးဖြတ်ချက်များ၊ ထိန်းကွပ်မှု ဆောင်ရွက်ချက်များ ပိုမိုခိုင်မာစေရန်
- ကုန်ကျစရိတ်သက်သာစွာဖြင့် မြေအောက်ရေကို ဖော်ထုတ်အသုံးချနိုင်ရန်
- မြေအောက်ရေအလွန်အကျွံ ထုတ်ယူသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆုံးရှုံးမှုများကို ကြိုတင်တားဆီးနိုင်ရန်
- သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ မြေအောက် ရေသယံဇာတအရင်းအမြစ် ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန်

သုတေသနပြုလေ့လာမှုမှ "Hydrogeology of Central Dry Zone, Myanmar" အစီရင်ခံစာနှင့် မြေအောက်ရေ အခြေပြမြေပုံများရေးဆွဲခြင်းကို ယခုနှစ် ၂၀၁၇ ခုနှစ်မေလတွင် မှုကြမ်းပြီးစီးခဲ့ပါသည်။ အဆိုပါမှုကြမ်းနှင့်ပတ်သက်၍ လိုအပ်ချက်များ၊ ပြင်ဆင်ရန် အချက်အလက်များ ရရှိနိုင်ရေးရည်ရွယ်၍ "Workshop on Groundwater in Central Dry Zone, Myanmar" အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၄ ရက်မှ ဇွန် ၁၅ ရက်အထိ နေပြည်တော်ရှိ Excel Capital Hotel တွင် ဌာနနှင့် IWMI တို့ ပူးပေါင်းကျင်းပခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲသို့ ရေနှင့် ပတ်သက်ဆက်နွယ်နေသည့် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံတကာ



အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ဘူမိဗေဒပါမောက္ခများ၊ ကထိကများ၊ မြေအောက်ရေဆိုင်ရာ အငြိမ်းစားအရာထမ်းများနှင့် လေ့လာ သူစုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသည် အစီရင်ခံစာတွင် ထည့်သွင်းရေးသားထားမှုများအပေါ် ပြင်ဆင်ရန်အချက်အလက်များ၊ မြေအောက်ရေအခြေပြမြေပုံများ ရေးဆွဲထားမှုအပေါ် ပြင်ဆင်တည်းဖြတ်ခြင်းနှင့် မြေအောက်ရေမျှခြေဆိုင်ရာတွက်ချက်မှု (Groundwater Balance Calculation) တို့နှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အစီရင်ခံစာနှင့် မြေပုံများကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလခန့်တွင် ပုံနှိပ်ထုတ်ဝေနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါအစီရင်ခံစာနှင့် မြေအောက်ရေဆိုင်ရာ အခြေပြမြေပုံများရေးဆွဲခြင်းဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေရာဒေသအလိုက် မြေအောက်ရေရရှိနိုင်မှုအခြေအနေနှင့် ရေအောင်းလွှာ၏ တည်ရှိမှုအနေအထား၊ ခန့်မှန်းစက်ရေတွင်းတူးဖော်ရမည့်အနက်ပေ၊ ထွက်ရှိလာမည့် ယေဘုယျမြေအောက်ရေအရည်အသွေး (ရေချို၊ ရေငန်) နှင့် ရေထွက်နှုန်း၊ စက်ရေတွင်းတူးဖော်ရာတွင် တွေ့ကြုံရနိုင်မည့် နည်းပညာဆိုင်ရာအခက်အခဲများ (တွင်းတူးရွှံ့ရည်ပျောက်ဆုံးခြင်း-Loss Circulation Zone များ) ကို စီမံကိန်း၊လုပ်ငန်းများ မစတင်မီ ကြိုတင်ခန့်မှန်းပေးနိုင်မည် ဖြစ်သဖြင့် များစွာအကျိုးပြုစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး/ပြည်နယ် အနှံ့အပြားတွင် ရေနှင့်ပတ်သက်ဆက်နွယ်နေသည့် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ မြေအောက်ရေစက်ရေတွင်းများအား နေ့စဉ်တိုးတက်တူးဖော်နေသော်လည်း သယံဇာတရေရှည်တည်တံ့နေစေရေးနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် အောင်မြင်မှုရရှိစေရေးအတွက် အထောက်အထားပြုရန်နှင့်မှီငြမ်းကိုးကားရန်၊ မြေအောက်ရေ အခြေပြမြေပုံများ၊ အစီရင်ခံစာများ ယနေ့အထိ ထွက်ပေါ်လာခြင်းမရှိသေးသဖြင့် ယခု မြန်မာနိုင်ငံအလယ်ပိုင်း၏ မြေအောက်ရေအခြေပြမြေပုံနှင့် အစီရင်ခံစာထွက်ပေါ်လာခြင်းမှာ နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော မြေအောက်ရေနှင့် ပတ်သက်၍ စံထားကိုးကားရမည့် ကျမ်းတစ်စောင်ပေါ်ထွက်လာသကဲ့သို့ စာရေးသူအနေဖြင့် ခံစားပီတိဖြစ်မိပါသည်။

အလားတူကျန်ရှိသော တိုင်းဒေသကြီး/ပြည်နယ်များအား လေ့လာသုတေသနပြုခြင်းဖြင့် တစ်နိုင်ငံလုံးခြုံငုံမိမည့် မြေပုံ နှင့် အစီရင်ခံစာများကို ဆက်လက်ကြိုးပမ်းအားထုတ်၍ လေ့လာပြုစုသွားရန်နှင့် အဖိုးတန်မြေအောက်ရေကို ရေရှည်တည်တံ့စေရန်အတွက် မြေအောက်ရေအသုံးပြုခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ပေါက်စေရန်မှာလည်း ရေနှင့်ပတ်သက်ဆက်နွယ်ဆောင်ရွက်ရသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအားလုံးအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

## အိမ်တွင်းလျှပ်စစ် သွယ်တန်းခြင်း သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၁၂**

စက်မှုနှင့် အသက်မွေးပညာရွှေလျားသင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းအမှတ်စဉ်(၁/၄၅)သင်တန်းဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းလေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁)နန်ချွန်၌ ဇူလိုင် ၁၀ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းများကို စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး စက်မှု ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဟန်နှင့် နန်ချွန်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးခင်မောင်တင့်တို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁၀ ရက်မှ ၂၈ ရက်အထိ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗီတာမင် သို့မဟုတ် သင့်ရဲ့ထာဝရမိတ်ဆွေ

သိပ္ပံစာရေးဆရာကိုကိုအောင်



ကမ္ဘာ့လူသားတို့သည် ၁၈ ရာစု မတိုင်မီ အချိန်အထိ မိမိတို့စားသုံးသော အစားအစာများက မိမိအတွက် မည်ရွေ့မည်မျှ အကျိုးသက်ရောက်မှုဖြစ်စေသည်ကို မသိရှိခဲ့ကြပေ။ အစားအစာတစ်မျိုးမျိုးကြောင့် ကျန်းမာရေးချို့ယွင်းမှုဖြစ်ရသည့်အခါများ၌လည်း အစားအသောက်ကြောင့် ရောဂါဖြစ်ရသည်ဟု မတွေးမိကြသလို တစ်ခါတစ်ရံ၌ စားသင့်သောအစားအစာကို မစားမိသောကြောင့် ရောဂါထွေပြားနေရသည်ဟုလည်း မစဉ်းစားမိခဲ့ကြပေ။

ရောဂါတစ်ခုဖြစ်လာသည့်အခါ ရိုးရာကုထုံးဆေးဝါးများဖြင့်သာ ပျောက်ကင်းချမ်းသာရာရအောင် ကုသခဲ့ကြသည်။ ထိုစဉ်ကာလများက ဆေးဖက်ဝင်အပင်ဟု စွဲမြဲစွာယုံကြည်ထားကြသော သစ်ပင်များ၏ အခေါက်၊ အပွေး၊ အတက်၊ အရွက်နှင့် အမြစ်စသည်တို့သည် ရောဂါပျောက်ကင်း ချမ်းသာအောင် ကုသရာတွင် တန်ဖိုးကြီးသောဆေးဝါးကုန်ကြမ်းများ ဖြစ်ခဲ့သည်။ ထိုဆေးဝါးကုန်ကြမ်းများဖြင့် ဖော်စပ်သော တိုင်းရင်းဆေးများစွာတို့သည် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။

၁၈ ရာစု၏အလယ်ပိုင်းကာလသို့ ရောက်ရှိလာသည့်အခါ ရောဂါများကို ကုသရာတွင် ဆေးဝါးသက်သက်ကိုသာ အားကိုးနေခြင်းထက် အစာအာဟာရဖြင့် ပေါင်းစပ်ကုသခြင်းက ပို၍ ထိရောက်မှုရှိသည်ကို စတင်ဖော်ထုတ် တွေ့ရှိလာရသည်။ ထိုကာလသည်ကား လူ့အသက်ကို ကာကွယ်ပေးသည့်လက်နက်နှင့်တူသော ဗီတာမင်များကို စတင်ဖော်ထုတ်တွေ့ရှိနိုင်ရေးအတွက် ရောင်ခြည်သန်းလာသည့် အချိန်ကာလတစ်ခုပင် ဖြစ်ခဲ့သည်။

၁၇၄၀ ခုနှစ်က စကော့တလန်လူမျိုး ဂျိမ်းစ်လင်း (James Lind)သည် ဗြိတိသျှရေတပ်မတော်၏ ဆေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထိုစဉ်က ရေတပ်သားအများစုတို့သည် စကာဗီ(Scurvy) ဟုခေါ်သော ရောဂါဝေဒနာကို ခံစားနေကြရသည်။ ခန္ဓာကိုယ်ထဲကသွေးယိုစိမ့်ပြီး အားနည်းလာသည့် ရောဂါဖြစ်သည့်အတွက် ရေတပ်သားများသည် ဒဏ်ရာအသေးအမွှားရရုံမျှဖြင့် သွေးမတိတ်သည့်ဝေဒနာကို ခံစားနေကြရသည်။

ဒေါက်တာလင်းသည် ရေတပ်သားများခံစားနေရသော ရောဂါဝေဒနာကို ၄င်းတို့၏ စားသောက်မှုပုံစံနှင့် ချိန်ထိုးပြီး ကြိမ်ဖန်များစွာ စဉ်းစားသုံးသပ်ခဲ့သည်။ ရေတပ်သင်္ဘောသားများ၏ သဘာဝအရ လပေါင်းများစွာကြာအောင် ပင်လယ်ထဲသို့ သွားနေကြရသည့်အတွက် သင်္ဘောပေါ်၌ အသင့်ပါလာသည့် အစားအစာများကိုသာ အကန့်အသတ်ဖြင့် စားသောက်နေကြရပြီး အဆိုပါ အစားအသောက်များမှလွဲ၍ ကျန်အစားအစာများကို စားသောက်ခွင့်မရကြပေ။ ထိုအခြေအနေသည် ရေတပ်သားများခံစားနေကြရသည့် စကာဗီရောဂါနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း ဒေါက်တာလင်းက ကောက်ချက်ချခဲ့သည်။

ထို့ကြောင့်ပင် ရောဂါဖြစ်နေသောရေတပ်သားများကို အုပ်စုနှစ်စုခွဲ၍ ပထမအုပ်စုကို သံပရာသီး၊ လိမ္မော်သီးစသော အသီးအနှံများကို စားသောက်စေပြီး ကျန်အုပ်စုတစ်စုကို မူလအခြေအနေအတိုင်းထားကာ ရက်အတန်ကြာ စမ်းသပ်ခဲ့သည်။ အသီးအနှံစားရသော ပထမအုပ်စုသည် ခုနှစ်ရက်အတွင်းမှာပင် သွေးယိုစိမ့်သည့်ရောဂါသက်သာလာကြောင်း တွေ့ရှိရပြီး အသီးအနှံမစားရသော ဒုတိယအုပ်စုမှာ ရောဂါအခြေအနေ ပိုဆိုးလာကြောင်း စမ်းသပ်တွေ့ရှိရသည်။

ရှောက်၊ သံပရာ၊ လိမ္မော်အစရှိသော အချဉ်ဓာတ်ပါသည့်အသီးအနှံများသည် စကာဗီရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်ကြောင်းနှင့် ဖြစ်ပွားခဲ့လျှင်လည်း အဆိုပါအသီးအနှံများကို စားသုံးစေခြင်းဖြင့် ကုသနိုင်ကြောင်း ဒေါက်တာလင်းက စတင်ဖော်ထုတ် တွေ့ရှိခဲ့သည်။ ဒေါက်တာလင်း၏ တွေ့ရှိချက်သည် ရောဂါဝေဒနာများကို ကုသရာ၌ စားဆေး၊ ထိုးဆေးများအပြင် ဓာတ်စာများဖြင့်လည်း ကုသ၍ရနိုင်ကြောင်း ဆေးပညာလောကကို မီးမောင်းထိုးပြပေးခဲ့သည်။ ထိုဓာတ်စာသည်ကား ယနေ့ခေတ်အခေါ်အားဖြင့် ဗီတာမင်ကြွယ်ဝသော အစားအစာများပင်ဖြစ်သည်။

၁၉၁၂ ခုနှစ်တွင် ပိုလန်လူမျိုး သိပ္ပံပညာရှင် ကာစီမီယာဖန့်( Carsimir Funk)က စပါးကို အခွံချွတ်လိုက်သည့်အခါ ဆန်စေ့ပေါ်၌ကျန်ရစ်ခဲ့သော ဓာတ်ပစ္စည်းတစ်မျိုးသည် ရောဂါဝေဒနာအချို့ကို ကုသနိုင်ကြောင်း သုတေသနပြု တွေ့ရှိခဲ့သည်။ ဒေါက်တာဖန့်အနေဖြင့် ဆန်စေ့ပေါ်၌ ကျန်ရစ်ခဲ့သော ဓာတ်ပစ္စည်းသည် လူ့ခန္ဓာကိုယ်အတွက် အလွန်လိုအပ်သော ဓာတုပစ္စည်းများထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း ကောင်းစွာယုံကြည် လက်ခံခဲ့သည်။

အဆိုပါဓာတုပစ္စည်းကို အမင်း(Amine)ဟုခေါ်ဆိုပြီး လက်တင်ဘာသာစကားဖြစ်သော ဗီတာ(Vita)နှင့် ပေါင်းစပ်၍ ဗီတာမင်း (Vitamine)ဟု ခေါ်တွင်စေခဲ့သည်။ ဗီတာဆိုသော စကားလုံး၏ အဓိပ္ပာယ်မှာ အသက်ဖြစ်သည့်အတွက် ဗီတာမင်းဆိုသည်မှာ လူ့အသက်အတွက် အလွန်လိုအပ်သော ဓာတုပစ္စည်းဟု အဓိပ္ပာယ်ရသည်။

ဒေါက်တာကာစီမီယာဖန့်၏ နောက်ပိုင်း ဆေးသိပ္ပံပညာရှင်များက စဉ်ဆက်မပြတ် သုတေသနပြု ဖော်ထုတ်ချက်များအရ ဗီတာမင်းတိုင်းသည် Amine ခေါ် ဓာတုပစ္စည်း မဟုတ်ကြောင်း တွေ့ရှိလာရသည့်အတွက် မူလစကားလုံး ဗီတာမင်း(Vitamine)ထဲမှ (e) အက္ခရာကိုဖြုတ်ပြီး ဗီတာမင်(Vitamin)ဟူ၍ ပြောင်းလဲခေါ်ဝေါ် အမည်တွင်စေခဲ့သည်။

ဤသည်မှာကား လူ့ဘဝတစ်လျှောက် အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဗီတာမင်သည် အလွန်အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ဆေးသိပ္ပံပညာရှင်တို့က ဖော်ထုတ်အသိပေးခဲ့ကြခြင်းဖြစ်သည်။ သာမန်အားဖြင့် လူတို့နေ့စဉ်စားသုံးနေသည့် အစားအသောက်များမှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွက် ဗီတာမင်ကိုရရှိပြီး ယင်းသို့ ရရှိနေသည့်အတွက်ကြောင့်သာ ကျန်းကျန်းမာမာဖြင့် နေထိုင်နိုင်ကြခြင်းဖြစ်သည်။

လူ့ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်ဓာတ်ကို လုံလုံလောက်လောက် မဖြည့်ဆည်းနိုင်ပါက ဗီတာမင်ချို့တဲ့မှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာများကို ခံစားကြရသည်။ အကယ်၍ ဗီတာမင် အလုံအလောက်မရရှိမှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာမည့် ရောဂါဝေဒနာတို့မှ ရှောင်ရှားနိုင်ရန်အတွက် ဗီတာမင်ပါဝင်သော ဆေးဝါးများကို ဖြည့်စွက်စားသုံးရန်လိုအပ်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က ထောက်ပြခဲ့ကြသည်။

သို့ရာတွင် ဗီတာမင်သည် လူ့ဘဝတစ်သက်တာ ကျန်းမာပျော်ရွှင်ရေးအတွက် မည်မျှအရေးပါကြောင်းကို သိရှိကြသူမှာ အလွန်နည်းပြီး လူအများစုအနေဖြင့် ဗီတာမင်၏အရေးပါမှုကို မသိရှိကြပေ။ ဗီတာမင်၏အကြောင်းကိုလည်း စိတ်ဝင်စားမှုအလွန်နည်းကြသလို မိမိခန္ဓာကိုယ်အတွက် ထာဝရမိတ်ဆွေဖြစ်ရမည့် ဗီတာမင်နှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ရမည်ကိုလည်း မသိရှိခဲ့ကြပေ။

ဆေးသိပ္ပံဆိုင်ရာ သုတေသနပညာရှင်များသည် ရာစုနှစ်တစ်စုတာ ကာလအတွင်း ဗီတာမင်အမျိုးပေါင်း ၁၄ မျိုးကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ဗီတာမင်များထဲ၌ပင် အဆီတွင် ပျော်ဝင်သော ဗီတာမင်နှင့်ရေတွင်ပျော်ဝင်သော ဗီတာမင်များဟူ၍ ထပ်မံခွဲခြားထားသည်။ အဆီတွင်ပျော်ဝင်သော ဗီတာမင်များမှာ ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့ ဖြစ်ကြသည်။ ဗီတာမင် B1၊ ဗီတာမင် B2၊ ဗီတာမင် B3၊ ဗီတာမင် B5၊ ဗီတာမင် B6 ၊ ဗီတာမင် B12 နှင့် ဖောလစ်အက်စစ်တို့သည် ရေတွင်ပျော်ဝင်သော ဗီတာမင်အမျိုးအစားများဖြစ်ကြသည်။

ဗီတာမင်များသည် အမျိုးအမည်တစ်ခုချင်းအလိုက် လူ့ခန္ဓာကိုယ်အတွက် အကျိုးပြုပုံများ မတူညီကြသလို ယင်းဗီတာမင်များကို ရရှိနိုင်သော အစားအသောက်များမှာလည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားလျက်ရှိသည်။ သို့ရာတွင် လူ့ခန္ဓာကိုယ်အတွက်အကျိုးပြုပြီး သက်ရှည်ကျန်းမာ နေထိုင်သွားနိုင်ရန် အထူးလိုအပ်သည့် ဗီတာမင်အမျိုးမျိုးတို့ကို လူတို့နေ့စဉ် စားသုံးနေကြသော အစားအသောက်များထံမှပင် လွယ်လင့်တကူ ရရှိနိုင်ကြသည်။

ဗီတာမင် A သည် လူ့ခန္ဓာကိုယ်အတွင်းရှိ တစ်ရှူးများ ခြောက်မသွားအောင် အထောက်အကူပေးသည့်အပြင် မျက်စိအမြင်အားကောင်းစေရန်အတွက်လည်း များစွာ အထောက်အကူပြုသည်။ ဗီတာမင် A ကို ငါးကြီးဆီနှင့် ကြက်ဥ၊ ဘဲဥစသော ဥများ၏ အဝါရောင်အနှစ်တို့ကို စားသုံးခြင်းအားဖြင့်လည်းကောင်း၊ ကန်စွန်းဥ၊ မုန်လာဥနှင့် အဝါရောင် ဟင်းသီးဟင်းရွက်များ၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းအားဖြင့်လည်းကောင်း ရရှိနိုင်သည်။ ဗီတာမင် A ချို့တဲ့မှု များပြားလာပါက အမြင်အာရုံလျော့နည်းလာခြင်းမှ မျက်စိကွယ်သည်အထိ ဖြစ်နိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များက သတိပေးထားကြသည်။

ဗီတာမင် B သည် အုပ်စုတစ်စုဖြစ်ပြီး B1၊ B2 စသောအုပ်စုဝင် ဗီတာမင်များ ပါဝင်နေသည်။ ဗီတာမင် B1 သည် နှလုံးနှင့် အာရုံကြောများ ချောမွေ့စွာ လှုပ်ရှားလည်ပတ်နိုင်အောင် ကောင်းစွာ အထောက်အကူပြုပေးသည်။ ဗီတာမင် B1 ချို့တဲ့ပါက ဘယ်ရီဘယ်ရီ(Beri Beri)ခေါ် ဗီတာမင်ချို့တဲ့အားနည်းသည့်ရောဂါကို ခံစားရနိုင်သည်။ ဆန်လုံးညိုနှင့် ဂျုံစသည်တို့မှ ဗီတာမင် B1 ကို အဓိကရရှိနိုင်ပြီး ပဲ၊ ပဲသီး၊ အခွံမာသီး၊ အသားနှင့် ငါးစသည်တို့ကို စားသုံးခြင်းဖြင့်လည်း ရရှိနိုင်သည်။

ဗီတာမင် B2 သည် နှုတ်ခမ်းကွဲခြင်းနှင့် ကျီးကန်းပါးစပ်ဖြစ်ခြင်းတို့မှ ကာကွယ်ပေးနိုင်သော ဗီတာမင်တစ်မျိုးဖြစ်သည်။ ယင်းဗီတာမင်ကိုရရှိနိုင်သော အစားအစာများမှာ ပဲစင်းငုံ၊ မြေပဲ၊ ဥအနှစ်၊ တိရစ္ဆာန်တို့၏ အသည်းနှင့်နှလုံးစသည်တို့ဖြစ်ကြသည်။ ဗီတာမင် B အုပ်စုဝင်တစ်မျိုးဖြစ်သော ဗီတာမင် B3 ကမူ အရေပြားရောင်ရမ်းခြင်း၊ ဝမ်းလျှောခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး ယင်းဗီတာမင် B3 ကို အဓိကအားဖြင့် မြေပဲမှ ရရှိနိုင်သည်။

ဗီတာမင် B12 သည် ခန္ဓာကိုယ်အတွင်းရှိ အာရုံကြောများ အားကောင်းစေရန်နှင့် သွေးအားကောင်းစေရန် အဓိက အထောက်အပံ့ပြုသည်။ နွားနို့၊ ကြက်ဥ၊ အသား၊ ငါးနှင့် အသည်းစသည်တို့ကို စားသုံးခြင်းအားဖြင့် ဗီတာမင် B12 ကို ရရှိနိုင်သလို ပဲပင်၊ ပဲသီး၊ ပဲညွန့်နှင့် အချဉ်ဓာတ်ပါသော ရှောက်၊ သံပရာစသည့် အသီးများမှလည်း ရရှိနိုင်သည်။

အခြား ဗီတာမင်တစ်မျိုးဖြစ်သည့် ဖောလစ်အက်စစ်(Folic Acid)ကမူ ကလေးငယ်များတွင်ဖြစ်ပွားတတ်သော ရောဂါဝေဒနာများကို ကာကွယ်ပေးနိုင်သည့်အာနိသင်နှင့် ပြည့်စုံသည်။ သဘာဝအစားအစာများမှတစ်ဆင့် မဟုတ်ဘဲ တိုက်ရိုက်သောက်သုံးခြင်းဖြင့်သာ ရရှိနိုင်သော ဖောလစ်အက်စစ်သည် ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် အကောင်းဆုံးသော ဗီတာမင်ဆေးဝါးတစ်မျိုးအဖြစ် တစ်ကမ္ဘာလုံးတွင် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိနေကြသည်။

ဗီတာမင် အမျိုးအစားများအနက် လူသိများထင်ရှားသော ဗီတာမင်တစ်မျိုးမှာ ဗီတာမင် C ပင်ဖြစ်သည်။ ခန္ဓာကိုယ်အတွင်း သွေးလှည့်ပတ်မှုကောင်းစေရန်အတွက်လည်းကောင်း၊ အနာဒဏ်ရာများကို အလွယ်တကူ ကျက်စေရန်အတွက်လည်းကောင်း၊ အရိုးနှင့်သွားများကို ခိုင်မာစေရန်အတွက်လည်းကောင်း၊ ကောင်းစွာ အထောက်အကူပြုပေးသည့် ဗီတာမင် C ကို အချဉ်ဓာတ်ပါသော အသီးများနှင့် ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်စသည်တို့ကို စားသုံးခြင်းအားဖြင့် ရရှိနိုင်သည်။

ဗီတာမင် D သည် သွေးထဲ၌ ကယ်လ်စီယမ်ဓာတ် ကြွယ်ဝစေရန်အတွက် လည်းကောင်း၊ အာရုံကြောနှင့် ကြွက်သားကလပ်စည်းများ အားကောင်းစေရန်အတွက် လည်းကောင်း၊ ကလေးငယ်များအား အရိုးပျော့ရောဂါမှ ကာကွယ်ပေးရန်အတွက် လည်းကောင်း ထိရောက်စွာ အထောက်အကူပြုသည်။ ဗီတာမင် D ကို ငါးကြီးဆီနှင့် ဥအမျိုးမျိုးတို့ကို စားသုံးခြင်းအားဖြင့် လွယ်လင့်တကူရရှိနိုင်သည်။

လူ့ခန္ဓာကိုယ်၏ အိုမင်းရင့်ရော်ခြင်းကို ကောင်းစွာ အကာအကွယ်ပြုပေးနိုင်သော ဗီတာမင်တစ်မျိုးမှာ ဗီတာမင် E ဖြစ်သည်။ ဗီတာမင် E သည် ဟင်းသီးဟင်းရွက်ဆီ၊ ပဲပိစပ်ဆီ၊ နေကြာစေ့နှင့် ပြောင်းဖူး စသည်တို့တွင် သဘာဝအလျောက်ပါဝင်နေပြီး ယင်းအစားအစာများကို ပုံမှန်စားသုံးသွားခြင်းအားဖြင့် အချိန်မတိုင်မီ အိုမင်းရင့်ရော်ခြင်းမှ ကာကွယ်နိုင်ကြသည်။

အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၊ နို့ထွက်ပစ္စည်းများ၊ ဂေါ်ဖီထုပ်၊ ကိုက်လန်၊ ဟင်းနုနယ် စသည်တို့တွင် ပါဝင်သော ဗီတာမင် K ကမူ ခန္ဓာကိုယ်သွေးခဲမှု နှေးကွေးခြင်းမှ ထိရောက်စွာ ကာကွယ်ပေးနိုင်သည်။ အဆိုပါ အစားအသောက်များအပြင် ဝက်သားနှင့် ဝက်အသည်း စသည်တို့ကို စားသောက်ခြင်းအားဖြင့်လည်း ဗီတာမင် K ကို ရရှိနိုင်သည်။

ဂျပန်သိပ္ပံပညာရှင်များသည် ၂၀၀၃ ခုနှစ်အတွင်းက ဗီတာမင် B အုပ်စုဝင် အမျိုးအစားတစ်ခုဖြစ်သော ပီပီကျူ(ppq )ကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ကြွက်များနှင့်စမ်းသပ်ချက်အရ လူသားတို့အတွက် အရေးကြီးသော ဗီတာမင်တစ်မျိုးဖြစ်ကြောင်း သိရှိခဲ့ကြရသည့် ပီပီကျူသည် မျက်မှောက်ကာလတွင် နောက်ဆုံးဖော်ထုတ်တွေ့ရှိခဲ့သော ဗီတာမင် အမျိုးအစားသစ်ပင်ဖြစ်သည်။ ပဲပိစပ်၊ တရုတ်နံနံ၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် ကီဝီသီးတို့ကို စားသုံးခြင်းအားဖြင့် ပီပီကျူကိုရရှိနိုင်ကြောင်း ဂျပန်သုတေသီတို့က ထုတ်ပြန်ခဲ့ကြသည်။

အချို့သောသူတို့သည် မိမိတို့ကြိုက်နှစ်သက်သည့်အစားအသောက် မဟုတ်စေကာမူ မိမိခန္ဓာကိုယ် ကျန်းမာရေးအတွက် ညီညွတ်မျှတအောင် စားသုံးလေ့ရှိကြသော်လည်း အများစုတို့ကမူ မိမိတို့နှစ်သက်သော အစားအသောက်များကို ခုံမင်တပ်မက်စွာစားသုံးပြီး မိမိတို့ မနှစ်သက်သော အစားအစာများကို လုံးဝရှောင်ကြဉ်လေ့ရှိကြသည်။ ထိုသို့ ရှောင်ကြဉ်ထားကြသော အစားအစာများထဲတွင် ထိုသူများအတွက် အကျိုးပြုနိုင်သည့် ဗီတာမင်များစွာ ပါဝင်နေတတ်သည့်အားလျော်စွာ မိမိခန္ဓာကိုယ်အတွက် အသုံးဝင်သော ဓာတုပစ္စည်းကို လက်မခံလိုကြခြင်း၏ သို့တည်းမဟုတ် လက်ခံရကောင်းမှန်းမသိကြခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ရောဂါဘယများ ထွေပြားလာလေ့ရှိကြသည်။

မိခင်၏ဝမ်းတိုက်ထဲတွင် ပဋိသန္ဓေနေရချိန်မှစ၍ လူ့ဘဝတစ်လျှောက်လုံးတွင် ဗီတာမင်ကို အမြဲမပြတ် လိုအပ်သည်မှာ မှန်သော်လည်း တစ်ခါတစ်ရံ၌ လူ့ခန္ဓာကိုယ်ထဲတွင် ဗီတာမင်ဓာတ်များ လိုအပ်သည်ထက် ပိုမိုနေမည်ဆိုပါကမူ အန္တရာယ်ရှိနိုင်သည်ကိုလည်း သတိချပ်ရန်လိုအပ်သည်။

ဗီတာမင် A သည် ခန္ဓာကိုယ်အတွင်း၌ လိုအပ်သည်ထက် ပိုမိုများပြားစွာရှိနေမည်ဆိုပါက (မျက်လုံးမဝါဘဲ)အသားဝါခြင်း၊ ဗီတာမင် B3 ဓာတ် လွန်ကဲနေမည်ဆိုပါက ဆီးချိုဖြစ်ခြင်းနှင့် ယူရစ်အက်စစ်များခြင်း၊ ဗီတာမင် C နှင့် ဗီတာမင် D ပိုလျှံနေပါကလည်း ကျောက်ကပ်တွင် ကျောက်တည်ခြင်းစသော ရောဂါဝေဒနာများ ဖြစ်ပွားလာနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များက သတိပေးထားကြသည်။

သို့ဖြစ်၍ မိမိတို့ ပုံမှန်စားသုံးနေကြသော အစားအစာများမှတစ်ဆင့် ဗီတာမင်လက်ခံရရှိမှုနည်းပါးသောကြောင့် ခံစားနေရသော ရောဂါဝေဒနာများအတွက် ဗီတာမင်ဓာတ်ပါဝင်သော ဆေးဝါးများကို ဖြည့်စွက်စားသုံးရန်လိုအပ်ပါက ခန္ဓာကိုယ်အတွင်း ဗီတာမင်များ လွန်ကဲစွာ ပိုလျှံနေခြင်း မဖြစ်ရလေအောင် သက်ဆိုင်ရာဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ သောက်သုံးကြရန် အရေးကြီးသည်။

လူသားနှင့် ဗီတာမင်သည် ခွဲခြားထား၍ မရကောင်းသောအရာများ ဖြစ်ကြသည့်အားလျော်စွာ ... လူတို့၏ဘဝ ရှင်သန်ရပ်တည်မှု ကာလတစ်လျှောက်လုံးတွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်သွားနိုင်ရေးအတွက် ဗီတာမင်ကို အမြဲမပြတ် ရယူဖြည့်ဆည်းသွားကြရန် အထူးပင် လိုအပ်မည်ဖြစ်ပေသည်။ ။

# ချင်းပြည်နယ်ထွက်ကော်ဖီကို အင်္ဂလန်နှင့် ဆွစ်ဇာလန်သို့ ဈေးကွက်ချဲ့ထွင်မိတ်ဆက်

**ဟားခါး ဇူလိုင် ၁၂**
ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်နှင့် ကန်ပက်လက်မှ ထွက်ရှိသော ကော်ဖီများကို ယခုရက်ပိုင်းအတွင်း အင်္ဂလန်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် ဈေးကွက်ချဲ့ထွင်၍ မိတ်ဆက်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ်မှထွက်ရှိသော ကော်ဖီကို ဆွစ်ဇာလန်နိုင်ငံမှ လုပ်ငန်းရှင်တစ်ဦးက အင်္ဂလန်နိုင်ငံတွင် ဇွန် ၂၁ ရက်က မိတ်ဆက်ထားကာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်လည်း ဇူလိုင် ၆ ရက်က ထပ်မံမိတ်ဆက်ပေးခဲ့ပြီး ဖြစ်သည်။ အလားတူ ဇူလိုင် ၂၂ ရက်တွင်လည်း ထပ်မံမိတ်ဆက်သွားမည်ဖြစ်ကြောင်းနှင့် မိတ်ဆက်ပွဲသို့ မြန်မာသံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

"ချင်းပြည်နယ်က ကော်ဖီကို ဆွစ်ဇာလန်နိုင်ငံမှာ မိတ်ဆက်ဖို့ ကမ္ဘာပေါ်မှာ ရှားပါးလှပတဲ့ ငှက်တစ်မျိုးရဲ့နာမည်တစ်ခုဖြစ်တဲ့ ချင်းလီတိုင်လို့ အမည်ပေးထားတယ်။ အဲဒီငှက်ရဲ့ဂုဏ်သတင်းမွှေးသလိုပဲ အရသာထူးကဲကောင်းမွန်တဲ့ ကော်ဖီဂုဏ်သတင်း ရရှိစေဖို့ ရည်ရွယ်တာပါ။ ဆွစ်ဇာလန်နိုင်ငံအနေနဲ့ ဒီကကော်ဖီကို စက်တင်ဘာမှာ တန်ချိန်များစွာဝယ်ဖို့ သဘောတူထားတယ်။ ကော်ဖီဈေးကွက်ကောင်းလာလို့ အခုဆိုရင် မင်းတပ်မှာ ဒေသခံတွေနဲ့ပေါင်းပြီး ကော်ဖီစိုက်ဧက ၅၀ ထပ်တိုးစိုက်ဖို့ လုပ်နေပါတယ်။ မြန်မာနိုင်ငံက ကော်ဖီတွေဟာ ပြည်ပမှာရှိတဲ့ ကော်ဖီအရည်အသွေးတွေထက် မနိမ့်ဘူး။ ဒါ့အပြင် မကြာခင်မှာပဲ မြန်မာနိုင်ငံကထုတ်လုပ်တဲ့ကော်ဖီကို ကနေဒါနဲ့ စင်ကာပူနိုင်ငံဈေးကွက်မှာပါ စတင်ရောင်းချသွားမယ်လို့လည်း ကြားသိရပါတယ်" ဟု မင်းတပ်မြို့နယ်မှ ကော်ဖီခြံစိုက်ပျိုးသူ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာ့ကော်ဖီကို နိုင်ငံတကာသို့တင်ပို့ရာတွင် အာရှယဉ်ကျေးမှုတစ်ခုကို မိတ်ဆက်သကဲ့သို့ဖြစ်သလို ချင်းတောင်ထွက်ကော်ဖီ၏ အနံ့အရသာကိုလည်း ကမ္ဘာ့ဈေးကွက်သို့ မိတ်ဆက်ပေးရာရောက်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်သည် ရာသီဥတုကောင်းမွန်ကာ ဓာတ်မြေဩဇာအသုံးပြုခြင်းမရှိသည့် ရှင်းသန့်သော မြေဆီလွှာအနေအထား၊ ပင်လယ်ရေမျက်နှာပြင်အထက် များစွာမြင့်သည့်နေရာတွင် ရှိနေခြင်းနှင့် မြေအနေအထားတို့သည် အရည်အသွေးကောင်းမွန်သော ကော်ဖီကောင်းထွက်ပေါ်ရန်အတွက် အခြေအနေကောင်းသောကြောင့် ယခင်ကထက် မြေကေတိုးချဲ့၍ စိုက်ပျိုးဆောင်ရွက်ရန်လိုအပ်ကြောင်း International Coffee Organization (ICO)မှ တာဝန်ရှိသူ ဆွစ်ဇာလန်နိုင်ငံသူတစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံမှကော်ဖီသည် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်လျက်ရှိရာ နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချလာသည့်နောက်ပိုင်းတွင် ဈေးကွက်အနေအထား ကောင်းမွန်မှုရှိလာသောကြောင့် လာမည့် ၂၀၁၈-၂၀၃၀ ပြည့်နှစ်ကာလအတွင်း မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ဧက နှစ်သိန်းမှ အရည်အသွေးကောင်းကော်ဖီ စုစုပေါင်း တန်ချိန် ခြောက်သောင်းခန့် ထုတ်လုပ်ရန်လည်း အစိုးရက ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိုးကုတ်၊ ပြင်ဦးလွင်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် ရှာငံဒေသတို့တွင် ကော်ဖီကို အများဆုံးစိုက်ပျိုးကြပြီး မြန်မာ့ကော်ဖီများကို အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် ဆွစ်ဇာလန်နိုင်ငံများက ကမ်းလှမ်းဝယ်ယူမှုများ ရှိနေပြီဖြစ်ကြောင်း ကော်ဖီခြံစိုက်ပျိုးသည့် လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**နေစု(ချင်းရိုးမ)**



မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မိတ်ဖက်လုပ်ငန်းရှင်များ စုပေါင်း၍ (၂၁)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဇူလိုင် ၆ ရက်က ကျင်းပခဲ့ရာ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီး သွေးလှူဘဏ်သို့ ဝန်ထမ်းများ သွေးလှူနေစဉ် (သွေးလှူဒါန်းပွဲတွင် ကုမ္ပဏီဝန်ထမ်း ၁၃၅ ဦး စုပေါင်းသွေးလှူခဲ့ကြောင်း သိရသည်။) **မင်းမင်းလတ် (ရုပ်ပြဒ)**

# ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**တာချီလိတ် ဇူလိုင် ၁၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းကို တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ကုန်ကျေးရွာရှိ ဦးကျလော၏ ပြည်သူ့စစ်စခန်း၌ ဇူလိုင် ၁၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့စုမှူး ရဲမှူး စိုးနိုင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မိုင်းကိုးပြည်သူ့စစ်ခေါင်းဆောင် ဦးကျလောက ကျေးဇူးတင်စကားပြောကြားသည်။

သင်တန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုသရေးဦးစီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးအသင်း(MANA)နှင့် မိုင်းကိုးပြည်သူ့စစ်အဖွဲ့တို့က ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကာ တာချီလိတ်၊ တာလေ၊ မိုင်းဖြတ်နှင့် ကျိုင်းတုံမြို့နယ်များမှ မူးယစ်ဆေးဖြတ် သင်တန်းသား ၅၇ ဦး တက်ရောက်ပြီး သင်တန်းကို ဩဂုတ် ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

တာချီလိတ်မြို့နယ် ရပ်ရွာဒေသများအတွင်း မူးယစ်ဆေးဝါးသုံးစွဲသူ အသစ်မပေါ်ပေါက်စေရေးအတွက် သင့်လျော်သည့် မူးယစ်ဆေးအလွဲသုံးမှု ကာကွယ်ရေး နည်းလမ်းများကို ရပ်ရွာလူထုကိုယ်တိုင် ပါဝင်ဖော်ဆောင်နိုင်ရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သည့် ဗဟုသုတများကို လူထုတစ်ရပ်လုံး သိရှိစေရန်၊ ရပ်ရွာဒေသအတွင်းမှ မူးယစ်ဆေးဝါး သုံးစွဲနေသူများအား စည်းရုံးဖော်ထုတ်ပြီး ဆေးဖြတ်ကုသခံယူနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ စည်းရုံးဖော်ထုတ်ဖွဲ့စည်းပြီး လေ့ကျင့်တာဝန်ပေးနိုင်ရန်၊ ဆေးဖြတ်ကုသမှု ခံယူပြီးသူများအား ပြန်လည်ထူထောင်ပေးရန်နှင့် ပြန်လည်ထူထောင်ပြီးသူများအား နောက်ဆက်တွဲ စောင့်ရှောက်မှုများ စနစ်တကျဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ လူနာတင်ယာဉ်လွှဲပြောင်းပေးအပ်

**မအူပင် ဇူလိုင် ၁၂**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးသို့ ဂျပန်နိုင်ငံမှလှူဒါန်းသော လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲကို မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ ရက်က ကျင်းပခဲ့သည်။

လူနာတင်ယာဉ်ပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပညာ/ကျန်းမာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း နာယက ဦးသန်းထွန်းက အမှာစကားပြောကြားပြီး လူနာတင်ယာဉ်လှူဒါန်းခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဇင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူရှင်ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး ဖောင်ဒေးရှင်း နာယကက လူနာတင်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲအပြီးတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့မှုအဖြစ် မအူပင်နည်းပညာတက္ကသိုလ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ထူးချွန်ကျောင်းသားကျောင်းသူ ခုနစ်ဦးအား တစ်ဦးလျှင် ပညာသင်စရိတ် ကျပ် ၁၆၀၀၀၀ စီကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာ ကိုင်တွယ်ထိန်းသိမ်းမှု လေ့ကျင့်ရေးသင်တန်းဆင်း

**ရန်ကုန်- ဇူလိုင် ၁၂**
ပိုလန်နိုင်ငံမှ လက်ခံရရှိမည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာများကို ကိုင်တွယ်ထိန်းသိမ်းရန်အတွက် အကြိုလေ့ကျင့်ရေးသင်တန်းဆင်းပွဲကို မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ဇူလိုင် ၁၀ ရက်က ကျင်းပကာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ပိုလန်နိုင်ငံမှ လက်ခံရရှိမည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာများကို ကိုင်တွယ်ထိန်းသိမ်းအသုံးပြုပြီး မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပိုလန်နိုင်ငံ WISS Corporation နှင့် Secure Networks ကုမ္ပဏီတို့မှ ကျွမ်းကျင်နည်းပြဆရာများက သင်ကြားပို့ချခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင် အရာရှိသင်တန်းသား ၅၀ တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ ရက်သတ္တပါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သွေးလွန်တုပ်ကွေးကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဇူလိုင် ၁၂**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးမှုများကို မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သွေးလွန်တုပ်ကွေးရောဂါဟာ သုံးနှစ်တစ်ကြိမ် အဖြစ်များလေ့ရှိပါတယ်။ အခုနှစ်ဆိုရင် ဒဂုံမြို့နယ်ထဲမှာ ရောဂါဖြစ်ပွားသူ ယနေ့အထိ ခြောက်ဦးရှိပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဌာနအနေနဲ့ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းတွေကို နမူနာပဲ လုပ်ပြနိုင်မှာပါ။ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်တာ၊ ရေမြောင်းတွေအတွင်းမှာ ခြင်ပေါက်ပွားမှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေး စတာတွေဟာ တစ်ဦးချင်းစီမှသည် အားလုံးပူးပေါင်းဆောင်ရွက်ကြရမှာပဲ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ အခုလုပ်နေတဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေမှာ ခြင်ဆေးဖျန်းခြင်း မပါဝင်ပါဘူး။ ကြိုတင်ကာကွယ်ရေးမှာ ခြင်ဆေးဖျန်းခြင်းဟာ ထိရောက်မှုအားနည်းတာကိုလည်း သိစေချင်ပါတယ်။ ရောဂါဖြစ်ပွားတဲ့အိမ်နဲ့ ဝန်းကျင်ကိုသာ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးပါတယ်။ ကြိုတင်ကာကွယ်ရေးမှာ အဘိတ်ဆေးခတ်ခြင်းကိုသာ အဓိကဆောင်ရွက်ပါတယ်"ဟု ဒဂုံမြို့နယ် ကျန်းမာရေးဌာနမှူး ဒေါက်တာရွှေပြည်က ပြောကြားသည်။

အသိပညာပေးမှုများအဖြစ် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ရေစည်၊ ရေကန်များတွင် ပိုးလောက်လမ်းပေါက်ပွားခြင်းမရှိစေရန် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေး အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# ငွေစုငွေချေးသမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

**သံတွဲ ဇူလိုင် ၁၂**
အစိုးရအမှုထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၉ ရက်က တောင်ကုတ်မြို့ အထက-၁ ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ငွေစုငွေချေးအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြတို့က အမှာစကားပြောကြားပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်ပြကြသည်။ ယင်းနောက် အသင်းသားများ၏ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုများချီးမြှင့်ပေးခဲ့သည်။

ထို့နောက် လစ်လပ်သွားသော ဒါရိုက်တာအဖွဲ့ဝင်များ အစားထိုးခန့်အပ်ခြင်းနှင့် တာဝန်ခွဲဝေသတ်မှတ်ချက်များကို ကော်မရှင်ဥက္ကဋ္ဌက အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သန်း ဦးဆောင်သော မှုခင်းအသိပညာပေးယာဉ်သည် ဇူလိုင် ၁၁ ရက်က ကျိုက်မရောမြို့နယ် နိတုံကျေးရွာ၌ မွန်ပြည်နယ်အကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူး ကိုကိုလတ်က မှုခင်းအသိပညာပေး ဟောပြောစဉ် နန္ဒကျော်စွာ

# သာစည်မြို့နယ်နေ မြေစို၊ မုန်တောကျေးရွာတွင် နှစ်စဉ်ရေကြီးရေလျှံမှုများဖြစ်၍သီးနှံများ သိန်းပေါင်းထောင်ချီ၍ ပျက်စီးဆုံးရှုံးနေ

**သာစည် ဇူလိုင် ၁၂**

မိတ္ထီလာခရိုင် သာစည်မြို့အရှေ့မြောက်ဘက် ငါးမိုင်အကွာတွင် မြေစိုနှင့်မုန်တောကျေးရွာရှိသည်။ ကန်ရှည်ကျေးရွာအုပ်စုတွင် ကန်ရှည်၊ မြေစို၊ မုန်တော၊ အုတ်ရှစ်ကုန်း၊ မောင်းမဆည်ကျေးရွာများ ပါဝင်သည်။ မြေစိုနှင့် မုန်တောရွာများ၌ သာစည်၊ မင်းလှကန် လက်ဝဲရေလွှတ်မြောင်းမှ ဆည်ရေဖြင့် ငရုတ်၊ စပါး၊ ကုလားပဲများစိုက်ပျိုးကြသည်။ မြေစိုကျေးရွာမှာ အိမ်ခြေ ၁၈၀ ရှိပြီး လူဦးရေ ၆၁၀ ကျော်နေထိုင်သည်။ မုန်တောကျေးရွာ၌ အိမ်ခြေ ၂၀၀ ကျော်ရှိပြီး လူဦးရေ ၁၃၀၀ ခန့် နေထိုင်ကြသည်။ မြေစိုနှင့်မုန်တော ကျေးရွာသူ ကျေးရွာသားများသည် ဆည်ရေဖြင့် ငရုတ်၊ စပါး၊ ပဲမျိုးစုံတို့ကို လယ်ယာလုပ်ငန်းဖြင့် စိုက်ပျိုးအသက်မွေးဝမ်းကျောင်းပြုနေကြသော ရိုးသားသည့် တောင်သူလယ်သမားများဖြစ်ကြသည်။

သာစည်မြို့ မင်းလှကန်လက်ဝဲရေလွှတ်မြောင်းသည် မောင်းလှိုင်၊ ညဏ်ကန်၊ အုတ်ရှစ်ကုန်း၊ ပေါက်ချောင်း၊ ကုက္ကိုစု၊ သနပ်ကန်၊ ရွာမွန်သာ၊ ဇီးပင်ပေါက်၊ သမန်းကျား၊ မြေစို၊ မုန်တော၊ မောင်းမဆည်ရွာများကိုဖြတ်၍ စမုံမြစ်ထဲသို့စီးဆင်းသွားသော ပေ ၅၀၀၀၀ ကျော်အရှည်ရှိ ရေလွှတ်မြောင်းဖြစ်သည်။

မြေစိုနှင့် မုန်တောကျေးရွာ၌ မိုးများစွာ ရွာသွန်းသော ကာလများတွင် ကျေးရွာချင်းဆက်လမ်းများနှင့် စိုက်ပျိုးလယ်ယာမြေများ ပျက်စီးပြီး သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသည်။ မင်းလှကန်အမှတ် (၃) ရေပိုလွှဲမှ ပိုလျှံသောရေများသည် မြေစိုနှင့်မုန်တောရွာကိုပတ်၍ စီးဆင်းနေသည့်ချောင်းအတွင်း ပြင်ပဝင်ရေများ စုပေါင်းပြီး ချောင်းရေလျှံကာ လယ်မြေရေယာများနှင့် ယင်းရွာများအပေါ် ဖြတ်သန်းစီးဆင်းကာရေကြီးနစ်မြုပ်မှုဖြစ်ပေါ်လာခြင်းဖြစ်သည်။ မြေစိုနှင့်မုန်တောကျေးရွာ၌ ၂၀၁၆ ခုနှစ်က မိုးတွင်းကာလ ရေကြီးရေလျှံဖြစ်ပေါ်မှုကို တစ်လကျော်ခံစားခဲ့ရပြီး လယ်မြေဧက ၁၆၈၀ ၌ စိုက်ပျိုးထားသော ငရုတ်၊ ပဲမျိုးစုံ ပျက်စီးဆုံးရှုံးသွားသဖြင့် တန်ကြေးငွေကျပ်သိန်းပေါင်း ၆၇၂၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြသည်။ မြေစိုနှင့်မုန်တောကျေးရွာ ရေကြီးရေလျှံခြင်းမှာ မြေစိုရေလွှဲဆည်မှ ရေကျော်၍ စီးဆင်းခြင်း၊ ချောင်းအတွင်း ကန္တာရပင်များ ပေါက်ရောက်၍ ရေစီးရေလာပိတ်ဆို့စေပြီး ချောင်းရိုးကျဉ်းခြင်း၊ ချောင်းအတွင်း သဲနုန်းပို့ချကာ သောင်ထွန်းခြင်းများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ခဲ့သည်။

ထို့ကြောင့် သာစည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျပ်သိန်းပေါင်း ၆၅၁ သိန်း အကုန်အကျခံ၍ မြေစိုရေလွှဲဆည်၏ အထက်ပေ ၃၆၀၀ ခန့် မြေစိုနှင့် မုန်တောချောင်းအတွင်းရှိ ကန္တာရတောများ ရှင်းလင်းခြင်း၊ ချောင်းရိုးအား အောက်ခြေပေ ၅၀ ခန့်အထိ ချဲ့ခြင်းနှင့် သဲနုန်းတူးဖော်ခြင်း၊ ပေါင်ဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြေစိုရေလွှဲဆည်မှ စမုံချောင်းအတွင်းစီးဝင်သည့် ချောင်းအလျားမှာ ပေ ၂၃၀၀၀ ရှိပြီး မြေစိုရေလွှဲဆည်မှ ပိုလျှံရေစီးဆင်းသည့် ချောင်းပိုင်းမှာလည်း ကျဉ်းမြောင်း၍ တိမ်ကောနေသည့်အတွက် ချောင်းအတွင်း ရေအလုံးအရင်းစီးဝင်ချိန်တွင် ချောင်းရေထောက်၍ ယင်းကျေးရွာများအား ရေနစ်မြုပ်မှုဖြစ်လာနိုင်သည်။



ထို့ကြောင့် မြေစိုရေလွှဲဆည်မှ အောက်ဘက်ချောင်းရိုးအား ရေလမ်းကြောင်း ပိတ်ဆို့ခြင်း၊ ချောင်းအတွင်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းများကို ငွေကျပ်သိန်းပေါင်း ၇၀၀ ကျော် အကုန်အကျခံ၍ ဆက်လက်ပြုပြင်သွားမည်ဖြစ်သည်။

မြေစိုနှင့် မုန်တောဒေသရှိ ကျေးလက်ပြည်သူများသည် မိုးမကျမီ ချောင်းရိုးအား အမြန်ဆုံးပြုပြင်ပေးရန် လိုလားနေကြသည်။ မိုးမကျမီ ချောင်းရိုးမပြီးပါက မိုးတွင်းရေကြီးကာ ရေလျှံရေမြုပ်မှုများ ဖြစ်ပွားမည်ကို စိုးရိမ်နေကြသည်။ ထို့အပြင် ချောင်းရေကြီးပါက ချောင်းကူးတံတားမရှိသဖြင့် ချောင်းတစ်ဖက်ရှိ စိုက်ခင်းများသို့ လူများ၊ နွားများ၊ လှည်းများသွားလာရန်ခက်ခဲသဖြင့် ချောင်းကူးတံတားတစ်စင်း အမြန်ဆုံး ဆောက်လုပ်ပေးရန် ကျေးရွာလူထုက လိုလားနေကြသည်။**တင်လှိုင်(မိတ္ထီလာ)**

## လမ်းဘေးပျံ့ကျဲသားငါးဈေးသည်များ ဈေးရုံအတွင်း ဝင်ရောက်ရောင်းချရေး ဆောင်ရွက်ပြီးစီး



**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၈၈) ရပ်ကွက် ငွေဇင်ယော်လမ်းမကြီးနှင့် မဉ္ဇူလမ်းထိပ်တို့တွင် လမ်းပိတ်ဆို့ရောင်းချနေသည့် လမ်းဘေးပျံ့ကျဲ ဈေးသည်များအား ဇူလိုင်လပထမပတ်က မြို့နယ်စည်ပင်သာယာမှ ဆောက်လုပ်ထားသည့် ဈေးရုံကြီးအတွင်းဝင်ရောက်ရောင်းချနိုင်ရေးအတွက် အရှေ့ပိုင်းခရိုင် ဈေးသည်များဌာန တာဝန်ခံ ဦးဝင်းမော်သိန်း ၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်သန့်ဇင်၊ NLD ကိုယ်စားလှယ်တစ်ဦး၊ ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ် တစ်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်လွင်နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများသည် ဈေးရုံအတွင်းရှိ ငါးပေပတ်လည်အကွက်များတွင် ပျံ့ကျဲဈေးသည် ၆၈ ဦးအား အခမဲ့ မဲနှိုက်နေရာချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငွေဇင်ယော်လမ်းမကြီးနှင့် မဉ္ဇူလမ်းတွင် ပျံ့ကျဲသားငါးဈေးသည်များ လမ်းလယ်ကောင်တွင် ပိတ်ဆို့ရောင်းချနေသည့်အတွက် ပြည်သူများ သွားလာရန်ခက်ခဲကြောင်း၊ အရေးပေါ်ဖြစ်ပေါ်လာပါကလည်း မီးသတ်ယာဉ်၊ လူနာတင်ယာဉ်တို့အတွက် ဝင်ထွက်နိုင်မှုခက်ခဲကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးကပြောသည်။

ယခုအခါ ပျံ့ကျဲသားငါးဈေးသည်များအား အမှတ်(၈၈) ဈေးရုံအတွင်းနေရာချထားပေးပြီး ငွေဇင်ယော်လမ်းနှင့်မဉ္ဇူလမ်းပေါ်တွင် လမ်းပိတ်ဆို့ရောင်းချခြင်း မရှိစေရန် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## မြေသားလမ်းအား ကွန်ကရစ်ကျောက်ခင်းလမ်းအဖြစ်ခင်းကျင်းပြီးစီး

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ရွှေနံ့သာစံပြကျေးရွာ ကာယ ၁၂ လမ်းအတွင်းရှိ ငြိမ်းချမ်းသာဘိုကလေး ကျောင်းတိုက်နှင့် မဟာဓမ္မသုခ ကျောင်းတိုက်အထိ ခရီးသွားလမ်းမသည် မိုးကာလ၌ မြေသားလမ်းပေါ်တွင် ရေမြုပ်၍ ရွှံ့ညွန်များလမ်းလျှောက်မရအောင်ရှိနေပြီး ပြည်သူများခက်ခဲစွာ သွားလာခဲ့ကြရကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် မဟာဓမ္မသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တ ဦးဆောင်ကာ ဆရာတော်ကြီးလေးပါးတို့က ကွန်ကရစ်ကျောက်ခင်းလမ်း ဖြစ်မြောက်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

ဆရာတော်ကြီးများ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ရှိန်ကြောင့် ယခုအခါ လမ်းအရှည်ပေ ၁၄၄၀ ၊ ထုခြောက်လက်မ၊ အကျယ် ၁၂ ပေကို အလှူရှင် EPCM -MYANMAR Co.,Ltd, CHAIR MAN ဦးအောင်ဆွေ သိုက်-ဒေါ်နန္ဒာအောင် မိသားစုနှင့် EPCM-MYANMAR ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်း ၂၀၀ အကုန်အကျခံကာ ကွန်ကရစ်ကျောက်လမ်းခင်းကျင်းပြီးပြီဖြစ်၍ ဇူလိုင်လပထမပတ်တွင် ဖွင့်လှစ်ပေးခဲ့ရာ ကျောင်းတိုက်ပေါင်း ၆၀ ရှိ ရဟန်း၊ သံဃာ၊ သာမဏေ၊ သီလရှင်နှင့် ပြည်သူတို့ အဆင်ပြေချောမွေ့စွာသွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**


Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၉၉၆၂ ၀၁-၂၄၉၉၆၃ | သွင် ၀၁-၃၇၂၉၄၄ ၀၉၇၃၂၃၅၆၀ | မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၉ ၅၅၇၈၄၂၈၈၂ ၀၉ ၅၅၇၈၄၂၈၈၃ | ရွှေ့ဆောင် ၀၉၄၅၅၇၈၄၂၈၈၀ ၀၉၄၅၅၇၈၄၂၈၈၁ | မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၃၉၀၁၁၅၅ ၀၉၂၆၁၃၉၀၁၁၆၆ | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ မန္တလေး ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၁ ၀၉၄၀၂၇၆၅၆၄၂ | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၀၂၁၁ ၀၉၉၆၀၉၁၁၃၁၁ |
| မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၅၅၁ ၀၉၇၉၁၁၈၃၅၅၂ | မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၅၆၆၀၀၁၅ ၀၉၄၅၅၆၆၀၀၁၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၇၉၉၁-၂ | မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၄၀ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃ | ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ ၁၄.၇.၂၀၁၇ နေ့မှ ပြမည့်ဇာတ်ကားသစ်များ | | |

သူငယ်ချင်းယောက္ခမ ၂
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ Top Royal
မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - ဝင်းလိုက်၊ မြို့မ၊ မန်းနေပြည်တော်
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ Icon မကွေး - မင်္ဂလာစံပြ
တောင်ငူ - NEW 3D CINEMA

SPIDER MAN HOME COMING (3D)
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ
မင်္ဂလာ(၂)ဒဂုံစင်တာ(၂)၊မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

ORIGINAL GANGSTER 2
ရန်ကုန် - ရွှေ့ဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ
မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း ပဲခူး - မင်္ဂလာ Icon
ပြည် - မင်္ဂလာထွန်းသီရိ မကွေး - မင်္ဂလာစံပြ
တောင်ငူ - NEW 3D CINEMA

TRANSFORMERS THE LAST KNIGHT (3D)
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(ဂမုန်းပွင့်)

WISH UPON
ရန်ကုန် - နေပြည်တော်
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

ကာပြိုယ
ရန်ကုန် - ရွှေ့ဆောင်



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အမှတ်(၂) ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)မှ (၃)လအတွင်း ထွက်ရှိသောLight Naphtha များအား (၃)လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် ရောင်းချနိုင်ရန်
# တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂) ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)မှ (၃)လအတွင်း ထွက်ရှိသော Light Naphtha များအား (၃)လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၇ရက်မှ ၃-၈-၂၀၁၇ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၄-၈-၂၀၁၇ ရက် (သောကြာနေ့)၊ ၁၁း၀၀ နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်နှင့်အချိန်** - ၄-၈-၂၀၁၇ရက်၊ ၁၃း၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၁၉၄ သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# ရေနံဓာတ်ငွေ့ရည်များရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ ပရိုပိန်းရေနံဓာတ်ငွေ့ရည် ၂၀၀ တန် (တန်နှစ်ရာတိတိ)၊ ဗြူတိန်းရေနံ ဓာတ်ငွေ့ရည် ၂၀၀ တန် (တန်နှစ်ရာတိတိ)နှင့် အမှတ်(၂) ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)မှ ပရိုပိန်းရေနံဓာတ်ငွေ့ရည် ၂၀၀ တန် (တန်နှစ်ရာတိတိ) စုစုပေါင်း ရေနံဓာတ်ငွေ့ရည် ၆၀၀ တန် (တန်ခြောက်ရာတိတိ) (ပရိုပိန်း-၄၀၀ တန်၊ ဗြူတိန်း-၂၀၀ တန်)တို့ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံဓာတ်ငွေ့ရည်တင်သွင်း သိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လိုင်စင်(ခ) လက်ဝယ်ရှိသူများ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၇-၂၀၁၇ရက်မှ ၄-၈-၂၀၁၇ရက်ထိ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇/(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၃။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၇-၈-၂၀၁၇ရက် (တနင်္လာနေ့)၊ ၁၂း၀၀ နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၄။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်နှင့် အချိန်** - ၇-၈-၂၀၁၇ ရက် (တနင်္လာနေ့) ၁၄း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၄၁၁၁၉၄ သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)မှ တစ်လအတွင်းထွက်ရှိသော ယူရီးယားဓာတ်မြေသြဇာ ၅၀၀၀ တန် (တန်ငါးထောင်)ခန့်အား တစ်လအတွင်းထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၇ ရက်မှ ၄-၈-၂၀၁၇ ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၄-၈-၂၀၁၇ ရက် (သောကြာနေ့) ၁၂း၀၀ နာရီ

၅။ **အချိန်နှင့်နေရာ** - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၆။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၄-၈-၂၀၁၇ရက်၊ ၁၄း၀၀နာရီ

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၄၁၁၀၈၂၊ ၀၆၇-၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**

---

## မင်္ဂလာဒုံကျိုက္ကလော့ဘုရားတွင်
## ဆရာမ ဒေါ်မိုးမိုးအောင် မဟောပါ။
## သ.မ.ထ အကြားအမြင် ဆရာမ ဒေါ်မိုးမိုးအောင် နေအိမ်တွင် ဟောပြောသည်။

ပိတ်ရက်-ဝါတွင်းလပြည့်၊ ဥပုသ် ပိတ်သည်။
ဟောသည့်အချိန် နံနက် ၁၀း၀၀ နာရီမှ မွန်းလွဲ ၂း၀၀ နာရီအထိ
**အမှတ်(၁၆၇)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၁၆၀၇၈၊ ၀၉-၅၀၇၃၁၉၇**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အားကစားနှင့် ကာယပညာဦးစီးဌာန
## နေပြည်တော်
## ရက်စွဲ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၃ ရက်
# လျှောက်လွှာခေါ်ယူခြင်း

၁။ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (မုံရွာနှင့် လှိုင်ကော်)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူးအမျိုးအစား | လစ်လပ်ဦးရေ | အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | နည်းပြ(နည်းစနစ်) | (၄၈)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ပြည်နယ်/တိုင်းအဆင့် အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ဖူးသူ ဖြစ်ရမည်။ (သို့မဟုတ်) မြန်မာ့လက်ရွေးစင် အားကစားသမားဖြစ်ပါက အနိမ့်ဆုံး ပညာအရည်အချင်းမှာ နဝမတန်းအောင်မြင်သူ ဖြစ်ရမည်။ မိမိတတ်ကျွမ်းသည့်အားကစားနည်းအပြင် အခြားအားကစားနည်း အနည်းဆုံး (၂)မျိုးကိုလည်း တတ်သိ နားလည်ရမည်။ အဓိကအားကစားနှင့် ကြံ့ခိုင်စွမ်းရည် စစ်ဆေးခံရမည်။ |
| (ခ) | ဒု-ဦးစီးမှူး (ကွန်ပျူတာ) | (၂)နေရာ | B.C.Sc, B.C Tech ဘွဲ့ရရှိရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။ |
| (ဂ) | ကွန်ပျူတာ စီစဉ်ရေးမှူး(၂) | (၂)နေရာ | B.C.Sc, B.C Tech ဘွဲ့ရရှိပြီး ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။ |
| (ဃ) | ဒု-ကြီးကြပ်ရေးမှူး (ကွင်း) | (၂)နေရာ | B.E (Civil); B.E (Electrical) B.E(Mechanical) ဘွဲ့ရရှိရမည်။ |
| (င) | လျှပ်စစ်ကျွမ်းကျင်(၂) | (၂)နေရာ | B.E (Electrical) ဘွဲ့ရရှိရမည်။ |
| (စ) | စာရင်းကိုင်(၂) | (၂)နေရာ | စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ (သို့) ဘွဲ့တစ်ခုခုရရှိပြီး D.A အောင်ရမည်။ |
| (ဆ) | ပစ္စည်းထိန်း(၂) | (၂)နေရာ | စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ (သို့) ဘွဲ့တစ်ခုခုရရှိပြီး D.A အောင်ရမည်။ |

၂။ လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်၍ လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။ ဖြေဆိုရမည့်ရက်ကို ထပ်မံကြေညာပေးပါမည်။

၃။ ရေးဖြေနှင့် လူတွေ့စာမေးပွဲကို ဖြေဆိုရမည်။

၄။ စာမေးပွဲဝင်ကြေးငွေ ကျပ် ၅၀၀ (ကျပ်ငါးရာ)တိတိကို မြန်မာ့စီးပွားရေးဘဏ် ငွေထုတ်စာရင်းအမှတ်(MD 010442)သို့ ပေးသွင်းကြရမည်။

၅။ လျှောက်လွှာတွင်
(က) လျှောက်ထားသူ၏ အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
(စ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ ရက်စွဲနှင့် အလုပ်သမားရုံးအမည်
(ဆ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာနနှင့် အဖွဲ့အစည်းအမည်၊
(ဇ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ
(ဈ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

၆။ လျှောက်လွှာနှင့်အတူ
(က) ဘွဲ့လက်မှတ်မိတ္တူနှင့် နောက်ဆုံးနှစ် အမှတ်စာရင်းမိတ္တူ
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) ဝင်ကြေးငွေပေးသွင်းပြီးကြောင်း ပြေစာချလန်မူရင်း
(ဃ) ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနဆိုင်ရာများတွင် ချိန်နှုန်းလစာမရရှိသေးသောသူ (နေ့စားဝန်ထမ်း)များသည် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ (၆)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်းပါရှိရမည်။
(င) ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနဆိုင်ရာများတွင် ချိန်နှုန်းလစာမရရှိသေးသော သူ (နေ့စားဝန်ထမ်း)များအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) အစိုးရဌာနဆိုင်ရာများတွင်တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ကြီးဌာနအဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း

၇။ ပြင်ပပုဂ္ဂိုလ်များနှင့် ချိန်နှုန်းလစာမရရှိသော ဌာနဆိုင်ရာများတွင် လုပ်ကိုင်နေသူများသည် ၉-၈-၂၀၁၇ ရက် နောက်ဆုံးထား၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁) သို့ လျှောက်ထားရမည်။

၈။ အစိုးရဌာနတစ်ခုခုတွင် ချိန်နှုန်းလစာနှင့် တာဝန်ထမ်းဆောင်နေသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် လျှောက်ထားကြရမည်။ လျှောက်လွှာမိတ္တူတစ်စောင်ကို ညွှန်ကြားရေးမှူးချုပ် အားကစားနှင့်ကာယပညာဦးစီးဌာန ရုံးအမှတ်(၃၁)၊ (နေပြည်တော်)သို့လိပ်မူ၍ ၉-၈-၂၀၁၇ ရက်မတိုင်မီ ကြိုတင်ပေးပို့ရမည်။

၉။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာဦးစီးဌာန စီမံ/ဘဏ္ဍာဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၆၂၀၃၊ ၀၆၇-၄၀၆၀၂၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မင်းတံတားရပ်၊ ပျိုးခြံမြေနေရာတွင် အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ရန်အတွက် လုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ ဆောက်ရွက်လိုသောလုပ်ငန်းရှင်များသည် သတ်မှတ်ထားသော အဆိုပြုလွှာစည်းကမ်းချက်များနှင့်အညီ မိုးကုတ်မြို့နယ် စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချရက်** - ၁၃-၇-၂၀၁၇ မှ ၉-၈-၂၀၁၇
(ခ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၀-၈-၂၀၁၇ရက် နံနက်၁၀နာရီ
(ဂ) **လျှောက်လွှာရောင်းချ/တင်သွင်းရမည့်နေရာ** - မိုးကုတ်မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၊ မိုးကုတ်မြို့

**အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ**
**ဖုန်း-၀၈၆-၂၀၂၃၅**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ လမ်းဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများဖြစ်သော ခွဲကျောက်မျိုးစုံ၊ ဘိလပ်မြေအုတ်၊ သဲ၊ Guard Rail (M+L) တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၁၄-၇-၂၀၁၇ ရက် မှ ၉-၈-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ လိုအပ်သည့်ပစ္စည်းများ၏ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို အောက်ပါရုံးတွင် စုံစမ်းနိုင်ပါသည်။

**တင်သွင်းရမည့်ရက်** - ၉-၈-၂၀၁၇ရက်၊ နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ
**တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** - ၉-၈-၂၀၁၇ ရက်၊ မွန်းလွဲ ၁း၀၀ နာရီ
**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - လ/ထ ညွှန်မှူးရုံး၊ လမ်းဦးစီးဌာန၊ မန္တလေးမြို့ ဖုန်း-၀၂-၃၉၁၀၈

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ ဓာတ်အားလိုင်းများတွင် အသုံးပြုရန် ၃၃ ကေဗွီနှင့် ၁၁ ကေဗွီဓာတ်အားလိုင်းပစ္စည်းများဝယ်ယူခြင်းနှင့် ကျေးလက်မီးလင်းရေး အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းတိုးချဲ့တည်ဆောက်ခြင်းနှင့် ၃၃/၀.၄ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ၁၁/၀.၄ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခြင်း (Turnkey) လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-12(T)/MESC/2017-2018 | ၃၃ ကေဗွီနှင့် ၁၁ ကေဗွီဓာတ်အားလိုင်းပစ္စည်းများဝယ်ယူခြင်း |
| (ခ) | 2-8(T)/MESC/2017-2018 | ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်းနှင့် ၃၃/၀.၄ ကေဗွီ၊ ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း (Turnkey) (Lot-1) (ပုသိမ်ကြီး၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ရန်အောင်) |
| (ဂ) | 2-9(T)/MESC/2017-2018 | ၁၁ ကေဗွီ ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်းနှင့် ၁၁/၀.၄ကေဗွီဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း (Turnkey) (Lot-2) (မိတ္ထီလာ) |
| (ဃ) | 2-10(T)/MESC/2017-2018 | ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်းနှင့် ၃၃/၀.၄ ကေဗွီ၊ ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း (Turnkey) (Lot-3) (မိတ္ထီလာ၊ မလှိုင်၊ သာစည်) |
| (င) | 2-11(T)/MESC/2017-2018 | ၁၁ ကေဗွီ ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်းနှင့် ၁၁/၀.၄ကေဗွီဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း (Turnkey) (Lot-4) (သာစည်၊ ဝမ်းတွင်း) |
| (စ) | 2-12(T)/MESC/2017-2018 | ၁၁ ကေဗွီ ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်းနှင့် ၁၁/၀.၄ကေဗွီ ဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း (Turnkey) (Lot-5) (ကျောက်ဆည်၊ တံတားဦး၊ မြစ်သား) |
| (ဆ) | 2-13(T)/MESC/2017-2018 | ၁၁ ကေဗွီ ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်းနှင့် ၁၁/၀.၄ကေဗွီ ဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း (Turnkey) (Lot-6) (မြစ်သား၊ စဉ့်ကိုင်၊ ပုလိပ်၊ ကူမဲ) |
| (ဇ) | 2-14(T)/MESC/2017-2018 | ၁၁ ကေဗွီ ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်းနှင့် ၁၁/၀.၄ကေဗွီ ဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း (Turnkey) (Lot-7) (ပြင်ဦးလွင်၊ မတ္တရာ၊ မိုးကုတ်၊ စဉ့်ကူး၊ သပိတ်ကျင်း) |
| (ဈ) | 2-15(T)/MESC/2017-2018 | ၁၁ ကေဗွီ ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်းနှင့် ၃၃/၀.၄ကေဗွီ၊ ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း (Turnkey) (Lot-8) (မြင်းခြံ၊ ငါန်းဇွန်၊ တောင်သာ၊ နွားထိုးကြီး) |
| (ည) | 2-16(T)/MESC/2017-2018 | ၁၁ ကေဗွီ ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်းနှင့် ၁၁/၀.၄ကေဗွီ ဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း (Turnkey) (Lot-9) (ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ငါ့သရောက်) |
| (ဋ) | 2-17(T)/MESC/2017-2018 | မိတ္ထီလာမြို့နယ်၊ မုန်တိုင်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ(၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တိုးချဲ့တည်ဆောက်ခြင်း (Turnkey) (Lot-10) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၇-၂၀၁၇ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၄-၈-၂၀၁၇ ရက် ၁၀း၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၂-၆၉၁၂၁၊ ၀၂-၇၃၈၀၁**

---

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၉ယ/၁၂၂၂၂ ၏ Yamaha 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းတေဇ ၁၃/ကဟန(နိုင်)၀၀၉၄၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

PREMIER® COFFEE

(၂)ထပ်ကွမ်းငွေလမ်းကံစမ်းမဲအစီအစဉ်ရဲ့...

ငွေကျပ်သိန်း (၁၀၀) ဆု (၂၀) ဆုကံထူးရှင်များ

| | | | | |
|---|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်သန်းမြ (တောင်ဥက္ကလာ) | ရန်ကုန်တိုင်းဒေသကြီးမှ ဦးဝင်းမောင် (မြောက်ဒဂုံ) | ပဲခူးတိုင်းဒေသကြီးမှ မကြည်ဖြူစင်လင်း (ညောင်လေးပင်) | မန္တလေးတိုင်းဒေသကြီးမှ ဒေါ်ထူးထူး | ရန်ကုန်တိုင်းဒေသကြီးမှ ဦးကျော်ဇင် (တာမွေ) |
| ရန်ကုန်တိုင်းဒေသကြီးမှ မိုင်ဝင်နီထွန်းမြင့် (အင်းစိန်) | ရန်ကုန်တိုင်းဒေသကြီးမှ ဦးထွန်းနိုင် (ပုဇွန်တောင်) | ရန်ကုန်တိုင်းဒေသကြီးမှ မောင်ပြည့်စုံဝင်း | ပဲခူးတိုင်းဒေသကြီးမှ ဒေါ်စမ်းစမ်းဦး | ရန်ကုန်တိုင်းဒေသကြီးမှ ဦးဝင်းအောင် (ဒလမြို့) |
| ရန်ကုန်တိုင်းဒေသကြီးမှ ဦးမျိုးဝင်း (မင်္ဂလာတောင်ညွန့်) | ရန်ကုန်တိုင်းဒေသကြီးမှ ဦးကြည်ပိုင် (ဒဂုံတောင်) | နေပြည်တော်တိုင်းဒေသကြီးမှ ဦးမောင်သန်း (ပျဉ်းမနားမြို့) | ရန်ကုန်တိုင်းဒေသကြီးမှ မမာမာဝင်း (စမ်းချောင်း) | ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ငြိမ်းငြိမ်းခိုင် (တာမွေ) |
| ရန်ကုန်တိုင်းဒေသကြီးမှ ဦးကျော်လှိုင် (သဃ်န်းကျွန်း) | နေပြည်တော်တိုင်းဒေသကြီးမှ ဦးဇော်လှိုင်ဌေး | ပဲခူးတိုင်းဒေသကြီးမှ စောမင်းဝင်း (တောင်ငူ) | ရန်ကုန်တိုင်းဒေသကြီးမှ မသဇ္ဈာလီနိုင် (မင်္ဂလာဒုံ) | နေပြည်တော်တိုင်းဒေသကြီးမှ မဖြူပြာအိ |

(၂)ထပ်ကွမ်းငွေလမ်းကံထူးရှင်များအား
ဆုပေးပွဲအခမ်းအနားကို

JULY 19 2017 Wednesday (ဗုဒ္ဓဟူးနေ့)

Pyay Ballroom
Novotel Hotel
Yangon

မှာကျင်းပ ပြုလုပ်ပေးသွားမည် ဖြစ်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အထောက်အကူပြုကျန်းမာရေးသတင်းစနစ်အတွက် အသုံးပြုရမည့် HMIS ပုံစံ/ဆေးရုံလချုပ်ပုံစံနှင့် ပြင်ပလူနာရောဂါမှတ်တမ်းပုံစံအပါအဝင် (၁၅)မျိုးအား ပုံနှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇) နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၈-၂၀၁၇ရက် မွန်းလွဲ ၂း၀၀ နာရီ
**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၃၁၁၈၀၊ ၀၆၇-၄၃၁၁၈၂**

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် (၂/၂၀၁၇-၂၀၁၈)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၁။ | ထွန်စက်/ဂေါ်/နောက်တွဲ | ၆- | စီး |
| ၂။ | ရေသယ်ယာဉ်(မီးသတ်စက်တွဲ) | ၆- | စီး |
| ၃။ | Tipper | ၁၄- | စီး |
| ၄။ | ဆိုင်ကယ် (Kenbo) | ၆၀- | စီး |
| ၅။ | ဆိုင်ကယ် (DT) | ၃၀- | စီး |
| ၆။ | ထော်လာဂျီ | ၁၄- | စီး |
| ၇။ | Toyota Double Cab | ၆- | စီး |
| ၈။ | Toyota Extra Cab | ၆- | စီး |
| ၉။ | Grader | ၆- | စီး |
| ၁၀။ | တူညီဝတ်စုံ | ၆၀၀၂- | စုံ |

၂။ တင်ဒါပေးသွင်းမှုကို ၂၈-၇-၂၀၁၇ရက် ၁၆း၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် (၅၀၀၀/-)နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## ဒုတိယညွှန်ကြားရေးမှူးရုံး၊ ရှမ်းပြည်နယ်(ကျိုင်းတုံ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ သစ်တောဦးစီးဌာန၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်တွင် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း) အသုံးစရိတ်ဖြင့် အဆောက်အအုံ (၁)လုံး ဆောက်လုပ်လိုပါသဖြင့် မြန်မာနိုင်ငံသားကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တာချီလိတ်ခရိုင်ရုံးနှင့် မြို့နယ်ရုံး(၆၂'×၄၂'×၂၂') နှစ်ထပ်သွပ်မိုး၊ သံကူကွန်ကရစ် - ၁ လုံး

၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၇ ရက်
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - ၁၆-၈-၂၀၁၇ ရက်
(ဂ) **တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်** - ၁၈-၈-၂၀၁၇ရက် ၁၆း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်၊ သစ်တောဦးစီးဌာန၊ ဖုန်း-၀၈၄-၂၁၆၈၃(ကျိုင်းတုံခရိုင်)၊ဖုန်း-၀၈၄-၅၁၅၁၂ (တာချီလိတ်)၊ ဖုန်း-၀၈၁-၂၁၂၅၅၈၉(ပြည်နယ်ရုံး) တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)
## သင်တန်းသားများခေါ်ယူခြင်း

၁။ မော်တော်ယာဉ်နည်းပညာသုတေသနဌာန၊ မဟာဗန္ဓုလလမ်းနှင့် မြို့ပတ်လမ်းထောင့်၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီးတွင် အောက်ပါကျွမ်းကျင်မှုအခြေပြုကာလတို(၄)ပတ်သင်တန်းများကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၅ ရက်တွင် ပထမအကြိမ်အနေဖြင့် စတင်ဖွင့်လှစ်ပါမည်။
(၁) Applied Electronic and Electrical Skill Training
(၂) Automobile Maintenance Skill Training (Level-1)

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်။
(၁) တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုဖူးသူဖြစ်ပြီး အသက် (၃၀) ထက်မကျော်လွန်သူဖြစ်ရမည်။
(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၃) သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူ ဖြစ်ရမည်။
(၄) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်များပါရှိရပါမည်။
(၁) လျှောက်လွှာမူရင်း(၁)စောင်
(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(၁)စောင်
(၃) လိုင်စင်ဓာတ်ပုံ(၃)ပုံ
(၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာမူရင်း(သို့မဟုတ်)မြို့နယ်ရဲစခန်းမှ ထောက်ခံစာမူရင်း။

၄။ ၂၀၁၇ခုနှစ် ဇူလိုင် ၁၄ ရက်မှစ၍ အောက်ပါနေရာတွင် လျှောက်လွှာများရသူ လျှောက်ထားနိုင်ပါသည်။
(၁) ပြင်ဦးလွင်၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာန၊ မဟာဗန္ဓုလလမ်းနှင့် မြို့ပတ်လမ်းထောင့်၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။
(၂) လျှောက်လွှာများကို ၁၄-၇-၂၀၁၇ရက်မှစ၍ ၂၀-၇-၂၀၁၇ ရက်အထိ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ သက်ဆိုင်ရာကျောင်းတွင် ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးတင်ရမည့်ရက်မှာ ၂၀-၇-၂၀၁၇ ရက် ဖြစ်ပါသည်။ ၂၁-၇-၂၀၁၇ရက်တွင် လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

၅။ သင်တန်းကို ကျား/မ မရွေးလျှောက်ထားနိုင်ပြီး သင်တန်းတစ်ခုလျှင် သင်တန်းသား/သူ (၁၅)ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး သင်တန်းသား/သူများအတွက် အစားအသောက်နှင့်နေထိုင်ရန် အဆောင်စီစဉ်ပေးမည်ဖြစ်ပါသည်။

**မော်တော်ယာဉ်နည်းပညာသုတေသနဌာန**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကချင်ပြည်နယ်ကုသရေးဦးစီးဌာန
## မြစ်ကြီးနားမြို့

၁။ ကချင်ပြည်နယ် ကုသရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်(၄)ခရိုင်မှ ဆေးရုံများနှင့် မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီးအတွက် လိုအပ်သော ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံး၊ ဓာတ်မှန်ခန်းသုံးဆေးပစ္စည်းများ (FDA)အသိအမှတ်ပြုကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၇ ရက် (သောကြာနေ့)
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၉-၈-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးဝါးစာရင်းအသေးစိတ် အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် ကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၇၄-၂၂၃၀၃၊ ၀၇၄-၂၂၈၈၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့် နေ့ရက်/အချိန် | တင်ဒါပိတ်မည့်ရက် နေ့ရက်/အချိန် |
|---|---|---|---|
| 1. | Diesel Oil, Premium Diesel Oil & Octane -92 | ၁၃-၇-၂၀၁၇ရက်မှ ၁၁-၈-၂၀၁၇ရက်ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၁၄-၈-၂၀၁၇ရက် ၁၃း၀၀နာရီ |
| 2. | Life Jacket & Life Buoy | ၁၈-၇-၂၀၁၇ရက်မှ ၁၁-၈-၂၀၁၇ရက်ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | -။- |
| 3. | မီးသတ်ဆေးဘူး၊ ဆေးထုပ်နှင့် Fire Hose Pipe & Nozzle | -။- | -။- |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်းသစ်(ဗိုလ်တထောင်ဘုရားအနောက်ဖက်၊Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်၌ အထက်ဖော်ပြပါရက်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသော အချက်များရှိပါက ဖုန်း- ၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၃၂၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန
## မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာဦးစီးဌာနမှ
## အဆောက်အအုံများဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ/ရုံးများအသစ်ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က)အခြေခံပညာကျောင်း/ရုံးအဆောက်အအုံ(၂၅၆)ခု

၂။ **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

၃။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်/အချိန်** - ၂၀-၇-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၈-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄း၃၀ နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၈-၂၀၁၇ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန အစည်းအဝေးခန်းမ၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

**မှတ်ချက်။** ။အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ဆက်သွယ်ရန်ဖုန်း -၀၆၃-၂၀၂၅၁၈၇၊ ၂၀၂၃၀၁၈ တို့တွင် ရုံးချိန်အတွင်း လေ့လာစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မကွေးတိုင်းဒေသကြီး၊ အဆောက်အအုံဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## မြန်မာ့ဆောက်လုပ်ရေးနှင့်အထွေထွေထုတ်လုပ်ရောင်းဝယ်ရေး
## သမဝါယမအသင်းလီမိတက်
## ဝန်ထမ်းအလိုရှိသည်

၁။ အငယ်တန်းမန်နေဂျာ(ဘတ်ဂျက်နှင့်ငွေစာရင်း) ကျား/မ (၁)ဦး
ကွန်ပျူတာ ကျွမ်းကျင်စွာအသုံးပြုနိုင်ရပါမည်။
သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။

၂။ အငယ်တန်းမန်နေဂျာ(စီမံရေးရာ) ကျား/မ (၁)ဦး
ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။
Pagemaker/Word/Excel & Photoshop ကျွမ်းကျင်စွာအသုံးပြုနိုင်ရပါမည်။
သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။

- အမှတ်စဉ်(၁)နှင့် (၂)ရာထူးနှစ်ခုစလုံးအတွက် သမဝါယမတက္ကသိုလ်(သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ လျှောက်ထားမည့်ရာထူးနှင့်သက်ဆိုင်သည့်ဘွဲ့ရရှိထားသူဖြစ်ရပါမည်။
- သမဝါယမတက္ကသိုလ်မှဘွဲ့ရရှိထားသူကိုဦးစားပေးရွေးချယ်ပါမည်။
အသက်(၃၀)ထက်ကျော်လွန်သူများမဖြစ်ရပါ။ သင်တန်းကိစ္စ၊ ကျောင်းကိစ္စရှင်းလင်းသူများဖြစ်ရပါမည်။
- လျှောက်ထားလိုသူများသည် (၆)လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ၂၁-၇-၂၀၁၇ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ** - **MCGC (ရုံးချုပ်)**
**အမှတ်(၂)ရန်ကုန်အင်းစိန်လမ်း၊(၃)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၁-၆၆၀၆၈၉၊ ၀၉-၄၄၈၀၁၄၀၇၃၊**
**၀၉-၇၉၉၇၁၂၂၀၄**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
## အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းပိုင် အောက်ဖော်ပြပါ ဒေသအလိုက်သတ္တုများအား ဒေသအလိုက် Lot အလိုက် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်-

| စဉ် | သတ္တုအမျိုးအစား | အလေးချိန် (မက်တန်) | သိုလှောင်ထားရှိရာဒေသ | တင်ဒါပိတ်မည့် ရက်/အချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ခဲမဖြူ၊ သတ္တုသန့်စင် (Tin Concentrate) | ၈၆.၆၉၅ | ထားဝယ် | ၉-၈-၂၀၁၇ ၁၄း၀၀ နာရီ | F.O.B (ထားဝယ်) |
| ၂ | အဖြိုက်နက်သတ္တုသန့်စင် (Wolfram Concentrate) | ၂.၅၆၀ | | | |
| ၃ | ခဲမဖြူ၊ အဖြိုက်နက်ရောရာသတ္တု (Tin-Wolfram Mixed Concentrate) | ၁၇၂.၇၂၁ | | | |
| ၄ | ခဲမဖြူသတ္တုသန့်စင် (Tin Concentrate) | ၂၄.၆၈၄ | မြိတ် | ၉-၈-၂၀၁၇ ၁၄း၀၀ နာရီ | F,O.B (မြိတ်) |
| ၅ | အဖြိုက်နက်သတ္တုသန့်စင် (Wolfram Concentrate) | ၀.၄၀၈ | | | |
| ၆ | ခဲမဖြူအဖြိုက်နက်ရောရာသတ္တု (Tin -Wolfram Mixed Concentrate) | ၁.၄၀၁ | | | |
| ၇ | ခဲမဖြူသတ္တုသန့်စင် (Tin Concentrate) | ၁၃.၆၁၂ | ပျဉ်းမနား | ၉-၈-၂၀၁၇ ၁၄း၀၀ နာရီ | F.O.B (ပျဉ်းမနား) |
| ၈ | အဆင့်နိမ့်ခဲမဖြူအဖြိုက်နက်ရောရာသတ္တု(ဖမ်းဆီး) | ၆၁.၅၈၂ | | | |
| ၉ | ခဲမဖြူသတ္တုသန့်စင် (Tin Concentrate ) | ၃.၈၀၂ | ကျိုင်းတုံ | ၉-၈-၂၀၁၇/ ၁၄း၀၀ နာရီ | F.O.B (ကျိုင်းတုံ) |

၂။ အသေးစိတ်သိရှိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8C/3503 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန၊ ခုတင်(၅၀၀)အထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**FDA အသိအမှတ်ပြု**
(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးပစ္စည်းများ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၇ ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၇ ရက် ညနေ ၄း၀၀ နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၄-၇-၂၀၁၇ ရက် နံနက် ၉း၀၀ နာရီ

၄။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန၊ ခုတင်(၅၀၀)အထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး ရန်ကုန်မြို့တွင် အောက်ပါလုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူအပ်ပါသည်။

**သူနာပြုဆောင်အမိုးမိုးခြင်းလုပ်ငန်း**
**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၇ ရက် ညနေ ၄း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၇-၇-၂၀၁၇ ရက် နံနက် ၉း၀၀ နာရီ

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၊**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများနှင့် ဓာတ်ခွဲ/ဓာတ်မှန်ခန်းအတွက် လိုအပ်သောဆေးဝါးပစ္စည်းကိရိယာများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၂-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊စစ်ကိုင်းမြို့**
**စစ်ကိုင်းတိုင်းဒေသကြီး**
**ဖုန်း-၀၇၂-၂၁၀၃၅**

---

### အမည်မှန်

အထက (၁) ညောင်ရွှေ၊ ပဉ္စမတန်း (ဂ) မှ မောင်ကျော်စိုးဦး၏ အမည်မှန်မှာ မောင်ကျော်ဇော်ဦး ဖြစ်ပါကြောင်း။

**မောင်ကျော်ဇော်ဦး**

### ဖခင်အမည်မှန်

ညောင်ရွှေ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (က) မှ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမော် ၅/ဘတလ(နိုင်)၀၁၆၀၈၄ ဖြစ်ပါကြောင်း။ **ဦးဝင်းမော်**

### ဖခင်အမည်မှန်

ညောင်ရွှေမြို့နယ်၊ အထက မိုင်းသောက်၊ သတ္တမတန်းမှ မကေခိုင်မိုး၏ဖခင်အမည်မှန်မှာ ဦးစိုးထွန်း ၁၃/တကန(နိုင်)၁၇၅၀၅၈ ဖြစ်ပါကြောင်း။ **ဦးစိုးထွန်း**

### အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၄)၊ တတိယတန်း (D) မှ မောင်နေဇော်လင်းအား ယနေ့မှစ၍ မောင်ဟန်ဇော်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟန်ဇော်လင်း**

### ဖခင်အမည်မှန်

မိုင်းရှူးမြို့၊ အထက၊ သတ္တမတန်းမှ နန်းမြဖူး၏ဖခင်အမည်မှန်မှာ ဦးခွန်ချူး ၁၃/မရန (နိုင်)၀၁၉၂၁၀ ဖြစ်ပါကြောင်း။ **ဦးခွန်ချူး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းရှူးမြို့၊ အထက၊ နဝမတန်း (ဝိဇ္ဇာ)မှ နန်းလူမွမ်းနှင့်နန်းနွံမွမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန်းလူမွမ်း(ခ)နန်းနွံမွမ်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့နယ်၊ ပေါင်လင်းကျေးရွာအုပ်စု၊ နံကင်ရွာနေ ဦးခွန်စိုးရီနှင့် ဦးစောရီ ၁၃/ဟပန(နိုင်)၀၃၈၈၂၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခွန်စိုးရီ(ခ)ဦးစောရီ**

### ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၁စ/၄၈၁၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ တောင်ကြီး**




## တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၁၆/၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ခုံအမှတ် (စဧ/၃၃၅)ဖြင့် အောင်မြင်သူ မဌေးဌေးဝင်း၏ဖခင် ဦးထွန်းထွန်းဝင်း ၅/ကဘလ(နိုင်)၁၃၄၀၇၇ နှင့် ဦးထွန်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။**ဦးထွန်းထွန်းဝင်း(ခ)ဦးထွန်းထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်သာမြို့၊ တစ်မိုက်သာ အထကမှ တက္ကသိုလ်ဝင်တန်းအောင် မောင်အာကာဖြိုး အင်းတဲအလက(ခွဲ)၊ သတ္တမတန်းမှ မစုမြတ်မွန်နှင့် ပထမတန်းမှ မအိရတနာဖြိုးတို့၏ဖခင် ဦးလူမောင် ၉/တသန(နိုင်)၀၀၆၇၆၂ နှင့် ဦးလူမော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလူမောင်(ခ)ဦးလူမော်**

## ဖခင်အမည်မှန်

စဉ့်ကူးမြို့နယ်၊ အထက လက်ပန်လှ၊ တက္ကသိုလ်ဝင်တန်းမှ မမိုးသူဇာနှင့် ထ(ခွဲ)ကံတောင်၊ ဆဋ္ဌမတန်းမှ မခိုင်သူဇာတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရင် ၉/စကန(နိုင်)၀၃၂၉၀၂ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ရင်**

## အမည်မှန်

ဇန်းမောက်မြို့နယ်၊ ပန်းပျိုးလက်များ ကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ (ဘ)ဦးကြူမြင်းအောင်၏သမီး မလှိုင်မျိုးဆက်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မခိုင်ရတနာအောင် ဖြစ်ပါကြောင်း။

**မခိုင်ရတနာအောင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1E/7542 Nissan Diesel CW 53 BN ယာဉ်လက်ဝယ်ရှိသူ ဦးကျအူ ၁၃/မဆန(နိုင်)၀၁၆၈၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ် (၉၈-တောက)၊ ဦးပိုင်အမှတ် (၁၆/၄၅)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၂ ဧကရှိမြေသည် မြေစာရင်းပုံစံ (၁၀၅)၊ မြေရာဇဝင်(၁၀၆)တွင် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အခွန်အမှုအမှတ်(V) ၈၃/၈၆-၈၇ အရ ဦးခင်မောင်ဝင်းအမည်ပေါက် နှစ်၃၀ အငှားဂရန်ရရှိထားပြီး ဂရန်သက်တမ်းမှာ ၄-၅-၂၀၁၇ ရက်တွင် ကုန်ဆုံးနေပြီးဖြစ်သည်။ မူလအမည်ပေါက်သူမှစ၍ အဆင့်ဆင့်ပြုလုပ်လာ၍ လက်ရှိတွင် ဒေါ်နီလာမှ မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် ၃/၂၀၁၆ ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထား၍ ဒေါ်နီလာမှ နှစ်ရှည်မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန်လျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## ဦးဒေးဗစ်ထန်ဆောမ်လျန် ၅/ကလထ(နိုင်)၁၂၃၀၃၀ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသက်နှင်း ၅/ကလထ(နိုင်)၁၄၁၀၅၀ ပင်လုံရပ်ကွက် ကလေးမြို့နေထိုင်သူ၏ လွှဲအပ်ချက်အရ ဦးဒေးဗစ်ထန်ဆောမ်လျန်နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသက်နှင်းနှင့် ဦးဒေးဗစ်ထန်ဆောမ်လျန်တို့သည် ၂၀၀၅ ခုနှစ်က ခရစ်ယာန်ထုံးတမ်းစဉ်လာနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ကြပြီး သမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ၂၀၀၆ ခုနှစ်မှစ၍ ဦးဒေးဗစ်ထန်ဆောမ်လျန်သည် ပြည်ပနိုင်ငံသို့ ၄င်းသဘောဆန္ဒအတိုင်း သွားရောက်ပြီး ကျွန်ုပ်တို့မိတ်ဆွေအား ပစ်ထားခဲ့ပါသည်။ တစ်ခါတစ်ရံ ဦးဒေးဗစ်ထန်ဆောမ်လျန်သည် မြန်မာနိုင်ငံသို့ ပြန်လာပြီး ကျွန်ုပ်တို့မိတ်ဆွေအား ပေးကမ်းထောက်ပံ့ခြင်းများ မပြုလုပ်သည့်အပြင် ပြဿနာအမျိုးမျိုးရှာခြင်း၊ ကိုယ်ထိလက်ရောက်ရိုက်နှက်ခြင်း၊ အခြားအမျိုးသမီးများနှင့် လူမှုရေးဖောက်ပြန်ခြင်း၊ ၂၀၁၇ ခုနှစ် ခြောက်လပိုင်းတွင်လည်း မြန်မာနိုင်ငံသို့ပြန်လာရာတွင် ကျွန်ုပ်တို့မိတ်ဆွေရှိရာ ကလေးမြို့သို့ လာရောက်ခြင်းမရှိဘဲ ရန်ကုန်မြို့တွင် အခြားအမျိုးသမီးများနှင့် ဖောက်ပြန်နေသည်ကို သိရှိခဲ့ရပါသည်။ ဦးဒေးဗစ်ထန်ဆောမ်လျန်သည် ကျွန်ုပ်တို့မိတ်ဆွေအား ပေါင်းသင်းခဲ့သည့်ကာလတစ်လျှောက်လုံး ပေးကမ်းထောက်ပံ့ခြင်းမရှိသည့်အပြင် အခြားအမျိုးသမီးများနှင့် အိမ်ထောင်ရေးဖောက်ပြန်နေသောကြောင့် ကျွန်ုပ်တို့မိတ်ဆွေက ဦးဒေးဗစ်ထန်ဆောမ်လျန်အား ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း ယနေ့မှစ၍ အကြင်လင်မယားအဖြစ်မှ ပြတ်စဲသွားပြီဖြစ်ကြောင်း ဦးဒေးဗစ်ထန်ဆောမ်လျန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသက်နှင်း၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်ကျင်မေ** | **ဦးသန့်ဇင်ထွန်း LL.B** |
| **အထက်တန်းရှေ့နေ-၃၉၄၈၇/၁၂** | **အထက်တန်းရှေ့နေ(စဉ်-၄၃၂၄၁)** |
| **သဇင်လမ်း၊ တောင်ဇလပ်ရပ်ကွက်** | **တပ်ဦးသီတာရပ်ကွက်၊ ကလေးမြို့** |
| **ကလေးမြို့** | **ဖုန်း-၀၉-၂၅၀၀၆၁၂၈၈** |

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ အဋ္ဌမတန်းမှ မအေးငြိမ်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းချို ၅/ခဥတ(နိုင်)၀၇၈၈၇၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်စိုး၏ ဖခင်အမည်မှန်မှာ ဦးတင်လှ ၅/ခဥတ(နိုင်)၀၀၇၃၂၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဒေဝါလမ်းနေ မသက်ဖူးငုံ ၅/မရန(နိုင်)၂၄၃၅၅၄ ၏ ဖခင် ဦးကျော်မြင့်ထွန်းနှင့် ဦးကျော်မင်းထွန်း ၅/မရန(နိုင်)၀၆၁၃၀၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၂၂၄၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုမြို့နယ်၊ ကွန်ဆိပ်ကျေးရွာနေ ဒေါ်စီ ၅/ရဘန(နိုင်)၀၃၉၈၉၉ နှင့် ဒေါ်ခင်စီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့(အထက) တက္ကသိုလ်ဝင်တန်း (F)မှ မောင်ဘရန်မိုင်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်အင်ဖွတ်ခွန်ဆန်း ၅/ဝသန(နိုင်)၀၀၂၀၇၆ ဖြစ်ပါကြောင်း။ **ဒေါ်အင်ဖွတ်ခွန်ဆန်း**

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့ (အထက) တက္ကသိုလ်ဝင်တန်း (F)မှ မရွှေထက်လှ၏ မိခင်အမည်မှန်မှာ ဒေါ်ငွေးရီ ၅/အတန(နိုင်)၀၁၆၇၅၀ ဖြစ်ပါကြောင်း။

**ဒေါ်ငွေးရီ**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ နန်းပုံကျေးရွာနေ (ဘ)ဦးမောင်ဆန်း၏သမီးအမည်မှန်မှာ မရွှေရီဦး ၅/ဗမန(နိုင်)၀၈၃၅၂၇ အင်းတော်(အထက) တက္ကသိုလ်ဝင်တန်း(G)ဖြစ်ပါကြောင်း။ **မရွှေရီဦး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့(အထက) ဆဋ္ဌမတန်း(C)မှ မောင်စိုင်းကောင်းထက်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်အောင်ဦး ၁/မကန(နိုင်)၁၂၆၉၇၃ ဖြစ်ပါကြောင်း။

**ဦးအောင်အောင်ဦး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅/၅၈၇)၊ သပြေလမ်းရှိ ဦးတိုး(BT -၀၁၆၃၇၂) အမည်ပေါက်ပိုင်ဆိုင်သော (ပေ၄၀×ပေ၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း(၁၉ပေ×ပေ၆၀)မြေကွက်ကို ဒေါ်မေဇင်မြင့်အောင် ၈/နမန(နိုင်)၁၁၉၀၀၉ က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်မေဇင်မြင့်အောင် ၈/နမန(နိုင်)၁၁၉၀၀၉**
**ဖုန်း-၀၉-၄၃၁၆၄၆၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ အောင်ရတနာ(၁၄)လမ်း၊ မြေကွက်အမှတ်(၁၇၂)၊ (၃၅×၅၀)ပေ အကျယ်အဝန်းရှိသော ဦးထွန်းလင်းအမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးထွန်းလင်း ၇/ပတန(နိုင်)၀၇၄၆၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြမြစိုးဦး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၅၃)**
**အမှတ် (၂၀)၊ အလိန်လည် (၁)လမ်း၊ (၅) ရပ်ကွက်၊**
**ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၂၄၃၈၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၁၅)လမ်း၊ အမှတ် (၄၇၀/ခ)နေ ဦးတင်လှ ၁၂/ဥကတ(နိုင်)၀၂၂၉၈၉၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၁၅)လမ်း၊ အမှတ်(၄၇၀/ခ)၊ မြေတိုင်းရပ်ကွက်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀) မြေကွက်အမှတ် (၄၇၀/ခ)ဟုခေါ်တွင်သော ဧရိယာ (၁၂၀၀)စတုရန်းပေ၊ အကျယ် (၂၀×၆၀)ပေရှိမြေနှင့် ယင်းမြေရှိအဆောက်အအုံအား ဦးတင်လှမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၈၈၄၆/၁၄) ဖြင့် မူလအမည်ပေါက် ဦးခင်မောင်လွင် (S/OKA-၀၆၅၅၂၃) ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးတင်လှ ၁၂/ဥကတ(နိုင်)၀၂၂၉၈၉ အမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေနှင့် ယင်းမြေပေါ်ရှိအဆောက်အအုံအား တရားဝင်ပိုင်ဆိုင်သူ ဦးတင်လှ၏ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့မပြုရန် အသိပေးအပ်ပါသည်။ ထိုသို့ပြုလုပ်ထားခြင်းရှိပါက ပြုလုပ်သူအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ပွင့်သူဇာ LL.B** | **ဒေါ်မေသဥ္ဇာသိန်း LL.B** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၄၀၃၈၇** | **စဉ်-၄၂၂၀၂** |

**အမှတ် (၃၄၅)၊ နဝရတ် (၃)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**




ONE TEA နို့ဆီချောင်း

ကျပ်သိန်း (၅၀၀) တန်ဖိုးရှိ OK$ ခဲခြစ်ကံစမ်းမဲများ ပါရှိသည်။

တစ်ချောင်း ၅၀ ကျပ်

09 5178737 CGMFandB



# YAW MIN GYI APARTMENT

No.62, Yaw Min Gyi Road, Dagon Township, Yangon



အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ။

- ရန်ကုန်မြို့၏အချက်အခြာ အကျဆုံး Downtown ဧရိယာဖြစ်သည့် ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းပေါ်တွင် တည်ရှိပါသည်။
- RC Structure, Post Tensioned slab, Shear Wall များဖြင့် ငလျင်ဒဏ်ခံနိုင်စေရန် တည်ဆောက်ထားပါသည်။
- Laminate Floor, Plaster board ceiling, Lighting Fixtures, Air-conditioning ၊ ရေပူရေအေးစက်များ ပြည့်စုံစွာ ပါဝင်၍ Security access control & CCTV system၊ Schindler ဓာတ်လှေကား (၂) စင်း၊ ကိုယ်ပိုင် Transformer နှင့် Generator ပါရှိပါသည်။
- (၁၇၅၀) စတုရန်းပေ မှ (၁၈၀၀) စတုရန်းပေအထိ ကျယ်ဝန်းသည့် အခန်းများဖြစ်ပြီး တစ်ခန်းလျှင် Car parking (၁) စီးစာ ပါရှိပါသည်။
- ကာလပေါက်ဈေးထက် သက်သာသောနှုန်းထားဖြစ်ပြီး ငွေအကျေချေပြီး ချက်ချင်း အသင့်တက်ရောက် နေထိုင်နိုင်ပါသည်။








DEVELOPER- GRAND STYLE CO.,LTD. အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့်မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL: 01-524963, 01-526928, 01-516533~6



အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်

# ဂုဏ်ထူး ဦးအောင်ခိုင်

## ဒေါ်စန္ဒာအောင်ခိုင်

B.A ( English )
Diploma in Travel & Tourism
City College of San Francisco

English Speaking (အင်္ဂလိပ် စကားပြော)

၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်

မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန်းတော်၊ သံသုမာလမ်း 09 798 44 33 20


## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပဲနွယ်ကုန်းမြို့၊ အလက(ခွဲ)တတ်သင်ကျောင်း အဌမတန်းမှ မောင်စိုးထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၅/ကဘလ(နိုင်)၁၄၀၇၈၉ ဖြစ်ပါသည်။

## အိမ်ရောင်းမည်

၃၂ပေ×၅၀ပေ
ခြံဝိုင်းပါ တစ်ထပ်တိုက်
သိန်း ၁၃၀၀
အကျိုးဆောင်ခ -၂%
**ဖုန်း-၀၉-၅၅၀၆၁၇၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/9745 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အမည်ပြောင်း

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ ဦးဆန်းထွန်းဦး ၁၂/မဂဒ(နိုင်)၀၄၄၂၀၆ ၏သား အထက(၃) စတုတ္ထတန်း (A) မှ မောင်ဉာဏ်လင်းထက်အား စွမ်းစစ်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။


# ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် မြောက်ပိုင်း၊ ရွှေပြည်သာမြို့နယ် များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-450026077
09-510 1862


## ပျောက်ဆုံးကြောင်း

1G-4937 ဗွီးတက်နှင့် လုပ်ငန်းတြိဂံသည် ၁-၇-၂၀၁၇ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၄၄၄၆၂၂၆၀၂**


# အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်းပစ္စည်းများ ပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။

အမှတ်-၁၈၃၊ မြေယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊

09254009334,
09254009335,
09254009336


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ဟ/၈၆၀၆ ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်မင်းနောင် ၇/တငန(နိုင်)၁၄၅၂၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## တစ်ဦးတည်းဖြစ်ပါသည်

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၊ သံမိုးတောင် အ.ထ.က မှ စာရေး(၁) ဦးယုဒါ၏ သမီး နော်ကြည်ကြည်လွင် ၃/သတန(နိုင်)၀၀၆၀၃၄ နှင့် မအဒ ဘဏ္ဍားသည် တစ်ဦးတည်းဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၂၊ မြေကွက်အမှတ် ၆၁/ခ၊ မြေကွက်တည်နေရာအမှတ် ၆၁/ခ၊ သုဒဿန(၁)လမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဒေါ်မြမြ) ၁၂/သဃက(နိုင်)၀၂၀၂၂၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (မိခင်) ဒေါ်မြမြနှင့် (ဖခင်)ဦးတင်ကြည်တို့ ကွယ်လွန်သဖြင့် ဒေါ်မိမိတင် ၁၂/သဃက(နိုင်)၀၂၀၇၁၄ က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းများနှင့် ဒေါ်မြမြအမည်ပေါက် ဂရန်မူရင်း တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ၌ မြေကွက်လပ်ဖြစ်ပြီး မြေပေါ်မနေထိုင်ခြင်းနှင့် ပတ်သက်၍ ပြဿနာမရှိပါကြောင်း တာဝန်ယူပါကြောင်း ဝန်ခံကတိပြု၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား မုံရွာမြို့ ချင်းတွင်းမြစ်ရေတက်နေမှုနှင့် ရေဘေးကာကွယ်ရေးတာ ကျောက်စီမြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြစဉ် (သတင်းစဉ်)

# ချင်းတွင်းမြစ်ရေတက်နေမှုနှင့် ကျောက်စီမြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်ထားမှု ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၂**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည့် မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု အနာကြီးရောဂါဆေးရုံမှ ပြန်လည်စွန့်လွှတ်သည့်မြေများအား နံ့သာမြိုင်ကျေးရွာ မူလတောင်သူ ၃၁၈ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ ရေနံ့သာအနာကြီးရောဂါကုဆေးရုံအတွက် သိမ်းဆည်းထားသည့် မြေ ၁၉၄၆ ဒသမ ၄၀ ဧကအနက် ဆေးရုံအသုံးပြုရန် အမှန်တကယ်လိုအပ်သည့် ၆၁၇ ဒသမ ၁၁ ဧက ကို အသုံးပြုပြီး ကျန် ၁၃၂၉ ဒသမ ၂၉ ဧကကို ပြန်လည်စွန့်လွှတ်သည့်အထဲမှ

စာမျက်နှာ ၄ ကော်လံ ၁ ❖

# နှစ် (၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)တို့အား အခမဲ့ဖွင့်လှစ်ပြသမည်

**နေပြည်တော် ဇူလိုင် ၁၂**

နှစ်(၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)တို့ကို ရဟန်းရှင်လူ ပြည်သူလူထုနှင့် နိုင်ငံခြားသားများ အခမဲ့ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် (နတ်မောက်)တို့ကို ဇူလိုင် ၁၉ ရက်တွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ ဇူလိုင် ၂၀၊ ၂၁၊ ၂၂၊ ၂၃ ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)ကို ဇူလိုင် ၁၉၊ ၂၀၊ ၂၁ ရက်များတွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာ ယူ-၂၂ နှင့် မလေးရှား ယူ-၂၂ အသင်း ယနေ့ ခြေစမ်းမည်

**သတင်း- ညီမြတ်သော်တာ**

အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းတို့သည် ဇူလိုင် ၁၃ ရက်(**ယနေ့**) မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် မလေးရှားနိုင်ငံရှိ ရှာအလမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂အသင်းသည် အာရှ ယူ-၂၃ ခြေစစ်ပွဲ မတိုင်မီ ယှဉ်ပြိုင်ကစားသော်လည်း ဆီးဂိမ်းပြိုင်ပွဲအတွက်ပါ ရည်ရွယ်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းခြေစမ်းပွဲအတွက် ကစားသမား ၂၂ ဦး ရွေးချယ်သွားပြီး လူသစ်ကစားသမားအချို့လည်း လိုက်ပါသွားသည်။ မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် တစ်အုပ်စုတည်းကျရောက်နေသော်လည်း နှစ်ဖက်ဘောလုံးအဖွဲ့ချုပ်၏ သဘောတူညီမှုအရ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❄

# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆု ကရင်ပြည်နယ်မှဆွတ်ခူး

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဇူလိုင် ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကာ ဂျပန်နိုင်ငံ Manda အားဖြည့်အစားအစာကုမ္ပဏီ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပသော (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ နောက်ဆုံးနေ့ဗိုလ်လုပွဲစဉ်များကို ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ တံခွန်စိုက်ဒိုင်းဆုကို ငါးနှစ်ကျော်ကြာ အလုမ်းဝေးခဲ့သော ကရင်ပြည်နယ်က ဆွတ်ခူးရရှိသွားသည်။

ယနေ့ကျင်းပပြီးသော (၁၅) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့မှ ဝိတ်တန်းအလိုက် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ရာ ယခင်ငါးနှစ်ကျော်ကြာ ဒိုင်းဆုနှင့် အလှမ်းဝေးကွာခဲ့သော ကရင်ပြည်နယ်မှ ရွှေ ၁၂ ခု၊ ငွေ ခြောက်ခု၊ ကြေးငါးခုဖြင့် ပထမရရှိကာ တံခွန်စိုက်ဒိုင်းဆုကို ပိုင်ဆိုင်ခွင့်ရရှိသွားပြီဖြစ်သည်။ ကရင်ပြည်နယ်သည် ၂၀၁၁ ခုနှစ် မတိုင်မီက တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် ၁၀ စုနှစ်တစ်ခုအထိ နှစ်စဉ်ဒိုင်းဆုကို ဆွတ်ခူးခဲ့ပြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲ အောင်မြင်မှုသမိုင်းလမ်းကြောင်း တစ်ခုပေါ်၌ ထိပ်ဆုံးမှ ရပ်တည်ခဲ့သော ပြည်နယ်တစ်ခုဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ❁



တံခွန်စိုက်ဒိုင်းဆုဆွတ်ခူးရရှိသွားသော ကရင်ပြည်နယ်အသင်း ဆုယူအပြီး တွေ့ရစဉ်

